# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသောပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ - ၁၁၃)


၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက် ၂၀၁၇ ခုနှစ်၊ ဇွန် ၂၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၆)၊ အမှတ်(၂၆၂)


## တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဂျာမနီနိုင်ငံသံအမတ်ကြီးအား ဒုတိယသမ္မတ ဦးမြင့်ဆွေ လက်ခံတွေ့ဆုံ


စာမျက်နှာ - ၃




# ဘူးသီးတောင်-မောင်တောဒေသ၌ အကြမ်းဖက်သင်တန်းနေရာများ တွေ့ရှိ

ဇွန် ၂၁၊ ၂၀၁၇

**ဘူးသီးတောင်-မောင်တောဒေသ မေယုတောင်ကြောပေါ်၌ အကြမ်းဖက်သင်တန်းများ ဆောင်ရွက်နေသည့် နေရာများရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇွန် ၂၀ ရက်က သွားရောက်၍ နယ်မြေရှင်းလင်းစဉ် လိုဏ်ခေါင်းတစ်ခု၊ သေနတ်များ၊ လူနေတဲ / ဂိုဒေါင်များ၊ စားနပ်ရိက္ခာများနှင့်အသုံးအဆောင်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပြီး ဓားဖြင့် ရန်ပြုသူတစ်ဦးအား အသေဖမ်းဆီးရမိခဲ့သည်။**



ဖောက်လုပ်ထားသော လူလုပ်လိုဏ်ခေါင်း



နေထိုင်သော တဲအိမ်များ



သိုလှောင်ထားသော စားဆီပုံးများနှင့် ပဲအိတ်များ

ရခိုင်ပြည်နယ် ဘူးသီးတောင်-မောင်တောဒေသ မေယုတောင်ကြောပေါ်တွင် ကျေးရွာသားများအား ခေါ်ယူကာ ညအချိန်တွင် အကြမ်းဖက်သင်တန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဇွန် ၂၀ ရက် နံနက်ပိုင်းကသိရ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ သွားရောက်ရှင်းလင်းရာ မသင်္ကာသည့် လူသွားလမ်းကြောင်းများကို တွေ့ရှိသဖြင့် ၎င်းပတ်ဝန်းကျင်တစ်ဝိုက်အား ရှင်းလင်းရာ တစ်ပေခန့်ရှိ ဒေသန္တရလုပ်သေနတ်နှစ်လက်၊ ၉ မမကျည် တစ်တောင့်၊ အလျား ပေ ၂၀၊ အနံ ၁၀ ပေခန့်ရှိ တဲတစ်လုံး၊ အလျား ပေ ၄၀၊ အနံ ၁၀ ပေရှိ တဲတစ်လုံး၊ အလျား ပေ ၄၀၊ အနံ ပေ ၃၀ ရှိ တဲတစ်လုံး၊ အလျားပေ ၂၀၊ အနံ ၁၀ ပေ တဲတစ်လုံး စုစုပေါင်း လူနေတဲငါးလုံး၊ ယမ်းပျော့ (အညိုရောင်) ၅၀ ကျပ်သား တစ်ထုပ်၊ ယမ်းမှုန့်အနက်ရောင် တစ်ပိဿာခန့် တစ်ထုပ်၊ ဆန် ငါးအိတ်၊ ကြက်သွန်နီတစ်အိတ်၊ အာလူးတစ်ပိဿာ၊ သစ်သားသေနတ်အချောင်း ၂၀၊ ပေါက်ပြားငါးချောင်း၊ ဂေါ်ပြားငါးချောင်း၊ ပေါက်ချွန်းသုံးချောင်း၊ အဝါရောင်ဝိုင်ယာကြိုးနှစ်ခွေ(ပေ ၄၀၀ ခန့်)၊ နှစ်ပင်လိမ်ဝိုင်ယာကြိုးနှစ်ခွေ (ပေ ၂၀ ခန့်)၊ Bushnell တံဆိပ်ပါ မှန်ပြောင်းတစ်လက်၊ ဂွမ်းစောင်


စာမျက်နှာ ၅ ကော်လံ ၁ ❇


**မောင်တောဒေသတွင် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ စိတ်အေးချမ်းသာစွာ လုပ်ကိုင်သွားလာနေထိုင် စားသောက်နိုင်ရေးအတွက် နိုင်ငံတော်မှ စီမံဆောင်ရွက်နေမှုများကို မျက်ကွယ်ပြုလျက် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရန် ကိုသာ ဦးတည်ရည်ရွယ်၍ လျှို့ဝှက်ကြံစည်ဆောင်ရွက်နေမှုများကို တွေ့ရှိရ**


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# မိုးလေဝသအချက်အလက်တို့နှင့် သဘာဝဘေးအန္တရာယ်

မိုးခေါင်ခြင်း၊ မိုးကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း စသော ရာသီဥတုဖောက်လွဲဖောက်ပြန်ဖြစ်ရပ်များသည် လူသားတို့၏ဘဝကို အခြေအမြစ်မှ ကိုင်လှုပ်နိုင်သော သဘာဝဖြစ်ရပ်ဆိုးများဖြစ်ပါသည်။ ဤကဲ့သို့သော ရာသီဥတုဖောက်ပြန်မှုများကို ဟန့်တား၍မရသော်လည်း ရာသီဥတုဖောက်ပြန်မှု လျော့ပါးစေသည့် လုပ်ငန်းစဉ်များကိုမူ ဆောင်ရွက်နိုင်ပါသည်။ အရေးကြီးသည်မှာ ရာသီဥတုဖောက်ပြန်မှုကြောင့် သဘာဝဘေးအန္တရာယ်တို့ကို ရင်ဆိုင်ရပါက ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းရှိရေး ဖြစ်ပါသည်။ ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းကို ဖန်တီးရယူရာ၌ မိုးလေဝသအချက်အလက်တို့ကို ကျယ်ပြန့်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့် စုစည်းရယူရေးသည် အရေးကြီးသော အခြေခံလိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။

အဆိုပါ အခြေခံလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် လူထုအစိုးရသစ်သည် ၂၀၁၈ ခုနှစ်တွင် မန္တလေးမြို့၌ မိုးလေဝသရေဒါသစ်တစ်ခု ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ဤမိုးလေဝသရေဒါသစ်ကို မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်အနီး၌ တပ်ဆင်သွားမည်ဟု သိရှိရပါသည်။ ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးပြီဖြစ်၍ မိုးလေဝသရေဒါသစ်အတွက် လိုအပ်သောစက်ပစ္စည်းကိရိယာတို့ကို တပ်ဆင်နေပြီ ဖြစ်ပါသည်။ စွမ်းဆောင်နိုင်စွမ်းကိုကြည့်ပါက မိုးလေဝသရေဒါသစ်သည် ကီလိုမီတာ ၁၀၀ ပတ်လည်ကို တိုင်းတာနိုင်မည်ဖြစ်သောကြောင့် မန္တလေးတိုင်းဒေသကြီးတစ်ခုလုံးအား လွှမ်းခြုံနိုင်မည်ဖြစ်ပါသည်။

အဆိုပါ မိုးလေဝသရေဒါသစ်၏ စွမ်းပကားကြောင့် မန္တလေးတိုင်းဒေသကြီးတစ်ခုလုံး၏ မိုးလေဝသအချက်အလက်တို့ကို ပြည့်ပြည့်စုံစုံ ရယူမှတ်တမ်းတင်နိုင်မည်ဖြစ်ပါသည်။ မိုးလေဝသအချက်အလက်တို့ ပြည့်စုံသည်နှင့်အမျှ အနာဂတ်တွင် ဖြစ်လာနိုင်ဖွယ်ရှိသော မိုးလေဝသအခြေအနေတို့ကို နီးနီးစပ်စပ် မှန်းဆနိုင်မည်ဖြစ်ပါသည်။ ဤသို့ နီးနီးစပ်စပ် မှန်းဆနိုင်စွမ်းရှိသည့်အတွက် ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်တို့အတွက် ကြိုတင်ပြင်ဆင်သည့် ကိစ္စရပ်များကို ကြိုတင်ပြင်ဆင်နိုင်မည်ဖြစ်ပါသည်။ အကျိုးဆက်အနေဖြင့် နိုင်ငံတော်ယန္တရားများအပါအဝင် ပြည်သူလူထု၏ မလိုလားအပ်သောဆုံးရှုံးမှုတို့ကို လျော့ပါးသက်သာစေမည်ဖြစ်ပါသည်။ ထိုမျှသာမက အခိုင်အမာစုစည်းရရှိလာသော မိုးလေဝသအချက်အလက်တို့သည် ရာသီဥတု၏ ပြောင်းလဲနေသောအနေအထားကို ညွှန်ပြနေသည်ဖြစ်၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍအပါအဝင် တိုင်းပြည်၏စီးပွားရေးစီမံကိန်းတို့အတွက် မှန်ကန်သောဆုံးဖြတ်ချက်ချမှတ်နိုင်ရန် ပံ့ပိုးပေးသွားနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်၏ မိုးလေဝသဆိုင်ရာ ကြိုတင်ပြင်ဆင်လုပ်ကိုင်မှုများကိုကြည့်ပါက ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းများတိုက်ခိုက်မှုကို ကြိုတင်သိရှိနိုင်ရန် မိုးလေဝသရေဒါသုံးလုံးနှင့် အလိုအလျောက် မိုးလေဝသတိုင်းတာရေးကိရိယာ အလုံး ၃၀ တို့ကို နိုင်ငံ၏ဒေသအနှံ့အပြား၌ တပ်ဆင်ခဲ့သည်ကို တွေ့ရှိရပါသည်။ ပြည်သူလူထု၏ နေ့စဉ်ဘဝနှင့် တိုင်းပြည်၏ရာသီဥတုသည် တစ်သားတည်း ဆက်စပ်နေသောကြောင့် နိုင်ငံတော်အစိုးရ၏ မိုးလေဝသအချက်အလက်တို့ ပိုမိုစုစည်းရယူရေးကြိုးပမ်းမှုတို့ကို ကြိုဆိုထောက်ခံကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## ငါးဖမ်းလုပ်ငန်းတွင်လူကုန်ကူးမှုမဖြစ်ပွားစေရေးဆောင်ရွက်

**ရေး ဇွန် ၂၁**

ရေးမြို့နယ်အတွင်း ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းနေရာတွင် လူကုန်ကူးမှုဖြစ်ပွားမှု မရှိစေရန် မော်လမြိုင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (၉) မှ ရဲအရာရှိများက မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၌ ဇွန်လ တတိယပတ်က အသိပညာပေးဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် မော်လမြိုင်ရုံးခွဲ (ယူနီဆက်) မှ ဒေါ်မေဇံကျော်နှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် ရေလုပ်ငန်းရှင်၊ ရေလုပ်သားများနှင့် ရေလုပ်သားရှာဖွေလုပ်ကိုင်သူများ တက်ရောက်ဆွေးနွေးခဲ့ရာ ပင်လယ်ငါးဖမ်းလုပ်ငန်းခွင်၌ အလုပ်ရှင်နှင့် ရေလုပ်သားများ လက်ရှိတွေ့ကြုံနေရသောအခြေအနေများနှင့် ရေလုပ်သားများ၏ ရသင့်ရထိုက်အကျိုးခံစားခွင့်များကို ဆွေးနွေးကြပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ် ကျော်သူလွင်က ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားမှုကို ပြောကြားခဲ့ကြောင်း သိရသည်။

**နေမျိုးထွဋ် (ရေး)**

# ယာယီတိုက်ပွဲရှောင်များအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်ရေး ဆွေးနွေး



**မြစ်ကြီးနား ဇွန် ၂၁**

နေရပ်စွန့်ခွာ တိမ်းရှောင်လာသော ယာယီတိုက်ပွဲရှောင်စခန်းနေ ပြည်သူများအတွက် လူထုအခြေပြုလူမှုအဖွဲ့အစည်းများ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးအလုပ်ရုံဆွေးနွေးပွဲကို မြစ်ကြီးနားမြို့ မြေမြင့်ရပ်ကွက် Wun Tawp Matel ခန်းမ၌ ဇွန် ၂၀ ရက်က ကျင်းပခဲ့သည်။

"တိုက်ပွဲကြောင့် တိမ်းရှောင်လာတဲ့ ပြည်သူတွေကို နိုင်ငံတော်အစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်း၊ လူမှုရေးအဖွဲ့အစည်းတွေ ထောက်ပံ့ပေးအပ်လာတာ ခြောက်နှစ်ကျော် ကြာခဲ့ပြီဖြစ်တဲ့အတွက် ရှေ့ဆက်ပြီးဘယ်လို ကူညီထောက်ပံ့ပေးမယ်ဆိုတာ အဖြေရှာဖို့အတွက် အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်တာဖြစ်ပါတယ်"ဟု ပြည်နယ်လူမှုဝန်ထမ်း ဦးစီးဌာနမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်စိုးက ပြောသည်။

အစိုးရသစ်တက်လာပြီးနောက်ပိုင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကချင်ပြည်နယ်သို့ လာရောက်စဉ် ယာယီတိုက်ပွဲရှောင်စခန်းသို့ သွားရောက်၍ ယာယီတိုက်ပွဲရှောင် စခန်းနေပြည်သူများအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းနည်းပညာများ ပံ့ပိုးပေးနိုင်ရန်အတွက် ငွေကျပ်သိန်း ၃၀၀၀ ချပေးခဲ့ပြီး သင်တန်းများ၊ နည်းပညာများ ဖွင့်လှစ် ပံ့ပိုးပေးလျက်ရှိကြောင်း ၎င်းကပြောသည်။

ထို့နောက် တိုက်ပွဲရှောင်စခန်း တာဝန်ခံများက အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများ လိုအပ်ချက်ကိုတင်ပြခဲ့ကြပြီး တက်ရောက်လာသော အဖွဲ့အစည်းများက ကူညီထောက်ပံ့ ဆောင်ရွက်ပေးနိုင်သည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး လိုအပ်သည့် တင်ပြချက်အချို့ကို ပြုစုကာ ပြည်နယ်ဝန်ကြီးချုပ်ထံ တင်ပြပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"ယာယီတိုက်ပွဲရှောင်စခန်း ပြည်သူတွေအနေနဲ့ကတော့ အတည်တကျနေထိုင်နိုင်ဖို့အတွက် နေရာတစ်ခုလိုအပ်တယ်။ အတည်တကျမရှိရင် စီးပွားရေးလုပ်ကိုင်နေလည်း ဘာမှထူးလာမှာ မဟုတ်ဘူး။ အဓိက တောင်းဆိုချင်တာက မြေနေရာရရှိရေးကို ကူညီဆောင်ရွက်ပေးစေချင်ပါတယ်" ဟု သဂရက်သရက်တောစခန်းတာဝန်ခံ ဦးသိန်းစိုးက ပြောသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အစိုးရအဖွဲ့ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်အသင်းများ၊ တိုက်ပွဲရှောင်စခန်းတာဝန်ခံများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# မြန်မာ-ထိုင်း နှစ်နိုင်ငံ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဆွေးနွေး



**မြဝတီ ဇွန် ၂၁**

ပဉ္စမအကြိမ်မြောက် မြန်မာ - ထိုင်း နှစ်နိုင်ငံလူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာနယ်စပ်ဆက်ဆံရေး(BCATIP) ရုံးအစည်းအဝေးကို ဇွန် ၂၀ ရက်က မြဝတီမြို့နယ် CITY HOME RESTAURANT အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ မြဝတီ(BCATIP)အဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်ထွန်းနှင့် ထိုင်းနိုင်ငံ မဲဆောက် (BCATIP) အဖွဲ့ဥက္ကဋ္ဌ Mr.Thanu Tikaew တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ စတုတ္ထအကြိမ် (BCATIP) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုကို လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဇော်နှင့် ထိုင်းကိုယ်စားလှယ်တစ်ဦးက ပြန်လည်ရှင်းလင်းတင်ပြကြပြီး မြန်မာ-ထိုင်းနှစ်နိုင်ငံ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၂၁-၆-၂၀၁၇

**ရွှေစျေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၈၅၀၀ |

**စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၅/၆၉၀ ကျပ် | (လက်လီစျေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၉၀ ကျပ် | (လက်လီစျေး) |
| အောက်တိန်း ၉၅ | ၇၁၅/၇၄၀ ကျပ် | (လက်လီစျေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၇၁၀ ကျပ် | (လက်လီစျေး) |

**နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၅ | ・၀ |
| ဥရောပ | တစ်ယူရို | ၁၅၁၈ | ・၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၃ | ・၃၉ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ・၁၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ・၁၅ |
| တရုတ် | တစ်ယွမ် | ၁၉၉ | ・၈၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ | ・၆၆ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းမှူးများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဂျာမနီနိုင်ငံသံအမတ်ကြီးအား ဒုတိယသမ္မတ ဦးမြင့်ဆွေ လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၁**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သံအမတ်ကြီး Mr. Christian- Lutwig Weber- Lortsch အား ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ - ဂျာမနီ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သံအမတ်ကြီး Mr. Christian- Lutwig Weber- Lortsch အား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

# တရားရုံးနှစ်စဉ်အစီရင်ခံစာထုတ်ပြန်ခြင်းသည် တရားစီရင်ရေးအပေါ် ပြည်သူတို့၏ယုံကြည်မှုနှင့် တရားရုံး၏တာဝန်ခံမှုအတွက် အရေးကြီးသည့်ဆောင်ရွက်မှုဖြစ်

နေပြည်တော် ဇွန် ၂၁

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၆ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ စာအုပ်မိတ်ဆက်ရှင်းလင်းပွဲနှင့် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) ရေးဆွဲရေးအတွက် မြန်မာတရားမျှတမှုကဏ္ဍမှ သက်ဆိုင်သူများနှင့် ဆွေးနွေးပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော် Royal ACE ဟိုတယ်တွင် ကျင်းပသည်။** (အောက်ပုံ)

အခမ်းအနားတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက မြန်မာနိုင်ငံ၏ တရားစီရင်ရေးကဏ္ဍအတွက် ပထမဆုံးသော တရားရုံးနှစ်စဉ်အစီရင်ခံစာကို ထုတ်ပြန်နိုင်ပြီဖြစ်ကြောင်း၊ အစီရင်ခံစာတွင် တရားရုံးများ၏ တိကျသည့် ကိန်းဂဏန်းအချက်အလက်များ၊ ဆောင်ရွက်ချက်များနှင့် မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်မှုတို့ကို ဖော်ပြထားသည့်အတွက် မြန်မာတရားရုံးလုပ်ငန်းများနှင့် တရားရုံး၏ အခန်းကဏ္ဍအပေါ် ပြည်သူများ အထူးသဖြင့် တရားမျှတမှုကဏ္ဍမှ အကျိုးသက်ဆိုင်သူများနှင့် ပြည်ပအသိုင်းအဝိုင်းများကပါ ပိုမိုသိရှိနားလည်လာစေမည်ဖြစ်ကြောင်း။




တရားရုံး နှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ခြင်းသည် တရားစီရင်ရေးအပေါ် ပြည်သူတို့၏ ယုံကြည်မှုနှင့် တရားရုံး၏ ဆောင်ရွက်မှုများအပေါ် တာဝန်ခံမှုတို့အတွက် အရေးကြီးသည့် ဆောင်ရွက်မှုဖြစ်၍ စံချိန်စံညွှန်းများနှင့်အညီ ပိုမိုပြည့်စုံကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ယခုနှစ်သည် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇)၏ တတိယနှစ်ဖြစ်၍ ရည်မှန်းချက်များပြည့်မီစေရေး ဆောင်ရွက်နေသည့်နည်းတူ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) ရေးဆွဲနိုင်ရေးအတွက်လည်း ပြင်ဆင်နေကြောင်း။

တရားစီရင်ရေးသည် တရားမျှတမှုကဏ္ဍတွင်ပါဝင်၍ တရားဥပဒေစိုးမိုးရေး၏ အစိတ်အပိုင်းဖြစ်ကြောင်း၊ တရားမျှတမှုကဏ္ဍမှ အကျိုးသက်ဆိုင်သူများက 'တရားမျှတရေး အတူတကွမြှင့်တင်ပေး' (Advancing Justice Together) ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အသစ်ရေးဆွဲမည့် မဟာဗျူဟာစီမံကိန်းအတွက် အားလုံးပါဝင်ဆွေးနွေးကြရန်နှင့် မြန်မာနိုင်ငံတရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် အတူတကွ ပါဝင်ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ၂၀၁၆ ခုနှစ် တရားရုံးနှစ်စဉ် အစီရင်ခံစာ စာအုပ်မိတ်ဆက်ရှင်းလင်းပွဲနှင့် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) ရေးဆွဲရေးအတွက် မြန်မာတရားမျှတမှုကဏ္ဍမှ သက်ဆိုင်သူများနှင့် ဆွေးနွေးပွဲတို့ကို ဆက်လက်ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ ဆန်းစစ်လေ့လာသုံးသပ်ရေးကော်မရှင်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီတို့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာသံရုံးများမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အစိုးရဌာနများနှင့် လူမှုအဖွဲ့အစည်းများမှ တရားမျှတမှုကဏ္ဍနှင့် သက်ဆိုင်သူများ တက်ရောက်ကြသည်။

အခမ်းအနား တက်ရောက်သူများသို့ ၂၀၁၆ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ စာအုပ်များ ဖြန့်ဝေခဲ့ကြောင်း၊ အဆိုပါ အစီရင်ခံစာကို facebook: ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ပြည်သူ့ဆက်ဆံရေးဌာနခွဲနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ website: http://www.unionsupe-tmecourt.gov.mm တို့တွင် ရယူနိုင်ကြောင်းနှင့် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) အတွက် အကြံပြုချက်များကို ၂၀၁၇ ခုနှစ် ဩဂုတ် ၁၅ ရက်အထိ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂ ခုနှစ်) ရေးဆွဲရေးလုပ်ငန်းအဖွဲ့၏ email;ousc.planningteam@gmail.com သို့ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကိုအခြေခံ၍ လုပ်သားအင်အားအကြောင်းအရာ အသေးစိတ်သုတေသနစာတမ်းထုတ်ပြန်

**နေပြည်တော် ဇွန် ၂၁**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနသည် ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များကို အခြေခံ၍ လုပ်သားအင်အားအကြောင်းအရာ အသေးစိတ်သုတေသနစာတမ်းကို ယနေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ယခုထုတ်ပြန်သည့် လုပ်သားအင်အားအကြောင်းအရာ အသေးစိတ်သုတေသနစာတမ်းတွင် လုပ်သားအင်အားပါဝင်မှု၊ လုပ်သားဈေးကွက်အခြေအနေနှင့် အလုပ်လက်မဲ့အခြေအနေ စသည့်အကြောင်းအရာများကို အသေးစိတ်လေ့လာဆန်းစစ်ရေးသားထားသည်။ သန်းခေါင်စာရင်းရလဒ်များအရ မြန်မာနိုင်ငံ၏ လုပ်သားအင်အားစုတွင် လူငယ်လူရွယ်များစွာ ပါဝင်နေပြီး အမျိုးသမီးများထက် အမျိုးသားများပါဝင်မှု ပိုမိုကြောင်း တွေ့ရှိရပြီး အသက် (၁၅)နှစ်မှ (၆၄)နှစ်ကြားအုပ်စုတွင် အမျိုးသားလုပ်သားအင်အားပါဝင်နှုန်း ၈၆ ရာခိုင်နှုန်းရှိ၍ အမျိုးသမီးလုပ်သားအင်အားပါဝင်နှုန်းသည် ၅၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

သန်းခေါင်စာရင်းအချက်အလက်များအရ မြန်မာနိုင်ငံတွင် အလုပ်လုပ်သော ကလေးများပြားလျက်ရှိပြီး သန်းခေါင်စာရင်းကောက်ယူချိန်တွင် အသက်(၁၀-၁၄)အုပ်စုရှိ ကလေး ငါးသိန်းကျော်သည် အလုပ်လုပ်ကိုင်နေ၍ ကလေး ၇၇၀၀၀ သည် အလုပ်ရှာဖွေနေကြသူများ ဖြစ်ကြသည်။ အလုပ်လုပ်နေရသည့် ကလေးများ၏ ကျောင်းတက်ရောက်မှုမှာ နိမ့်ကျလျက်ရှိပြီး (၁၀)နှစ်အရွယ် အလုပ်လုပ်နေရသည့် ကလေး ၈၂ ရာခိုင်နှုန်းနှင့် (၁၂)နှစ်အရွယ် အလုပ်လုပ်နေရသည့် ကလေး ၉၁ ရာခိုင်နှုန်းသည် လုံးဝကျောင်းမနေဖူးသူများဖြစ်ကြသည်။

မြန်မာပြည်သူအများစုသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံ၍ မှီခိုလုပ်ကိုင်နေရပြီး လုပ်သားအင်အားစုတွင် ပါဝင်သူ ၄၀ ရာခိုင်နှုန်းကျော်သည် လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း ကျွမ်းကျင်လုပ်သားများဖြစ်ကြပြီး အဆိုပါ လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း (Primary Sector) ကဏ္ဍတွင် လုပ်ကိုင်သူအများစုသည် ဆင်းရဲသူများဖြစ်ပြီး (၄) ရာခိုင်နှုန်းခန့်သာ ကြွယ်ဝချမ်းသာသည့် အိမ်ထောင်စုများတွင် ပါဝင်ကြသည်။

အခြားနိုင်ငံများကဲ့သို့ မြန်မာနိုင်ငံ၏ အလုပ်လက်မဲ့ အခြေအနေသည် လူငယ်လူရွယ်အုပ်စုတွင် အမြင့်မားဆုံးဖြစ်ပြီး အသက်(၂၀-၂၄)အုပ်စုတွင် မြို့ပြလူဦးရေ (၁၀)ရာခိုင်နှုန်းကျော်နှင့် ကျေးလက်လူဦးရေ (၈)ရာခိုင်နှုန်းတို့သည် အလုပ်လက်မဲ့များဖြစ်ကြသည်။ တိုင်းဒေသကြီး/ပြည်နယ်များအကြား အလုပ်လက်မဲ့နှုန်း ကွာခြားချက်မြင့်မားနေပြီး ရခိုင်ပြည်နယ်တွင် ၁၀ ဦးလျှင် တစ်ဦးနှုန်းဖြင့် အလုပ်လက်မဲ့နှုန်း အမြင့်ဆုံးဖြစ်ပြီး ရှမ်းပြည်နယ်တွင် လူ ၅၀ လျှင် တစ်ဦးနှုန်းဖြင့် အနိမ့်ဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံ၏ လုပ်သားဈေးကွက်အခြေအနေသည် လာမည့်နှစ်များတွင် ဖွံ့ဖြိုးတိုးတက်လာသည့် လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးရှုထောင့် စသည့်အခြေအနေများကြောင့် သိသာထင်ရှားစွာ ပြောင်းလဲလာမည်ဖြစ်ရာ ဤအစီရင်ခံစာတွင် ပြုစုတင်ပြထားသည့် သတင်းအချက်အလက်များနှင့် အကြံပြုချက်များသည် မူဝါဒရေးဆွဲသူများနှင့် မြန်မာနိုင်ငံ၏ နေထိုင်မှု ဘဝအခြေအနေများ တိုးတက်ကောင်းမွန်လာစေရန် ဦးတည်သည့် စီမံကိန်းရေးဆွဲမှုများအတွက် အထောက်အပံ့ဖြစ်နိုင်မည်ဖြစ်သည်။

ပြည်သူ့အင်အားဦးစီးဌာနမှ ထုတ်ပြန်ပြီးဖြစ်သည့် ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပင်မအစီရင်ခံစာ၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အစီရင်ခံစာများ၊ အလုပ်အကိုင်နှင့် လုပ်ငန်းအစီရင်ခံစာ၊ ကိုးကွယ်သည့်ဘာသာအစီရင်ခံစာနှင့် အသေးစိတ် သုတေသနစာတမ်းများဖြစ်သော မွေးဖွားခြင်းနှင့် လက်ထပ်ထိမ်းမြားခြင်း၊ သေဆုံးခြင်း၊ သားဖွားမိခင်သေဆုံးခြင်း၊ လူဦးရေပြောင်းလဲခြင်း၊ ရွှေ့ပြောင်းသွားလာခြင်းနှင့် မြို့ပြထွန်းကားလာခြင်း၊ လူဦးရေခန့်မှန်းခြင်းနှင့် ယခုထုတ်ပြန်လိုက်သည့် လုပ်သားအင်အား အကြောင်းအရာ အသေးစိတ်သုတေသနစာတမ်းများအား ပြည်သူ့အင်အားဦးစီးဌာနဝက်ဘ်ဆိုက် **www.dop.gov.mm** တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဇွန် ၂၁** မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **(မိုး/ဇလ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးက ဂုဏ်ပြုကြိုဆို


တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားကာကွယ်ရေးဝန်ကြီးက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုစဉ်

**နေပြည်တော် ဇွန် ၂၁**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး Army General Sergey K. Shoigu ၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဇွန် ၂၀ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ရုရှားကာကွယ်ရေးဝန်ကြီးက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရုရှားကာကွယ်ရေးဝန်ကြီးတို့သည် ကာကွယ်ရေးဝန်ကြီးဌာနရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ စစ်ဘက်ဆိုင်ရာ ဆေးပညာသင်တန်းများ စေလွှတ်ရေး၊ စစ်ဘက်အားကစားပြိုင်ပွဲများ စေလွှတ်ယှဉ်ပြိုင်ရေး၊ အာဆီယံအပေါင်းရုရှား ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံတပ်မတော် ရေတပ်စစ်ရေယာဉ်များ အပြန်အလှန်ဆိုက်ကပ်ရေး၊ နှစ်နိုင်ငံ အဆင့်မြင့်အရာရှိကြီးများ အပြန်အလှန်လည်ပတ်ရေးနှင့် ပညာတော်သင်အရာရှိ သင်တန်းသားများ တိုးချဲ့စေလွှတ်ရေးတို့ကို ဆွေးနွေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့အား ရုရှားကာကွယ်ရေးဝန်ကြီးက မော်စကိုမြစ်အတွင်း သင်္ဘောပေါ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီကလည်း Alexander ပန်းခြံရှိ မငြိမ်းသော မီးတောက်ထားရှိသည့် အညတရစစ်သည်ဗိမာန်သို့သွားရောက်၍ ပန်းခွေချ အလေးပြုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပျက်ကျ Y-8 လေယာဉ်၏ ကိုယ်ထည်အစိတ်အပိုင်းများ ထပ်မံဆယ်ယူရရှိ

**နေပြည်တော် ဇွန် ၂၁**

တပ်မတော်(ရေ)မှ ဆိုနာစနစ်ဖြင့် ဖမ်းယူရရှိသည့် ပုံရိပ်များအပေါ် မူတည်၍ ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေရာ လေယာဉ်အမြီးပိုင်း တွေ့ရှိခဲ့သည့်နေရာ အနီးတစ်ဝိုက်၌ ဒေသခံငါးဖမ်းစက်လှေများက ဇွန် ၂၀ ရက်တွင် လေယာဉ်ကိုယ်ထည် အလူမီနီယံအစိတ်အပိုင်း သုံးခုကို ဆယ်ယူရရှိခဲ့ပြီး ယနေ့ နံနက်ပိုင်းတွင်လည်း လေယာဉ်ကိုယ်ထည် အလူမီနီယံအစိတ်အပိုင်း ခြောက်ခုကို ထပ်မံဆယ်ယူရရှိခဲ့သည်။

ကျန်ရှိနေသည့် လေယာဉ်ကိုယ်ထည်အစိတ်အပိုင်းများ ရရှိရေးအတွက် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များ၊ ကျွမ်းကျင်ရေငုပ်စစ်သည်များနှင့် ဒေသခံ ငါးဖမ်းစက်လှေများ ပူးပေါင်း၍ ရှာဖွေရေးလုပ်ငန်းများ ဆောင် ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ပင်လယ်ပြင်အတွင်း ရာသီဥတုအခြေအနေ ဆိုးရွားလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


ဆယ်ယူရရှိသည့် လေယာဉ်အစိတ်အပိုင်းများကို တွေ့ရစဉ်



## Y-8 လေယာဉ်ပျက်ကျရာတွင် ပါဝင်သွားသူများအတွက် ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဇွန် ၂၁**

ပျက်ကျခဲ့သော တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်တွင် ပါဝင်သွားခဲ့သည့် အရာရှိ/စစ်သည်၊ မိသားစုများနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၃၀ ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းက လက်ခံသည်။

အလားတူ ပျက်ကျခဲ့သောလေယာဉ်တွင် ပါဝင်သွားသူများအတွက် ထောက်ပံ့ငွေကျပ် သိန်း ၂၀ ကို မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသက်လွင်တိုးက လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ရိုးရာလက်ဝှေ့ အဆင့်မြင့်နည်းပြမွမ်းမံသင်တန်းနှင့် နည်းပြသင်တန်းဖွင့်မည်

**ရန်ကုန် ဇွန် ၂၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး မြန်မာ့ရိုးရာလက်ဝှေ့နည်းစနစ်ပိုင်းဆိုင်ရာ မြင့်မားရေးအတွက် ဝါရင့်နည်းပြဆရာကြီးများနှင့် မြန်မာနိုင်ငံရိုးရာလက်ဝှေ့ ဂန္ထဝင်မြောက်နည်းပြဆရာကြီးများက ယခုလာမည့်ဩဂုတ်လတွင် နည်းပြတစ်ဦး ရှိသင့် ရှိထိုက်သော အရည်အချင်းများနှင့် နည်းစနစ်ပိုင်းဆိုင်ရာ လေ့ကျင့်ပေးမှု သဘောတရားများကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ သိရသည်။

"ခုနောက်ပိုင်း မြန်မာ့ရိုးရာလက်ဝှေ့မှာ လက်ရှိ ပြည်တွင်း ထိပ်တန်းရိုးရာလက်ဝှေ့ကလပ်တွေမှာရှိတဲ့ ကစားသမားတွေတောင် စင်ပေါ်ရောက်လို့ တစ်ဖက်ကစားသမားနဲ့ ယှဉ်ပြိုင်ထိုးသတ်တဲ့အခါ နည်းစနစ်ပိုင်းဆိုင်ရာ အားနည်းလာတာတွေ့ရတယ်။ ဒါကြောင့် ရိုးရာလက်ဝှေ့အဖွဲ့ချုပ်အနေနဲ့ ကြီးမှူးပြီး နည်းစနစ်ပိုင်းဆိုင်ရာ မြင့်မားဖို့အတွက် အခုလို အဆင့်မြင့်နည်းပြမွမ်းမံသင်တန်းတွေကိုဖွင့်လှစ်ပေးဖို့ စီစဉ်တာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသိန်းအောင်က ပြောသည်။

ဝန်ကြီးဌာနနှင့် အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်မည့် အဆင့်မြင့်နည်းပြသင်တန်းတွင် မြန်မာပြည်ချန်ပီယံဖြစ်ဖူးသူ၊ ရွှေခါးပတ်ချန်ပီယံဖြစ်ဖူးသူ၊ ဒင်္ဂုံရွှေအောင်လံဆုရရှိပြီးသူ၊ ယခုလက်ရှိ မြန်မာ့လက်ရွေးစင်အဆင့်နှင့် မြန်မာပြည်ကိုယ်စားပြု နိုင်ငံတကာပြိုင်ပွဲများတွင် ထိုးသတ်နေသော ကလပ်များမှ နည်းပြများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းဖွင့်လှစ်သော သင်တန်းဖြစ်ခြင်းကြောင့် သင်တန်းကာလတစ်လျှောက် ၈၅ ရာခိုင်နှုန်းနှင့်အထက် တက်ရောက်နိုင်သူ၊ သင်တန်းအတွင်း ဝန်ကြီးဌာနမှ အရိုး၊ အကြော၊ ဦးနှောက်ဆိုင်ရာနှင့် အခြားအားကစားသိပ္ပံဆိုင်ရာ ဆွေးနွေးဟောပြောပို့ချသော အခြေခံပညာများကို လိုက်နာနိုင်သူ၊ ဆရာကြီးများက သင်ကြားပို့ချသော အခြေခံနည်းပညာနှင့် အဆင့်မြင့်ပညာများကို လေ့လာပြီး နည်းပြအဖြစ် သင်ပြနိုင်သော အရည်အချင်းရှိသူ၊ လက်တွေ့ဘာသာရပ်နှင့် စာတွေ့မေးခွန်းများတွင် အမှား/အမှန် ခြစ်ရသော မေးခွန်းများကိုဖြေဆိုနိုင်ရမည်။ အဖွဲ့ချုပ်က တာဝန်ပေးအပ်သော အဖွဲ့ချုပ်နည်းပြအဖြစ်သော်လည်းကောင်း၊ ပြည်ပနိုင်ငံခြားကလပ်များတွင် ကလပ်နည်းပြအဖြစ်သော်လည်းကောင်း တာဝန်ထမ်းဆောင်နိုင်သူ၊ အသက် ၂၅ နှစ်နှင့်အထက် ဖြစ်ပြီး ၄၅ နှစ်ထက် မကြီးသူ၊ ပြည်တွင်း၌ ကျင်းပသော(ပ၊ ဒု၊ တ)တန်းပြိုင်ပွဲများတွင် ကစားဖူးသူ၊ သင်တန်းတွင် စည်းမျဉ်း၊ စည်းကမ်း လိုက်နာနိုင်သူ၊ နိုင်ငံတကာ အိုလံပစ်ကော်မတီမှ ကြီးမှူးဖွင့်လှစ်သော တိုက်ခိုက်ရေးသင်တန်းများကို တက်ရောက်နိုင်သူဖြစ်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ဖွင့်လှစ်သော နည်းပြသင်တန်းများ တက်ရောက်ပြီးသူဖြစ်ရမည်ဖြစ်ကြောင်း သိရသည်။

အလားတူ နည်းပြသင်တန်းတက်ရောက်မည့်သူများသည် ပထမတန်းငါးချီပွဲများတွင် ထိုးသတ်ဖူးသူ၊ လက်ရှိ မြန်မာ့ရိုးရာလက်ဝှေ့ကလပ်များတွင် နည်းပြဆရာ/အရန်နည်းပြတာဝန်ထမ်းဆောင်နေသူ၊ အဖွဲ့ချုပ်နည်းပြအဖြစ် တာဝန်ထမ်းဆောင်နိုင်သူ၊ ဝန်ကြီးဌာနက သီးခြားတင်ပြဆွေးနွေးသော အခြေခံပညာများကို လိုက်နိုင်သူ၊ အသက် ၂၀ အထက်နှင့် ၃၅ နှစ်အတွင်းရှိသူ၊ မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ဖွင့်လှစ်သော နည်းပြသင်တန်းမတက်ရသေးသူ စသည့်အချက်တို့နှင့် ပြည့်စုံရမည်ဖြစ်သည်။

အဆိုပါသင်တန်းများကို လာမည့်ဩဂုတ်လတွင် သုံးပတ်ကြာသင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ထောက်ကြန့်၌ အဆင့်မြင့်နည်းပြမွမ်းမံသင်တန်းနှင့် သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံခန်းမ၌ နည်းပြသင်တန်းတို့ကို ဖွင့်လှစ်ပေးသွားမည်ဖြစ်၍ အရည်အချင်းကိုက်ညီသူများ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်သို့ ဇွန် ၃၀ ရက်နောက်ဆုံးထား အမည်စာရင်းပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်**


နည်းပြတစ်ဦးက ရိုးရာလက်ဝှေ့မျိုးဆက်သစ်တစ်ဦးအား နည်းစနစ်ပိုင်းဆိုင်ရာ သင်ပြပေးနေစဉ်

❋ *ရှေ့ဖုံးမှ*

ခြောက်ထည်၊ အမျိုးသားဝတ်အင်္ကျီ ၄၅ ထည်၊ ပုဆိုး ၄၅ ထည်၊ အမျိုးသမီးဝတ်အင်္ကျီ အထည် ၂၀၊ မျက်နှာဖုံးစွပ် (အနက်) အထည် ၂၀ တို့ကို တွေ့ရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ရှင်းလင်းရာ တဲအနီး၌ အကျယ် ငါးပေ၊ အမြင့် လေးပေခွဲ၊ အရှည်ပေ ၈၀ ခန့်ရှိ လူလုပ်လိုဏ်ခေါင်းတစ်ခုအား တွေ့ရှိရပြီး ဝင်ရောက်ရှင်းလင်းရာ လိုဏ်ခေါင်းအတွင်း အသက် ၃၅ နှစ်ခန့်ရှိ အမျိုးသားတစ်ဦးက အရှည်တစ်ပေခွဲခန့်ရှိသည့် ဓားဖြင့် ထွက်ခုတ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးမှ ပြန်လည်ခုခံခဲ့သဖြင့် အဆိုပါအမျိုးသားမှာ သေဆုံးသွားကြောင်း သိရသည်။

ဇွန် ၂၁ ရက် **(ယနေ့)** ညနေ ၃ နာရီ ၁၅ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အထက်ပါလိုဏ်ခေါင်းအား ဝင်ရောက်ရှင်းလင်းရာ အနက်ရောင်မျက်နှာဖုံးစွပ်ထားသည့် အကြမ်းဖက်သမားတစ်ဦးက ပုန်းကွယ်နေရာမှ ရုတ်တရက် ထွက်လာပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဓားဖြင့်ခုတ်သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ရာ ယင်းမျက်နှာဖုံးစွပ်ထားသူအား ထိမှန်၍ နေရာ၌ပင် သေဆုံးခဲ့သည်။ ဆက်လက်ရှင်းလင်းရာ လိုဏ်ခေါင်းအဆုံးကြမ်းပြင်၌ မြေကြီးများဖုံးအုပ်၍ ပုန်းကွယ်နေသည့် မျက်နှာဖုံးစွပ်တစ်ဦး၏ ဦးခေါင်းအား လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးမှ နင်းမိခဲ့ရာ ပြန်လည်တိုက်ခိုက်ရန် ကြိုးပမ်းခဲ့သဖြင့်လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံရှင်းလင်းခဲ့ရာ နေရာ၌ပင် သေဆုံးခဲ့သည်။





**အဝတ်အထည်များနှင့် လက်နက်ပစ္စည်းများ**

အဆိုပါနေရာအား ဆက်လက်ရှင်းလင်းရာ ကုလားပဲ အိတ် ၁၀၀ ခန့်၊ ဆီ ၁၀ ပိဿာပုံး ငါးပုံး ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်၍ နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်တောဒေသတွင် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ စိတ်အေးချမ်းသာစွာ လုပ်ကိုင်သွားလာနေထိုင် စားသောက်နိုင်ရေးအတွက် နိုင်ငံတော်မှစီမံဆောင်ရွက်နေမှုများကို မျက်ကွယ်ပြုလျက် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရန်ကိုသာ ဦးတည်ရည်ရွယ်၍ လျှို့ဝှက်ကြံစည်ဆောင်ရွက်နေမှုများကို တွေ့ရှိရပါသည်။

ဖြစ်စဉ်များမှာ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက် မွန်းလွဲပိုင်းကလည်း မောင်ကြီးတောင်ကျေးရွာ၌ အကြမ်းဖက်သင်တန်းတက်ရောက်ခဲ့သူ ဂူမူရှူး (၁၉နှစ်)ပါ လေးဦးအား လုပ်သေနတ် ၁၃ လက် အပါအဝင် ဆက်စပ်ပစ္စည်းများ၊ မတ် ၇ ရက် ညနေပိုင်းက ဘူးသီးတောင်မြို့နယ် တင်းမေကျေးရွာအနီး လျှိုမြောင်အတွင်း၌ အကြမ်းဖက်သင်တန်းသား မော်လဝီအဒူလာမိန်အား ဖမ်းဆီးရမိပြီး လူနေတဲလေးလုံးနှင့် လူ့အသုံးအဆောင်ပစ္စည်းများ၊ မေ ၄ ရက် ညနေပိုင်းကလည်း ဘူးသီးတောင်မြို့နယ် သဲနီကျေးရွာအနောက်ဘက်တောစပ်၌ ပေါက်ကွဲမှုဖြစ်ပွား၍ စာကိုင်းကျေးရွာနေ နိုအာလောင် (၂၅ နှစ်)ပါ နှစ်ဦးသေဆုံးခဲ့ပြီး တောစပ်ပတ်ဝန်းကျင်မှ လက်လုပ်မိုင်းပြုလုပ်သည့် ယမ်း၊ ကန့်နှင့်ဆက်စပ်ပစ္စည်းများ၊ လူ့အသုံးအဆောင်ပစ္စည်းများ၊ မေ ၂၆ ရက် နံနက်ပိုင်းတွင် မောင်တောမြို့နယ် သာဝန်ချောင်းကျေးရွာရှိ မာမတ်ရှော်ဖီ အိမ်ခြံဝင်းအတွင်းမှ အရှည်တစ်ပေခွဲခန့်ရှိ လုပ်သေနတ်သုံးလက်နှင့် ကျည်ဆန်များ၊ မေ ၁ ရက်နေ့ ရက်စွဲဖြင့် လူ ၂၀ အား လစာငွေထုတ်ပေးပြီးကြောင်း ပြေစာတစ်စောင်၊ မေ ၂၉ ရက် ညတွင် မောင်တောမြို့နယ် လေယာဉ်ကွင်းရွာနှင့် လေယာဉ်ကွင်းချောင်းအနီး မျက်နှာဖုံးစွပ်လျက် ချုံတောအတွင်း ပုန်းအောင်းနေသည့် သရေကုန်းတန်းအနောက်ရွာနေ အကြမ်းဖက် စစ်သင်တန်းတက်ရောက်ပြီးသူ အဒူရာမန် (၂၇ နှစ်)ပါ နှစ်ဦးတို့အား ဖမ်းဆီးမိခဲ့ပြီး စစ်ဆေးမေးမြန်းခဲ့ရာ ဘာသာရေးအစွန်းရောက်အဖွဲ့မှ ခေါင်းဆောင်ပါ ၁၂ ဦးတို့သည် ရာအိမ်မှူးနှင့် ဆယ်အိမ်မှူးတို့အား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်နေကြောင်း၊ တစ်ရွာတည်းနေ ဂျော်ဒီဟူဆောင်းနေအိမ်၌ စစ်သင်တန်းများ သင်ကြားပေးခြင်း၊ သိုင်းသင်တန်းသင်ခြင်း၊ ကျေးရွာသူကျေးရွာသားများအား အကြမ်းဖက်သင်တန်းများ တက်စေရန် စည်းရုံးခြင်း၊ ဖူတူးယာ(ခ)အေနာတူလာပါ ၁၂ ဦးအား လက်နက်ဖြင့် လေ့ကျင့်ပေးခြင်း၊ ကျေးရွာအမာခံ လူငယ်များအား ငါးလကြာ သင်တန်းပေးလျက်ရှိကြောင်း၊ တစ်ဦးလျှင် လစာငွေကျပ်နှစ်သိန်းပေးကြောင်း၊ သင်တန်းဆရာဟာဘတ်မာတောရ်လာအား ပြည်ပနိုင်ငံတို့မှ ငွေများပို့ပေးကြောင်း၊ မေ ၃၁ ရက် ညနေပိုင်းက ချောင်းကုလားမြောက်ရွာ နေအိမ်တစ်လုံးမှ စကားပြောစက် အလုံး ၄၀ နှင့် ဆက်စပ်ပစ္စည်းများ၊ ဇွန် ၁၅ ရက် ညပိုင်းတွင် ဘူးသီးတောင်မြို့နယ် သေကံရွာ၌ အကြမ်းဖက်သင်တန်း တက်ရောက်ပြီးသူ ကျောက်လှုပြင်ကျေးရွာနေ ကာဒိလ်ဟူဆောင်း(၃၀နှစ်)အားတွေ့ရှိ၍ ဖမ်းဆီးခေါ်ယူစစ်ဆေးခဲ့သည်။

ဖမ်းဆီးထားသည့် ကာဒိလ်ဟူဆောင်းအား စစ်ဆေးမေးမြန်းခဲ့ရာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် လက်ဝဲဒက်ပြင်ရှည်ရွာဥက္ကဋ္ဌ ဒီမာမောက်နေအိမ်အား ဓားပြတိုက်ရာ၌ ပါဝင်ခဲ့၍ ထောင်ဒဏ်ခုနစ်နှစ်ကျခံခဲ့ပြီး ၂၀၁၆ အောက်တိုဘာ

*စာမျက်နှာ ၆ သို့*

**မောင်တောခရိုင်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ပြုလုပ်ရန် ထပ်မံကြံစည်သူများအား ဖမ်းဆီးရမိသည့် နေရာပြမြေပုံ**








**အသုံးပြုသော မျက်နှာဖုံးစွပ်များ**

**ဘူးသီးတောင်မြို့နယ် ကျောင်းတောင်ကျေးရွာအုပ်စု သဲနီ(မြို)ရွာအနီး ပေါက်ကွဲမှုဖြစ်ပွားသည့် နေရာပြမြေပုံ**



# ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး အားလုံးပါဝင်ဆောင်ရွက်ပေး

■── မင်းသန်းနိုင်(မုဒုံ) ──■

မြန်မာနိုင်ငံသည် သမိုင်းဆိုင်ရာအမွေအနှစ်၊ ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်နှင့် သဘာဝဆိုင်ရာအမွေအနှစ်များ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အာရှတိုက်နှင့် အရှေ့တောင်အာရှဒေသအတွင်း ဇီဝမျိုးစုံမျိုးကွဲစုံလင်စွာ တွေ့ရှိရသည့် နိုင်ငံတစ်ခုဖြစ်သည့်အပြင် အင်ဒို-မလေးယန်းဒေသအတွင်း တည်ရှိ၍ ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲအချက်အချာဒေသ ၂၅ ခုအနက် တစ်ခုတွင်လည်း ပါဝင်နေပါသည်။

ပထဝီဝင်ဆိုင်ရာတည်ရှိမှုအရ မြန်မာနိုင်ငံသည် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသတို့ကို ဆက်သွယ်ပေးရုံသာမက ဟိမဝန္တာတောင်တန်းများမှသည် အန်ဒမန်ပင်လယ်အထိ မြောက်မှတောင်သို့ ရှည်လျားသည့် နိုင်ငံတစ်ခုအဖြစ်တည်ရှိနေပါသည်။ မြောက်ဘက်ဟိမဝန္တာတောင်တန်းများနှင့် ဆက်စပ်လျက်ရှိသည့်အပြင် အဓိကရေဝေရေလဲမြစ်ကြီးများကလည်း မြောက်မှတောင်သို့ ဖြတ်သန်းစီးဆင်းမှုကြောင့် ကွဲပြားသည့် ဂေဟစနစ်များစွာ ဆက်စပ်ဖြစ်တည်နေခြင်းသည် မြန်မာနိုင်ငံအတွက် ဇီဝမျိုးစုံမျိုးကွဲများစွာ တွေ့ရှိရခြင်းအကြောင်းရင်းလည်း ဖြစ်သည်။

ဇီဝမျိုးစုံမျိုးကွဲဆိုသည်မှာ ‘ဂေဟစနစ်များ (Ecosystems) နှင့် နေရင်းဒေသများ (Habitats) အတွင်း သဘာဝအလျောက် ပေါက်ပွားမျိုးဆက်ပြန့်ပွားကာ တည်ရှိနေကြသော သဘာဝအပင်များနှင့် တောရိုင်းတိရစ္ဆာန်များ (Wildlife) အပါအဝင် ပုံသဏ္ဍာန်အမျိုးမျိုးကွဲပြားလျက်ရှိသည့် သက်ရှိအဖွဲ့အစည်းပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် ထူးခြားသည့် ဘူမိသွင်ပြင်လက္ခဏာများနှင့် မိုးရေချိန်၊ ရာသီဥတုတို့ကြောင့်လည်း သစ်တောအမျိုးအစားစုံလင်စွာ ပေါက်ရောက်လျက်ရှိကြောင်း တွေ့ရှိနိုင်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ FAO အဖွဲ့ကြီး၏ ၂၀၁၅ ခုနှစ် ထုတ်ပြန်သည့်စာရင်းအရ မြန်မာနိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုဧရိယာ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းကျန်ရှိပြီး သစ်တောမြေအားလုံးမှာ နိုင်ငံတော်ပိုင်ဖြစ်ပါသည်။ နိုင်ငံဧရိယာ၏ စုစုပေါင်း ဟက်တာသန်းပေါင်း ၂၀ ကျော်ခန့်၊ ရာခိုင်နှုန်းအားဖြင့် ၃၀ ရာခိုင်နှုန်းခန့်သည် သစ်တောကြိုးဝိုင်းများအဖြစ် ဖွဲ့စည်းထားပါသည်။ သစ်တောမြေများကို သဘာဝနယ်မြေများအပါအဝင်သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများအဖြစ် သတ်မှတ်ကာကွယ်ထားပါသည်။

**ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များ**

မြန်မာ့သစ်တောမူဝါဒ ၁၉၉၅ ခုနှစ်အရ မြန်မာနိုင်ငံအတွင်း သဘာဝနယ်မြေများကို နိုင်ငံတော်ပိုင်ဧရိယာ၏ ၅ ရာခိုင်နှုန်းအထိ ဖွဲ့စည်းထိန်းသိမ်းကာကွယ်ထားရှိရန် ချမှတ်ထားပြီးဖြစ်ပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် ရေးဆွဲထုတ်ပြန်သည့် အမျိုးသားသစ်တောကဏ္ဍ ပင်မနှစ် ၃၀ စီမံချက်တွင် သဘာဝနယ်မြေများ တည်ထောင်ဖွဲ့စည်းရေးကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ ရည်မှန်းချက်ထားဖွဲ့စည်းထိန်းသိမ်းထားရန် ထည့်သွင်းရေးဆွဲခဲ့ပါသည်။

မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။ ၁၉၉၂ ခုနှစ်တွင် သစ်တောဥပဒေ၊ ၁၉၉၅ ခုနှစ်တွင် သစ်တောနည်းဥပဒေတို့ကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး သစ်တောသယံဇာတများကို စနစ်တကျထုတ်ယူသုံးစွဲနိုင်ရေးနှင့် သစ်တောစီမံအုပ်ချုပ်မှုများကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုစီးပွားရေးတို့အတွက် အချိုးညီပေါင်းစပ်ဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲ ကွန်ဗင်းရှင်း အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ရာ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ သဘောတူညီမှုများနှင့် ဒေသတွင်းလုပ်ငန်းအဖွဲ့များတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိ**

၁၉၉၄ ခုနှစ်တွင် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး ဤဥပဒေအရ မြန်မာနိုင်ငံအတွင်း ဂေဟစနစ်အလိုက် သဘာဝနယ်မြေများ ဖွဲ့စည်းတည်ထောင်ထိန်းသိမ်းခြင်း၊ သားငှက်တိရစ္ဆာန်နှင့် သဘာဝအပင်များကို ထိန်းသိမ်းကာကွယ်ခြင်းများအား စနစ်တကျဆောင်ရွက်လျက်ရှိပါသည်။ ၁၉၉၆ ခုနှစ်တွင် ဥပဒေအရ ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များစာရင်းကို ထုတ်ပြန်ကြေညာထားရှိပါသည်။ ဥပဒေကြောင်းအရလည်း ပြစ်မှုပြစ်ဒဏ်များအလိုက် အရေးယူဆောင်ရွက်နိုင်ရန် သတ်မှတ်ထည့်သွင်းပြဋ္ဌာန်းခဲ့ပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနအောက်တွင် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနခွဲတစ်ခုကို ၁၉၈၄ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး သဘာဝနယ်မြေများ ထိန်းသိမ်းရေးနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းများကို သက်ဆိုင်ရာ အမျိုးသားဥယျာဉ်နှင့် ဘေးမဲ့တောများတွင် အုပ်ချုပ်ရေးမှူးရုံးများ ဖွင့်လှစ်ခဲ့ပြီး စီမံအုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ၁၉၉၄ ခုနှစ်တွင် ကုလသမဂ္ဂ၏ လက်အောက်ခံအဖွဲ့တစ်ခုဖြစ်သော ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) လက်အောက်ရှိကွန်ဗင်းရှင်းတစ်ခုဖြစ်သည့် ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း (CBD) တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သည်။ အဆိုပါကွန်ဗင်းရှင်းသဘောတူညီချက်အရ အဖွဲ့ဝင်နိုင်ငံများမှ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကို ရေးဆွဲပြီး လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် (NBSAP) ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တာဝန်ခံဌာနအနေဖြင့်ဦးဆောင်ပြီး ဆက်စပ်အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများပါဝင်ပြီး နယ်ပယ်စုံပူးပေါင်းညှိနှိုင်းရေးဆွဲကာ ၂၀၁၂ ခုနှစ် မေ ၃ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး၏ အတည်ပြုချက်ဖြင့် ထုတ်ဝေနိုင်ခဲ့ပါသည်။

‘နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲမဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်’ NBSAP ကို CBD Aichibiodiversity Targets အချက် ၂၀ နှင့်အညီ NBSAP updated version အဖြစ် ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ထပ်မံပြင်ဆင်ရေးဆွဲခဲ့ပြီး အစိုးရအဖွဲ့အတည်ပြုချက်ဖြင့် UN- CBD သို့ တင်ပြခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ NBSAP နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်နှင့် ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်းမှ ချမှတ်ထားသည့် သဘာဝသယံဇာတများကို ရေရှည်စဉ်ဆက်မပြတ် ထိန်းသိမ်းရေးနှင့် စနစ်တကျထုတ်ယူသုံးစွဲနိုင်ရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် လုပ်ငန်းစဉ်များကို ချမှတ်ရေးဆွဲထားခြင်း ဖြစ်ပါသည်။



သဘာဝငှက်ထိန်းသိမ်းရေးနယ်မြေတစ်ခုဖြစ်သည့် အင်းလေးကန် သားငှက်ထိန်းသိမ်းရေးနယ်မြေကို တွေ့ရစဉ် ဓာတ်ပုံ-တင်မောင်လွင်

**သဘာဝနယ်မြေများ ဖွဲ့စည်းတည်ဆောက်ခြင်း**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေဖြင့် လက်ရှိတွင် သဘာဝနယ်မြေစုစုပေါင်း ၄၀ အကျယ်အဝန်းအားဖြင့် ၁၅၁၂၇ ဒသမ ၆၁ စတုရန်းမိုင်ကို ဂေဟစနစ်အမျိုးအစားအလိုက် သတ်မှတ်ဖွဲ့စည်းတည်ထောင်ထားရှိပြီးဖြစ်သည်။ နိုင်ငံဧရိယာ၏ ၅ ဒသမ ၉ ရာခိုင်နှုန်းအထိ ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်ကာ ထပ်မံသိမ်းသွင်းဖွဲ့စည်းတည်ထောင်ရန်အတွက် အဆိုပြု သဘာဝနယ်မြေ ၁၀ ခု ဧရိယာအားဖြင့် ၁ ဒသမ ၃၆ ရာခိုင်နှုန်းခန့်ကိုလည်း ရည်ရွယ်ထားကြောင်း သတ်မှတ်ကြေညာထားပြီးဖြစ်သည်။

သဘာဝနယ်မြေများသည် မြန်မာနိုင်ငံအတွင်းသာမက ဒေသအဆင့်နှင့် ကမ္ဘာ့အဆင့်အထိသို့ပါ ဖွဲ့စည်းတည်ထောင် သတ်မှတ်ထားမှုကို ထုတ်ပြန်ကြေညာ၍ အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု နယ်မြေများဖြစ်ပါသည်။ ဒေသအဆင့်နှင့် ကမ္ဘာ့အဆင့်သဘာဝနယ်မြေများကို ထိန်းသိမ်းရေးနှင့် စီမံအုပ်ချုပ်မှုကဏ္ဍများတွင် ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရန်နှင့် ကွန်ရက်အဖြစ် ပူးပေါင်းဆောင်ရွက်နိုင်ရန် အောက်ပါအတိုင်း သတ်မှတ်ထားရှိပါသည်-

(က) အာဆီယံအမွေအနှစ်ဥယျာဉ်

(ခ) လူသားနှင့် ဇီဝအဝန်းနယ်မြေအစီအစဉ် (UNESCO- Man and the Biosphere Reserve Programme)

(ဂ) ကမ္ဘာ့သဘာဝအမွေအနှစ်နယ်မြေ

(ဃ) ရမ်ဆာရေဝပ်ဒေသထိန်းသိမ်းရေးနယ်မြေ

(င) ဆင်ထိန်းသိမ်းရေးနယ်မြေ

(စ) အရှေ့အာရှနှင့် ဩစတြေးလျအာရှဒေသ ငှက်ပျံသန်းလမ်းကြောင်း မိတ်ဖက်အဖွဲ့တို့ဖြစ်သည်။

**ဇီဝမျိုးကွဲများ ကြွယ်ဝမှုအခြေအနေ**

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသနှင့် အင်ဒို-မလေးယန်းနယ်မြေအတွင်း ကျရောက်ပါဝင်သည့်အတွက် ဂေဟစနစ်များစွာ တည်ရှိသည့်နည်းတူ

စာမျက်နှာ ၉ သို့

စာမျက်နှာ ၅ မှ

၂ ရက်တွင် ဘူးသီးတောင်အကျဉ်းထောင်မှ လွတ်မြောက်ခဲ့ကြောင်း၊ ၂၀၁၇ ဧပြီ ၂ ရက်မှ မေ ၁၄ ရက်အထိ မေယုတောင်၏ အနောက်ဘက်ခြမ်း တောင်အလယ်ခန့်တွင် တောင်နံရံအားထွင်း၍ ပေ ၁၁၀ ခန့် အကျယ်ရှိသည့် လိုဏ်ခေါင်းတစ်ခုနှင့် ရှေ့မျက်နှာတွင် ပေ ၂၀၀ ပတ်လည်ခန့် မြေပြင်၌ အကြမ်းဖက်သင်တန်းအား ကျောက်လှုပြင်ကျေးရွာနေ ၎င်းနှင့် နိုရာမောက်(ဘ) အာလီယာဘော်တို့ပါ ငါးဦး အပါအဝင် အင်အား ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း၊ နည်းပြအဖြစ် မောင်တောမြို့နယ် ဟန်ဒက်ရွာနေ မော်လဝီအီလီယာစ် ဦးဆောင်၍ သင်တန်းသား ၁၀၀ ခန့်အား ကရာတေးတိုက်ခိုက်နည်းပညာများနှင့် လက်နက်ငယ်ပစ်ခတ်နည်း (သေနတ်အစား တုတ်ဖြင့်) သင်ကြားပေးကြောင်း၊ သင်တန်းချိန်အား နံနက် ၆ နာရီ မှ ၉ နာရီအထိ၊ ညနေ ၃ နာရီမှ ၅ နာရီအထိဖြစ်ကြောင်း၊ သင်တန်းဆင်းပွဲတွင် အကြမ်းဖက်သင်တန်းပေးသည့် ကိစ္စရပ်များအား လျှို့ဝှက်ထားရန် ကုရ်အာကျမ်းကိုင်ပြီး သစ္စာဆိုခဲ့ကြောင်း၊ မော်လဝီအီလီယာစ်က ၎င်းတို့အား တောထဲတွင် လှုပ်ရှားနေထိုင်ရန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် သင်တန်းဆက်လက်တက်ရောက်ရမည်ဖြစ်ကြောင်း၊ မော်လဝီအီလီယာစ်ပါ ငါးဦးမှ ကျေးရွာတွင် မိသားစုများရှိသဖြင့် ခေတ္တသွားရောက်ရန် ခွင့်တောင်းရာ ကျေးရွာတွင် လူသစ်စုဆောင်းရန်နှင့် ပြန်လာလျှင် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ စီ ယူဆောင်ခဲ့ရန် မှာကြားခဲ့ကြောင်း၊ ကျေးရွာ၌နေထိုင်စဉ် လူငယ်များအား အကြမ်းဖက်သင်တန်းတက်ရောက်ရန် စည်းရုံးလျက်ရှိရာ လူသစ်မရရှိသေးဘဲ ဖမ်းဆီးခံရခြင်းဖြစ်ကြောင်းသိရှိရသည်။ ဇွန် ၂၀ ရက် နံနက် ၁ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သတင်းအရ ကျွန်းဂေါင်းကျေးရွာအား ဝင်ရောက်ရှင်းလင်းရာ Arakan Rohigya Salvation Army-ARSA အဖွဲ့၏ ဘဏ္ဍာရေးတာဝန်ခံ မော်လဝီဂျီရာဘူရာမန်အား နေအိမ်၌ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးလျက်ရှိကြောင်း သိရသည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကို Aqua Mul Mujahidin –AMM အဖွဲ့က ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပြီး ၎င်းအဖွဲ့အပြင် Rohingya National Security Committee – RNSA အဖွဲ့လည်း ရှိကြောင်း သိရသည်။ အဆိုပါ အဖွဲ့နှစ်ဖွဲ့ပေါင်း၍ Arakan Rohigya Salvation Army-ARSA အဖွဲ့အဖြစ် ၂၀၁၇ ခုနှစ် မတ် ၁၅ ရက်တွင် စတင်ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း သိရပြီး စစ်ရေးတာဝန်ခံမှာ Aqua Mul Mujahidin –AMM အဖွဲ့မှ ဟာဗစ်ဒူဟာဖြစ်ကြောင်း သိရသည်။

မောင်တောဒေသအတွင်း အကြမ်းဖက်နည်းဖြင့် ခြိမ်းခြောက်ကာ ဩဇာလွှမ်းမိုးထိန်းချုပ်နိုင်ရန် ရည်ရွယ်၍ ကျေးရွာဆယ်အိမ်မှူး၊ ရာအိမ်မှူးနှင့် စာကြည့်တိုက်မှူး အပါအဝင် အပြစ်မဲ့ပြည်သူ ၃၄ ဦးတို့အား နည်းမျိုးစုံဖြင့် သတ်ဖြတ်ခြင်း၊ အပြစ်မဲ့ပြည်သူ ၂၂ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခြင်းများလည်း ပြုလုပ်ခဲ့သည်။

**(နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီ)**

# ပြည်ပနိုင်ငံများတွင် တရားမဝင်အလုပ်လုပ်ကိုင်ကြသော မြန်မာနိုင်ငံသားများမှ မွေးဖွားသည့်ကလေးတိုင်း မွေးစာရင်း တရားဝင်ထုတ်ပေးရေးကိစ္စ ရှေ့လုပ်ငန်းစဉ်များ၊ နည်းဗျူဟာများချမှတ်၍ စီစဉ်ဆောင်ရွက်နေဆဲဖြစ်

**နေပြည်တော် ဇွန် ၂၁**

တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်ကြသော ပြည်ပရောက် မြန်မာနိုင်ငံသားအချင်းချင်း လက်ထပ်ပေါင်းသင်းရာမှ မွေးဖွားလာသော ကလေးများအား တရားဝင်မွေးစာရင်း ထုတ်ပေးနိုင်သည့် အခြေအနေမရှိသေးကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပြောကြားသည်။

**နည်းဗျူဟာများချမှတ်**

၎င်းကိစ္စသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တစ်ခုတည်းဖြင့် ဆောင်ရွက်၍ မရနိုင်ပါကြောင်း၊ သို့ပါ၍ ပြည်ပနိုင်ငံများတွင် တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်ကြသော မြန်မာနိုင်ငံသားများမှ မွေးဖွားသည့်ကလေးတိုင်း မွေးစာရင်းတရားဝင်ထုတ်ပေးရေးကိစ္စအား သီးခြားကိစ္စအဖြစ်သတ်မှတ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ရှေ့လုပ်ငန်းစဉ်များ၊ နည်းဗျူဟာများချမှတ်၍ စီစဉ်ဆောင်ရွက်နေဆဲဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ၏ **တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်ကြသော ပြည်ပရောက် မြန်မာနိုင်ငံသားအချင်းချင်း လက်ထပ်ပေါင်းသင်းရာမှ မွေးဖွားလာသော ကလေးများအား မြန်မာနိုင်ငံအစိုးရမှ မြန်မာနိုင်ငံသားအဖြစ် အသိအမှတ်ပြု တရားဝင်မွေးစာရင်း ထုတ်ပေးရန်နှင့် တရားဝင်ကျောင်းသားအဖြစ် လက်ခံသင်ကြားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားခဲ့ခြင်းဖြစ်သည်။



ဦးသိန်းဆွေ
ပြည်ထောင်စုဝန်ကြီး



ဒေါက်တာဒေါ်ခင်စည်သူ
လွိုင်ကော်မဲဆန္ဒနယ်

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြည်ပနိုင်ငံအသီးသီးတွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေပြီး အခြားနိုင်ငံသားအဖြစ် ခံယူထားကြသည့် မြန်မာနိုင်ငံသားဟောင်းများနှင့် အခြားနိုင်ငံသားအဖြစ် ခံယူထားခြင်း မရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသားအဖြစ်မှ ဆုံးရှုံးသွားသည့် မြန်မာနိုင်ငံသားဟောင်းများအနေဖြင့် မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်လျှောက်ထားရန်လိုအပ်ပါကြောင်း။

**စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းထား**

မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ရယူပြီးမှသာ ၎င်းတို့၏ကလေးများကို မြန်မာနိုင်ငံသားမှ မွေးဖွားသည့်ကလေးများအဖြစ် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထိုသို့လျှောက်ထားမှုများကို စိစစ်ဆောင်ရွက်နိုင်ရန် ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းများကို မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်နိုင်ရေး စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း။

ပြည်ပတွင် မွေးဖွားသည်မှာ မှန်ကန်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြမည်ဆိုပါက မြန်မာနိုင်ငံသားဟောင်းများနှင့် ပြည်ပတွင်မွေးသည့် မြန်မာနိုင်ငံသားဟောင်းများ၏သား သမီးများပါ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်လျှောက်ထားနိုင်ပါကြောင်း၊ ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းများကို မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်နိုင်ရေးစိစစ်ရေးအဖွဲ့အနေဖြင့် မြန်မာနိုင်ငံသားအဖြစ် ပြန်လည်သတ်မှတ်သင့်ကြောင်း သဘောထားမှတ်ချက်ပေးပါက အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ရရှိမည်ဆိုပါက မြန်မာနိုင်ငံသားတစ်ဦး ခံစားပိုင်ခွင့်ရှိသည့် တာဝန်နှင့် အခွင့်အရေးများကို ရရှိမည်ဖြစ်ပါကြောင်း။

ပြည်ပတွင် မြန်မာနိုင်ငံသားတစ်ဦးက မွေးဖွားသည့် သား သမီးများအတွက် ကလေးမွေးဖွားကြောင်း မွေးစာရင်းနှင့်အတူ မွေးဖွားသည့်နေ့မှစ၍ တစ်နှစ်အတွင်း မိဘ (သို့မဟုတ်) အုပ်ထိန်းသူသည် မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးသို့ အကြောင်းကြားရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာမြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးက နိုင်ငံတော်ပြင်ပတွင် ကလေးမွေးဖွားခြင်းမှတ်တမ်း ပုံစံ နိုင်-၈ ကို ထုတ်ပေး မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ပြင်ပတွင် မွေးဖွားခဲ့သော ကလေး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိနေထိုင်မည်ဆိုပါက မိဘ၊ အုပ်ထိန်းသူ၏ အိမ်ထောင်စုလူဦးရေစာရင်းတွင် အမည်ထည့်သွင်း၍ မြို့နယ်ဦးစီးမှူးရုံးသို့ သတ်မှတ်ထားသည့် အထောက်အထားများနှင့်အတူ လျှောက်ထားပါက မွေးစာရင်းများ ထုတ်ပေးမည်ဖြစ်ပါကြောင်း။

**အသိအမှတ်ပြု**

တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်ကြသော ပြည်ပရောက် မြန်မာနိုင်ငံသားအချင်းချင်း လက်ထပ်ပေါင်းသင်းရာမှ မွေးဖွားလာသော ကလေးများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မာနိုင်ငံသားအဖြစ် အသိအမှတ်ပြု ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

အစည်းအဝေးတွင် မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏ **ရခိုင်ပြည်နယ် မြေပုံမြို့နယ် ကွန်းချောင်း သစ်တောကြိုးဝိုင်းအား ပြန်လည်ပြုစုပျိုးထောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ကွန်းချောင်းကြိုးဝိုင်းကို ၁၅၈၆ ဧကဖြင့် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ကွန်းချောင်းကြိုးဝိုင်းအတွင်း ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ဓမ္မတာမျိုးဆက် အထောက်အကူပြုလုပ်ငန်း ဧက ၆၈၀၊ အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း ၁၀ မိုင်၊ ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း ၁၀ မိုင်ကို ဆောင်ရွက်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းအရ ဓမ္မတာမျိုးဆက် အထောက်အကူပြုလုပ်ငန်း ဧက ၄၀၀ နှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းလုပ်ငန်း ၇ ဧကကို ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် သစ်တောကြိုးဝိုင်းအတွင်း တရားမဝင်ကျူးကျော် ဝင်ရောက်နေထိုင်ခြင်း၊ စိုက်ပျိုးမြေချဲ့ထွင်ခြင်း၊ တရားမဝင်စားကျက်ချခြင်း၊ ကျောက်တူးဖော်ခြင်း၊ ဓာတ်သတ္တုတူးဖော်ခြင်းများ မရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော ၁၉ ခု၊ ၂၉၀၂၇၀ ဒသမ ၀၈ ဧကကို ဖွဲ့စည်းထားရှိပြီး ၂၀၁၇-၂၀၁၈ မှ ၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း သစ်တောမြေ ၆၂၂၉၂၄ ဒသမ ၈ ဧကကို တည်ထောင်ဖွဲ့စည်းရန် ရည်မှန်းထားရှိပါကြောင်း ဖြေကြားသည်။

**သဘောတူညီချက်**

ထို့ပြင် သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ ကြာအင်းဆိပ်ကြီး မဲဆန္ဒနယ်မှ ဦးစောတင်ဝင်းနှင့် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းတို့၏ သာစည်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန အဆောက်အအုံသစ်ဆောက်လုပ်ပေးရေး၊ တံတားပြုပြင်ပေးရေး၊ ပင်လယ်ရေကြောင်း လုပ်သားဆိုင်ရာ သဘောတူညီချက်အကောင်အထည်ဖော်မှုအခြေအနေနှင့် ဒါးကမြစ်နှင့် အိမ်မဲချောင်း ရေစီးရေလာကောင်းမွန်ရန် နုန်းများဆယ်ယူပေးရေးဆိုင်ရာ မေးခွန်းများကိုလည်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်ကတို့က ပြန်လည်ဖြေကြားခဲ့ကြသည်။

ယင်းနောက် ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုးက **"ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်ကြီး ရေရှည်တည်တံ့ရေးအတွက် အစိုးရ၊ ပြည်သူအားလုံးပါဝင်သော စဉ်ဆက်မပြတ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများချမှတ်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန်သဘောတူကြောင်း ဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်းတင်သွင်းကြရန် အသိပေးကြေညာသည်။

ထို့နောက် လယ်ဝေးမဲဆန္ဒနယ်က ဦးမျိုးဇော်ဦး တင်သွင်းထားသည့် **နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ်များနှင့် အင်းဆက်ပိုးမွှားများကြောင့် နစ်နာဆုံးရှုံးနေကြသော တောင်သူလယ်သမားများ၏ အကျိုးစီးပွားအတွက် အာမခံချက်ရှိစေမည့် သီးနှံအာမခံလုပ်ငန်းများကို ဆောလျင်စွာအကောင်အထည်ဖော်ဆောင်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းနှင့် ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေတို့က ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မြန်မာနိုင်ငံတွင် သီးနှံအာမခံလုပ်ငန်းထားရှိဆောင်ရွက်ရေးမှာ အစိုးရဌာနဆိုင်ရာ တစ်ခုတည်းနှင့် ဆောင်ရွက်ရန်မဖြစ်နိုင်ပါကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှု အာမခံလုပ်ငန်း အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန်

*စာမျက်နှာ ၈ သို့*

# ပြစ်ဒဏ်ကျခံနေရသူများအား လွတ်ငြိမ်းချမ်းသာခွင့်ပြုရေးနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က) (ခ)တို့အရ သင့်လျော်သောအချိန်တွင် ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြစ်ဒဏ်များချမှတ်**

အစည်းအဝေးတွင် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်၏ **မြန်မာနိုင်ငံအစိုးရသစ်လက်ထက်တွင် နိုင်ငံရေးအကျဉ်းသား သို့မဟုတ် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသည့် အကျဉ်းသားများအားလုံး တစ်ယောက်မကျန် လွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တရားရုံးအသီးသီးတွင် တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်သူများအား ဥပဒေနှင့်အညီ ပြစ်ဒဏ်များချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ပြစ်ဒဏ်ချမှတ်သော အပြစ်ပေး ဝရမ်းများတွင် ရာဇဝတ်မှုဆိုင်ရာ ဥပဒေများနှင့် တရားမဥပဒေများကို ဖောက်ဖျက်ကျူးလွန်မှုများအဖြစ် ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း။

**နိုင်ငံရေးအကျဉ်းသား**

ယခင် အစိုးရလက်ထက်တွင် အစိုးရ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီ အချို့မှ ကိုယ်စားလှယ်များဖြင့် လက်ကျန်နိုင်ငံရေးအကျဉ်းသား စိစစ်ရေးကော်မတီကို ဖွဲ့စည်း၍ နိုင်ငံရေး အကျဉ်းသား၊ နိုင်ငံရေးပြစ်မှုတို့ကို အဓိပ္ပာယ်ဖော်ဆောင်ရန် ဆွေးနွေးမှုများ ရှိခဲ့သော်လည်း ပြီးမြောက်မှု မရှိခဲ့ပါကြောင်း၊ ကော်မတီအနေဖြင့် နိုင်ငံရေးအကျဉ်းသားဟု တင်ပြလာသော အမည်စာရင်းများကိုသာ စိစစ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

**လွတ်ငြိမ်းချမ်းသာခွင့်**

ယခင်အစိုးရ သက်တမ်းကာလ ငါးနှစ်အတွင်း နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)အရ လွတ်ငြိမ်းချမ်းသာခွင့် ခြောက်ကြိမ်နှင့် ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ (၁) အရ ၅၇ ကြိမ် စုစုပေါင်း ၆၃ ကြိမ်၌ အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၅၃၆၄၂ ဦး လွှတ်ပေးခဲ့ပါကြောင်း၊ ယခုအစိုးရ သက်တမ်းကာလအတွင်း ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁ (၁)အရ လွှတ်ပေးခဲ့သည့် ငါးကြိမ်တွင် အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၁၀၀ ကို လွှတ်ပေးခဲ့ပါကြောင်း၊ ထို့ပြင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-



ဒုတိယဝန်ကြီး
ဗိုလ်ချုပ်အောင်စိုး



ဦးကျော်ကျော်
ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)

(၂၁)ရာစုပင်လုံကို ကြိုဆိုသောအားဖြင့် နိုင်ငံသား အကျဉ်းသား ၁၈၆ ဦးနှင့် နိုင်ငံခြားသား အကျဉ်းသား ၇၃ ဦးတို့ကို ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)အရ နိုင်ငံတော်သမ္မတက ၂၀၁၇ ခုနှစ် မေ ၂၃ ရက်တွင် လွတ်ငြိမ်းချမ်းသာခွင့် ထပ်မံခွင့်ပြုပေးခဲ့ပါကြောင်း၊ ထို့ကြောင့် အကျဉ်းထောင်များတွင် ထိန်းသိမ်းထားရှိသော ပြစ်ဒဏ်ကျခံနေရသူများအား လွတ်ငြိမ်းချမ်းသာခွင့်ပြုရေးနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)(ခ)တို့အရ သင့်လျော်သောအချိန်တွင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

**စုံစမ်းဖော်ထုတ်**

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၏ **မှုခင်းကိစ္စရပ်များနှင့် ပတ်သက်၍ ပြည်သူများ၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် မည်ကဲ့သို့ အစီအစဉ် ချမှတ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့သည် တိုင်းဒေသကြီးအတွင်း ဖြစ်ပွားလျက်ရှိသော မှုခင်းများကို စုံစမ်းဖော်ထုတ်၍ တရားရုံးများသို့ တရားစွဲတင်ပို့ခြင်း၊ ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ပြစ်ဒဏ်ရရှိရေး တရားရုံး၊ ဥပဒေရုံးများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးအတွင်း အမှုဖြစ်ပွားမှု၊ စွဲဆိုမှု၊ ပိတ်သိမ်းမှုအခြေအနေမှာ

*စာမျက်နှာ ၈ သို့*

# လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇွန် ၂၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးအောင်သိုက် ဆိပ်ဖြူမဲဆန္ဒနယ်၏ မိတ်ဆွေသုံးဦး၊ ဦးမြင့်ထွန်း တန့်ဆည်မဲဆန္ဒနယ်၏ မိတ်ဆွေသုံးဦး၊ ဦးဖေသန်း မြေပုံမဲဆန္ဒနယ်၏ မိတ်ဆွေလေးဦး၊ လူထုစည်းရုံးလှုံ့ဆော်ရေးကော်မတီ LGBT အခွင့်အရေးဆိုင်ရာကွန်ရက်မှ ဦးချစ်ကိုကို (တာဝန်ခံ)ဦးဆောင်သော အဖွဲ့ဝင် ၂၂ ဦးနှင့် မိတ္ထီလာတက္ကသိုလ်မှ ပါမောက္ခ(ဌာနမှူး) ဒေါ်လှလှသန်း ဦးဆောင်သော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၉၂ ဦး စုစုပေါင်း ၂၂၄ ဦးတို့သည် ယနေ့နံနက်တွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။
**(သတင်းစဉ်)**



*ပြည်သူ့လွှတ်တော်မှ*

လိုအပ်ပါကြောင်း၊ ထို့ပြင် တောင်သူလယ်သမားများ၏ သီးနှံအာမခံထားရှိလိုသည့်ဆန္ဒသည်လည်း အရေးပါပါကြောင်း။

**ရင်းနှီးမြှုပ်နှံသူများ**

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကြောင့် မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများနည်းတူ သဘာဝဘေးအန္တရာယ်ကြုံတွေ့မှု တဖြည်းဖြည်း များပြားလာသည့်အတွက် လယ်ယာလုပ်ငန်းများကို မှီခိုအားထားနေရသော တောင်သူလယ်သမားများ၏ ထိခိုက်နစ်နာမှုများ လျော့နည်းစေရန်နှင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ အာမခံလုပ်ငန်းတွင် စိတ်ချယုံကြည်စွာ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန် အစီအမံများ ချမှတ်ဆောင်ရွက်ရန် လိုအပ်နေပါကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကလည်း သီးနှံအာမခံစနစ်အတွက် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။ ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဥပဒေကြမ်းတင်သွင်း**

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာဖတ်ကြားတင်ပြခြင်း၊ အုပ်ထိန်းသူနှင့်အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတင်သွင်းခြင်းနှင့် အစီရင်ခံစာဖတ်ကြားခြင်းတို့လည်း ဆောင်ရွက်ခဲ့ကြသည်။
**ကျော်သူထက်(သတင်းစဉ်)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၁**

နေပြည်တော်နှင့်ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်ဖြစ်သည်။ **(မိုး/ဇလ)**

*အမျိုးသားလွှတ်တော်မှ*

၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ် မေလအထိ အမှုကြီး ၁၀ မျိုးအနေဖြင့် ၁၀၁၁ မှု ဖြစ်ပွားခဲ့ရာ ၈၅၈ မှု တရားစွဲတင်ခဲ့ပြီး ၂၈ မှု ပိတ်သိမ်း၍ ၁၂၅ မှု ကျန်ရှိပါကြောင်း၊ အခြားမှု ၁၀ မျိုးအနေဖြင့် ၃၄၇၃၅ မှုဖြစ်ပွားခဲ့ပြီး ၂၆၁၆၀ မှု တရားစွဲတင်ခဲ့၍ ၃၀၄၁ မှု ပိတ်သိမ်းပြီး ၅၅၃၄ မှု ကျန်ရှိပါကြောင်း။

**စီမံချက်များရေးဆွဲ**

ကြိုတင်ကာကွယ်မှု ၁၀ မျိုး အနေဖြင့် ၈၇၅၃၀ မှု ဖော်ထုတ်ဖမ်းဆီးအရေးယူခဲ့ပြီး ၈၆၁၂၉ မှု တရားစွဲတင်ခဲ့ကာ ၃၈၆ မှု ပိတ်သိမ်းခဲ့၍ ၁၀၁၅ မှု ကျန်ရှိပါကြောင်း၊ တရားခံပြေးများ ပြစ်မှုထပ်မံကျူးလွန်နိုင်သဖြင့် ဖမ်းဆီးရေး စီမံချက်များ ရေးဆွဲဆောင်ရွက်ခြင်း၊ အထူးအဖွဲ့များ ဖွဲ့စည်း၍ ဖမ်းဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် ၃၃၉၈ ဦး၊ ၂၀၁၆ ခုနှစ်တွင် ၂၃၁၂ ဦးနှင့် ၂၀၁၇ ခုနှစ် မေလအထိ ၉၅၆ ဦး ဖမ်းဆီးရမိခဲ့ပါကြောင်း။

**ဥပဒေနှင့်အညီ**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် ပြည်သူတို့ဘဝ လုံခြုံရေးနှင့် ရပ်ရွာများတွင် တရားဥပဒေစိုးမိုးရေးအတွက် မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးစီမံချက်များ ရေးဆွဲဆောင်ရွက်ခြင်း၊ ပြည်သူလူထုအတွင်း မှုခင်းအသိပညာပေး လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်း၊ ပြည်သူလူထု ပူးပေါင်းပါဝင်သည့် ရဲလုပ်ငန်းနှင့် ရပ်ရွာနေပြည်သူ အခြေပြုရဲလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဖြစ်ပွားခဲ့သည့် အမှုများကို လက်ကျန်မရှိအောင် စုံစမ်းဖော်ထုတ် တရားစွဲတင်၍ ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ပြစ်ဒဏ်ရရှိအောင် သက်ဆိုင်ရာ တရားရုံး၊ ဥပဒေရုံးများနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်း၊ နိုင်ငံအတွင်းရှိ ပြေးလေးပြေး တရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိရေးတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

**လိုအပ်ချက်အရ**

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးမင်းဆွေနိုင်၏ B.Ed (Bachelor of Education) **ပညာရေးဘွဲ့ တက်ရောက်ခွင့်၊** P.P.T.T (Pre-Primary Teacher Training) **မူလတန်းကြို ဆရာ ဆရာမများအတွက် ဝင်ခွင့်ဖြေဆိုစရာမလိုဘဲ လုပ်သက်၊ ဘွဲ့(ဒီဂရီ) သတ်မှတ်ပြီး တက်ရောက်ခွင့်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဘွဲ့(B.Ed) (စာပေးစာယူသင်တန်း) ဝင်ခွင့်စာမေးပွဲများ ဖြေဆိုခြင်းဖြင့် ရွေးချယ်ရခြင်းသည် ပညာရေးတက္ကသိုလ်များ၏ လက်ခံသင်ကြားနိုင်သည့် ဦးရေသတ်မှတ်ချက်အရ လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများမှ ဘာသာရပ်အလိုက် လိုအပ်ချက်အရ လည်းကောင်း၊ သင်တန်းတွင် သင်ကြားပို့ချလျက်ရှိသော ဘာသာရပ်များကို သင်တန်းသားများ အဆင့်မီလေ့လာသင်ယူနိုင်စွမ်းရှိရန်အတွက် လည်းကောင်း ရည်ရွယ်၍ ဝင်ခွင့်စာမေးပွဲများ ဖြေဆိုရခြင်း ဖြစ်ပါကြောင်း။

အဆင့်မြင့်ပညာဦးစီးဌာန အနေဖြင့် လုပ်ငန်းခွင်အကြို မူလတန်းဆရာ အတတ်ပညာ သင်တန်း (Preservice Primary Teacher Training - PPTT)ကို တက္ကသိုလ်ဝင်တန်း အောင်မြင်သူများ တက်ရောက်သော လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းနှင့်တွဲလျက် ပညာသင်နှစ် တစ်နှစ်လျှင် တစ်ကြိမ် ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးလျက် ရှိပါကြောင်း၊ အဆိုပါ သင်တန်းသို့ လျှောက်ထားသူဦးရေသည် ဝင်ဆံ့ဦးရေထက် အလွန်များပြားနေသည့်အတွက် သင်တန်းဝင်ခွင့် စာမေးပွဲကို မဖြစ်မနေ ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ရေးဖြေအောင်မြင်သူများထဲမှ ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရန် လိုအပ်သည့် ကျန်းမာကြံ့ခိုင်သော ဆရာ၊ ဆရာမများရရှိနိုင်ရန် လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းကို စိစစ်ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း ဖြေကြားသည်။

**ပြန်လည်ရှင်းလင်း**

ထို့ပြင် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဒေါ်သီရိရတနာ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတက်ထွန်းအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ နော်လှလှစိုး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဒေါ်ထုမေနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးမင်းဆွေနိုင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာ တို့မှ ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုးက ဥပဒေကြမ်းပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များ ကျစ်လျစ်ခိုင်မာရေးအတွက် ဆွေးနွေးရာ လွှတ်တော်ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်သည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ဇွန် ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။
**သူရဇော်(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ပန်းချီ ၊ ကာတွန်း ၊ ပိုစတာ ၊ ကွန်ပျူတာပန်းချီ ၊ ဆောင်ပုဒ် ပြိုင်ပွဲ ဆုရစာရင်းထုတ်ပြန်

*(ဇွန် ၂၀ ရက်မှ အဆက်)*

**ပန်းချီမူလတန်းအဆင့်**ပြိုင်ပွဲတွင် မကေရီမိုး လေ့ကျင့်ရေးအလကမြစ်ကြီးနားက ပထမ၊ မောင်ဖြိုးမင်းသီဟကျော် အမက(၃၀) လှိုင်က ဒုတိယနှင့် နန်းကေဇင်လင်း အလက(ခွဲ) နမ့်ကွတ် လွိုင်ကော်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ဉာဏ်လင်းထက် ကောင်းစုစံပညာ့ရိပ်မွန် ကိုယ်ပိုင်အထက်တန်းကျောင်း ရွှေပြည်သာ၊ မသန့်နေခြည်ထွန်း Pride International School Myanmar ကမာရွတ်နှင့် မောင်ကောင်းမြတ်သူ အထက(၂) ကျောက်တန်းတို့က အသီးသီးဆုများ ရရှိကြသည်။

**ပန်းချီအလယ်တန်းအဆင့်** ပြိုင်ပွဲတွင် မောင်ကောင်းထွဋ်ဟန် အထက(၁) ဘိုကလေးက ပထမ၊ မထက်တင်ဇာမြင့် အထက(၂) စမ်းချောင်းက ဒုတိယနှင့် မယွန်းပွင့်သူ အထက(၁) ဒဂုံက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ချမ်းမင်းဖြိုးအထက(ခွဲ-၁) မြဝတီ၊ မောင်သန်းထွဋ် အထကဖားကန့် နှင့် မထက်နှင်းပွင့် အထက(၁)သန်လျင်တို့က အသီးသီးဆုများ ရရှိကြပါသည်။

**ပန်းချီအထက်တန်းအဆင့်** ပြိုင်ပွဲတွင် မအေးချမ်းမော် အထက(၂) သန်လျင်က ပထမ၊ မနန်းအွန်ရှိန် အထက (ဆန်ဆိုင်း) တာချီလိတ်က ဒုတိယနှင့် မောင်သူရမြင့်လှိုင် အထက မြစ်ငယ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မအေးရည်မွန်လတ် အထက(၂) စမ်းချောင်း၊ မောင်ကောင်းခန့်ဇော် အထက(၂)ကမာရွတ်နှင့် မဝင့်ကေခိုင်မြင့် အထက(၂) စမ်းချောင်းတို့က အသီးသီးဆုများရရှိကြသည်။

**ကာတွန်းမူလတန်းအဆင့်**ပြိုင်ပွဲတွင် မောင်ငွေဘုန်းအောင် မြန်မာ့ပညာရေးအောင်မြေ ကိုယ်ပိုင်အထက်တန်းကျောင်း မင်္ဂလာဒုံက ပထမ၊ မချမ်းမြသီရိ Young Learner's Development School ကိုယ်ပိုင်မူလတန်းကျောင်း ဒဂုံမြောက်က ဒုတိယနှင့် မသုထက်နေခြည်ဇော် ရန်ကုန်မျှော်လင့်ခြင်း ကျမ်းစာကျောင်း ဗဟန်းက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မကြည်စင်ဥ အမက(လွန်) သထုံမြို့ မောင်မျိုးဝဏ္ဏကျော် အထက(ခွဲ)အလက(၂) ပြည်နှင့် မောင်စိုင်းသော်ဇင်ကို အလက(ခွဲ)တောင်ငူတို့က အသီးသီးဆုများ ရရှိကြသည်။

**ကာတွန်းအလယ်တန်းအဆင့်**ပြိုင်ပွဲတွင် မမြတ်သက်ခိုင် အထကခွဲ အလက(၅) လှိုင်သာယာက ပထမ၊ မောင်စံသုတ အထက(၂)သန်လျင်က ဒုတိယနှင့် မောင်သော်ဇင်ဟိန်း အထက(၁) တောင်ငူက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မရှုမဝ အထက(၂) ဗဟန်း၊ မမေသဥ္ဇာသွန်း အထက(၄) အလုံ နှင့် မဖူးပွင့်ဝေ လေ့ကျင့်ရေး အလကတောင်ငူတို့က အသီးသီးဆုများ ရရှိကြသည်။

**ကာတွန်းအထက်တန်းအဆင့်**ပြိုင်ပွဲတွင် မဆုမြတ်ရွှန်းဝေ ကောင်းစုစံပညာ့ရိပ်မွန်ကိုယ်ပိုင်အထက်တန်းကျောင်း ရွှေပြည်သာက ပထမ၊ မနန်းဖူးခက်အေးလှိုင် အထက(၁) တောင်ကြီးက ဒုတိယနှင့် မအင်ကြင်းဖူး အထက(၁) ဒဂုံက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ်မချမ်းမြေ့သူ ရန်ကင်းပညာရေးကောလိပ်၊ မဝင့်ကေခိုင်မြင့် အထက(၂) စမ်းချောင်းနှင့် မောင်ရဲမင်းခန့် အထက(၂) ကျောက်တန်းတို့က အသီးသီးဆုများ ရရှိကြသည်။

**ပိုစတာမူလတန်းအဆင့်** ပြိုင်ပွဲတွင် မဆုနန္ဒာထွန်း အလက(၁) မူဆယ်က ပထမ၊ မောင်အောင်ဖြိုးဇော် အထက(၂) ကျောက်တန်းက ဒုတိယနှင့် မောင်စိုင်းသော်ဇင်ကို အလက(ခွဲ) တောင်ငူက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မဆုသဉ္ဇာ အထက(၃) ပဲခူးနှင့်မခင်မြတ်နိုး အမက(၁) နတ်ကြီးကုန်း မိုးကောင်း၊ မောင်အောင်စစ်ပိုင် အမက(၂) အောင်မြေသာစံတို့က အသီးသီးဆုများ ရရှိကြသည်။

**ပိုစတာအလယ်တန်းအဆင့်** ပြိုင်ပွဲတွင် မအိရွှေစင် အထကဝက်လက်က ပထမ၊ မရှုမဝ အထက(၂) ဗဟန်းက ဒုတိယနှင့် မသံစဉ်ချိုအထက(၄) အောင်မြေသာစံက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် နန်းကျေးဇူးလင်း အလက(၁) မူဆယ်၊ မအေးချမ်းသိမ့် GENIUS ကိုယ်ပိုင်အထက်တန်းကျောင်းတာမွေနှင့် မောင်သွင်ထူးဆက် အလက(၃) ဒဂုံမြောက်တို့က အသီးသီးဆုများ ရရှိကြသည်။

**ပိုစတာအထက်တန်းအဆင့်** ပြိုင်ပွဲတွင် မအင်ကြင်းဖူး အထက(၁) ဒဂုံက ပထမ၊ မသိမ့်ယုယ အထက(၃) ပဲခူးကဒုတိယနှင့် မောင်ရန်ဟိန်းအောင် အထက(၂) ဗဟန်း က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ဘုန်းပြည့်ကျော် Royal Myanmar Education Center သန်လျင်၊ မဖူးမြတ်သော် အထက(၃) ဒဂုံမြောက်နှင့် မောင်ထက်အာကာလင်း အထက(၂) မိုးကောင်းတို့က အသီးသီးဆုများရရှိကြသည်။

**ကွန်ပျူတာပန်းချီအလယ်တန်းအဆင့်**ပြိုင်ပွဲတွင် မထရေဇာဂျာဆန်အောင် အထက(၁) မြစ်ကြီးနားက ပထမ၊ မကြည်ဇင်သန့် အထက(၂) လသာက ဒုတိယနှင့် မဗျားမြာဝင်း အလက(ခွဲ) နမ့်ကွတ်လွိုင်ကော်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မဖူးသစ်ဟေမာန်မျိုးဝင်း အထက(၈) မော်လမြိုင်၊ မထက်တင်ဇာမြင့် အထက(၂) စမ်းချောင်းနှင့် မပြည့်ပြည့်ဖြိုးကျော် အလက(ခွဲ)နမ့်ကွတ်တို့က အသီးသီးဆုများ ရရှိကြသည်။

**ကွန်ပျူတာပန်းချီအထက်တန်းအဆင့်** ပြိုင်ပွဲတွင် မအိမ့်သူသူမွန် အထက(၈) မော်လမြိုင်က ပထမ၊ မအေးရည်မွန်လတ် အထက(၂) စမ်းချောင်းက ဒုတိယနှင့် မောင်ကြယ်စင် အထက(၇) တောင်ငူ က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ရဲရင့်မြတ်သူ အထက(၂) ဗဟန်း၊ မဆုရည်မွန်မြင့် အထက(၂) ဗဟန်းနှင့်မဝင့်ကေခိုင်မြင့် အထက(၂) စမ်းချောင်းတို့က အသီးသီးဆုများ ရရှိကြသည်။

**ဆောင်ပုဒ်** ပြိုင်ပွဲတွင် မယဉ်သူသင်း ညောင်လေးပင်မြို့ ပဲခူးတိုင်းဒေသကြီးမှ "လူသားတို့ ကမ္ဘာမပျက်သုဉ်းဖို့ အန္တရာယ်မူးယစ်ဆန့်ကျင်စို့"၊ ဦးအေးကြူ ချောင်းဦးမြို့ စစ်ကိုင်းတိုင်းဒေသကြီးမှ "မူးယစ်ကင်းစင်ပြည်တစ်ခွင် စည်ပင်ဖွံ့ဖြိုးစီးပွားတိုး"၊ ဒေါ်ခင်စန်းရွှေ ကျောက်ဖြူမြို့ရခိုင်ပြည်နယ်မှ "သက်ရှည်ကျန်းမာ လူသားကမ္ဘာ မူးယစ်ဆေးဝါးတိုက်ဖျက်ပါ"၊ ဦးစံရွှေ (စူးရှထက်မြက် - မြင်းမူ) မြင်းမူမြို့ စစ်ကိုင်းတိုင်းဒေသကြီးမှ "အားကစားဖြင့် မျိုးဂုဏ်မြှင့်ဖို့ မူးယစ်ဆေးကို ဆန့်ကျင်စို့" ဆောင်ပုဒ်နှင့် "မူးယစ်စွဲသူဖေးမကူရောင်းချသူကိုအရေးယူပြိုင်တူဆောင်ရွက် တိုင်းပြည်တွက်" ဆောင်ပုဒ်တို့က အသီးသီးဆုများရရှိကြသည်။
**(သတင်းစဉ်)**

# အမျိုးသားလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်း

**နေပြည်တော် ဇွန် ၂၁**

အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်၊ ကော်မတီရေးရာဆောင် အမှတ်(၂၀) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။ အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အစိုးရ၏အာမခံချက်များ၊ ကတိများ နှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက အမှာစကားပြောကြားပြီး ကော်မတီအဖွဲ့ဝင်များက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်း အဝေးတွင် အာမခံချက်၊ ကတိနှင့် တာဝန်ခံချက် များဖြစ်ပေါ်ခဲ့သည့် မေးခွန်းနှင့်အဆိုများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ် များနှင့် ဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးချက်များအပေါ် ကော်မတီ အတွင်းရေးမှူးက ဖြည့်စွက်ဆွေးနွေးပြီး ကော်မတီဥက္ကဋ္ဌက ပြန်လည်သုံးသပ် ဆွေးနွေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ သည်။

**(သတင်းစဉ်)**



❑ *ကျော်ဖုံးမှ*

Technical Intern Training Programme အစီ အစဉ်သည် နိုင်ငံခြားသားအလုပ်သမားများကို သက်ဆိုင်ရာ အလုပ်အကိုင်အမျိုးအစား၌ လုပ်ငန်းကျွမ်းကျင်မှုနှင့် နည်းပညာ ကျွမ်းကျင်မှုရရှိစေရန်တို့ကို ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး အလုပ်အကိုင် လုပ်ငန်းခွဲအမျိုးအစား ၁၃၆ မျိုးတွင် လုပ် ကိုင်ဆောင်ရွက်ခွင့်ပြုထားသည်ဟုဆိုသည်။ ယင်းအစီအစဉ်ဖြင့် ဂျပန်နိုင်ငံသို့ လာရောက်အလုပ်လုပ်ကိုင်ကြမည့် အလုပ်သင် အလုပ်သမားများအနေဖြင့် လက်ရှိအခြေအနေတွင် ဂျပန်နိုင်ငံ၌ သုံးနှစ် အလုပ်လုပ်ကိုင်နိုင်မည်ဖြစ်ပြီး ဂျပန်နိုင်ငံ၏ အလုပ်သင် အလုပ်သမားဆိုင်ရာ ဥပဒေအသစ်အား ပြင်ဆင် အတည်ပြုပြီးချိန်တွင် ငါးနှစ်ကြာကာလအထိ တိုးမြှင့်၍ အလုပ်လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကန့်သတ်ထားခြင်းမရှိ**

အလုပ်သင်အလုပ်သမားအစီအစဉ်ဖြင့် မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ လာရောက်အလုပ်လုပ်ကိုင်သူဦးရေမှာ ၂၀၁၄ ခုနှစ်မှ စတင်၍ မြင့်တက်လာခဲ့ရာ ၂၀၁၇ ခုနှစ် ဧပြီလအထိ မြန်မာအလုပ်သင် အလုပ်သမားဦးရေ ၃၅၀၀ ခန့် လာရောက် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ အလားတူ မြန်မာနိုင်ငံမှ ပညာရပ်ကျွမ်းကျင်သူများသည် ကျွမ်းကျင်လုပ်သားအဖြစ် ဂျပန်နိုင်ငံသို့ လာရောက်အလုပ်လုပ်ကိုင်နိုင်ပြီး ဂျပန်နိုင်ငံတွင် နေထိုင် အလုပ်လုပ်ကိုင်နိုင်သည့် အချိန်ကာလကို ကန့်သတ် ထားခြင်းမရှိဘဲ ကုမ္ပဏီ၏ခန့်အပ်ထားရှိမှုအပေါ် အခြေခံ၍ လုပ်ကိုင်နိုင်ကြောင်း သိရသည်။

ဂျပန်နိုင်ငံသို့ လာရောက်အလုပ်လုပ်ကိုင်လိုသူများ အနေဖြင့် လုပ်ကိုင်မည့်လုပ်ငန်းအမျိုးအစားအလိုက် လုပ်ကိုင်နိုင်မှုရှိရန်သာမက အဓိကလိုအပ်ချက်အနေဖြင့် ဂျပန် ဘာသာစကား ကျွမ်းကျင်တတ်မြောက်ရန် လိုအပ်သည်။ ယင်းသတ်မှတ်ချက်နှင့် ပြည့်စုံသူများသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရအေဂျင်စီများနှင့် ဆက်သွယ်၍ ဂျပန်နိုင်ငံသို့ လာရောက် အလုပ်လုပ်ကိုင်နိုင်ကြောင်း သိရသည်။

ဂျပန်နိုင်ငံ တိုကျိုမြို့အခြေစိုက် မြန်မာသံရုံးအနေဖြင့် ဂျပန်နိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်သော မြန်မာနိုင်ငံသား များအတွက် ဂျပန်နိုင်ငံ၏ အလုပ်သမားဥပဒေပါ အခွင့်အရေး များ အပြည့်အဝခံစားနိုင်ရေး၊ မြန်မာနိုင်ငံသားများအတွက် လုံခြုံမှုရှိသော လုပ်ငန်းခွင်ဖြစ်ရေး၊ အလုပ်သမားများ ပြည်ပ လုပ်ငန်းခွင်မှ နည်းပညာများနှင့် အတွေ့အကြုံများရရှိရေး စသည်တို့ကို ရည်ရွယ်ပြီး အလုပ်သမားကိစ္စများနှင့် ပတ်သက်၍ အကြိုစစ်ဆေးခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိကြောင်း သံရုံးထုတ်ပြန်ချက်အရ သိရသည်။

**အလုပ်လုပ်ကိုင်ခွင့်**

မြန်မာအလုပ်သမားများ ဂျပန်နိုင်ငံသို့ မထွက်ခွာမီ အကြိုစစ်ဆေးမှုပြုလုပ်ရာ၌ မြန်မာအလုပ်သမားများအကျိုးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ဦးတည်၍ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လမှ စတင်ပြီး မြန်မာသံရုံးအနေဖြင့် ဂျပန်နိုင်ငံမှ အလုပ်သမားများခေါ်ယူသည့် ကုမ္ပဏီများ မှန်ကန်မှုရှိ-မရှိ၊ အလုပ်သမားများ အမှန်တကယ်ရရှိနိုင်မည့် လုပ်ခလစာနှင့် အလုပ်သမားများထံမှ ဖြတ်တောက်ကောက်ခံမည့် စရိတ်များ ဆီလျော်မှုရှိ-မရှိ၊ အလုပ်သမားများ၏ လုပ်ငန်းခွင်နှင့် နေရာထိုင်ခင်းများ လုံခြုံစိတ်ချ၍ အဆင်ပြေနိုင်မှုရှိ-မရှိ၊ လုပ်ငန်းခွင်သည် နျူကလီးယားဓာတ်ရောင်ခြည်သင့်မှု လွတ်ကင်းသည့် ဒေသဖြစ်-မဖြစ် စသည်တို့ကို အသေးစိတ် စစ်ဆေးလျက် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေနိုင်မည့် ကုမ္ပဏီများ၌သာ မြန်မာနိုင်ငံသားများ အလုပ်လုပ်ကိုင်ခွင့် ရရှိနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်မည့် အလုပ် သမားများအနေဖြင့် အထူးသတိ ပြုရန်အချက်မှာ မြန်မာနိုင်ငံမှ မထွက်ခွာမီကတည်းကပင် အလုပ်ရှင်နှင့် အလုပ်သမားများ အကြား ချုပ်ဆိုရမည့် သဘောတူစာချုပ်များအား သေချာစွာ လေ့လာ၍ နားလည်သဘောပေါက် သိရှိပြီးမှသာ လက်မှတ် ရေးထိုးချုပ်ဆိုရန် လိုအပ်ပါသည်။ သို့မှသာ အလုပ်ရှင်နှင့် အလုပ်သမားအကြား ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ချုပ်ဆိုထားသည့် စာချုပ်စာတမ်းများ၏ ခိုင်မာမှုအပေါ်အခြေခံ၍ ဂျပန်နိုင်ငံ၏ ပြဋ္ဌာန်းဥပဒေများနှင့်အညီ သံရုံးအနေဖြင့် ရပ်တည် ဖြေရှင်း ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာသံရုံးသို့ ဆက်သွယ်လိုသူများအနေဖြင့် Shinagawa-ku, Kita-Shinagawa 4-8-26, Tokyo 140-0001 သို့လည်းကောင်း၊ သံရုံး အီးမေးလ်လိပ်စာ contact@myanmar-embassy-tokyo.net သို့ လည်းကောင်း၊ သံရုံး၏ဖုန်းနံပါတ် ၀၃-၃၄၄၁-၉၂၉၁ သို့လည်းကောင်း၊ အရေးပေါ်ကိစ္စရပ်များနှင့် ကြုံတွေ့ရပါက သံရုံး၏ Hot Line ဖုန်းနံပါတ် ၀၈၀-၄၁၁၈-၃၃၂၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

*စာမျက်နှာ ၆ မှ*

ဇီဝမျိုးစုံမျိုးကွဲတည်ရှိမှုတွင်လည်း ထူးခြားစွာကြွယ်ဝမှုရှိသည့် နိုင်ငံဖြစ်ပါသည်။ သစ်တောအမျိုးအစားနှင့် ဂေဟစနစ်မျိုးစုံသည့်အလျောက် အပင်မျိုးစိတ်များ၊ နို့တိုက်သတ္တဝါများ၊ ကျေးငှက်၊ ကုန်းနေ၊ ရေနေနှင့် တွားသွားသတ္တဝါများနှင့် ရေနေ သတ္တဝါမျိုးစိတ်အမြောက်အမြား ကျက်စားနေထိုင်မှုကို ဖော်ထုတ်တွေ့ရှိရပါသည်။

ထို့အပြင် ကမ္ဘာလုံးဆိုင်ရာ မျိုးသုဉ်းမှုအန္တရာယ်နှင့် ရင်ဆိုင်နေရသည့် မျိုးစိတ် များဖြစ်သည့် သတ္တဝါများ၊ ရှားပါးမျိုးစိတ်များ၊ ကျန်ရှိကျက်စားနေသေးကြောင်း တွေ့ရှိရပါသည်။ ကျား၊ အာရှဆင်၊ မြန်မာနှာလန်မျောက်မျိုးစိတ်၊ ပန်ဒါနီ၊ ရွှေရောင် သားမင်း၊ အင်းကျား၊ ကြံ့သူတော် စသည့် ရှားပါးသတ္တဝါများသာမက မြန်မာ့ဒေသ မျိုးရင်းသတ္တဝါများနှင့် အပင်မျိုးစိတ်များဖြစ်သည့် သစ်ခွနက်၊ သော်ကကြီး စသည် တို့ကိုလည်း တွေ့ရှိရကြောင်း ဖော်ထုတ်မှတ်တမ်းတင်ထားရှိပါသည်။

ယနေ့အထိ ရှာဖွေဖော်ထုတ်တွေ့ရှိ မှတ်တမ်းတင်ထားပြီးဖြစ်သည့် အပင်နှင့် သတ္တဝါမျိုးစိတ်များမှာ အပင်မျိုးစိတ်များ ၁၁၈၀၀၊ နို့တိုက်သတ္တဝါများ ၂၅၈မျိုး၊ ကျေးငှက်များ ၁၀၅၆မျိုး၊ ကုန်းနေ၊ရေနေနှင့် တွားသွားသတ္တဝါ ၃၇၄မျိုး၊ ရေချို ငါးမျိုးစိတ်များ ၃၁၀၊ အဏ္ဏဝါငါးမျိုးစိတ်များ ၄၆၅ မျိုး၊ ဆေးဖက်ဝင်အပင်များ ၈၄၁ မျိုး၊ ဝါးပင်မျိုးစိတ်များ ၉၆ မျိုး၊ ကြိမ်ပင်မျိုးစိတ်များ ၃၇ မျိုးဖြစ်ပြီး မြန်မာနိုင်ငံ၌ သာတွေ့ရှိရသည့် ဒေသရင်းမျိုးစိတ်များမှာ နို့တိုက်သတ္တဝါ ငါးမျိုး (လင်းနို့-၄၊ ရွှေသမင်-၁)၊ ကျေးငှက် ၆မျိုး၊ ကုန်းနေ၊ ရေနေနှင့် တွားသွားသတ္တဝါ ၂၄ မျိုး၊ အပင် များ ၈ မျိုးတို့ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံသည် ဒေသပြောင်းရွှေ့ကျက်စားသည့် ဆောင်းခိုငှက်များ ပျံသန်းရာ လမ်းကြောင်းများအနက် ကျရောက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ မျိုးသုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ရှားပါးဆောင်းခိုငှက်မျိုးစိတ်များ ခိုလှုံကျက်စားမှုရှိကြောင်း တွေ့ရှိရသည်။ ကမ္ဘာပေါ်တွင် စုစုပေါင်းကောင်ရေ ၄၀၀ အောက်သာ ကျန်ရှိတော့သည့် ရေညှော်နှုတ်ဝိုင်းငှက် (ဒေသအခေါ် ဒီလုံးငှက်) များ၏ ဆောင်းခိုငှက်ပျံသန်းရာ လမ်းကြောင်းပေါ်တွင် ကျရောက်၍ ယင်းအကောင် ရေထက်ဝက်ကျော် ကျက်စားသည့်နိုင်ငံအဖြစ် ထင်ရှားပါသည်။ အလားတူ ရှားပါး ငှက်မျိုးစိတ်များဖြစ်သည့် ရေပျော်ငှက်များ၊ ဟိမဝန္တာလင်းတငှက်များ၊ သိန်းစွန်၊ လင်းယုန်ငှက်မျိုးစိတ်များပါ ကျရောက်ကျက်စားမှုရှိကြောင်း လေ့လာမှတ်တမ်းတင် ထားပါသည်။

**မြန်မာ့မျိုးရင်းသတ္တဝါများ ထိန်းသိမ်းခြင်း**

မြန်မာနိုင်ငံ၌သာတွေ့ရှိရသည့် မျိုးစိတ်များနှင့် ယင်းတို့၏ နေရင်းဒေသများ ကို သဘာဝနယ်မြေများဖွဲ့စည်း၍လည်း ထိန်းသိမ်းကာကွယ်လျက်ရှိပါသည်။ ထိုသို့ ထိန်းသိမ်းကာကွယ်ရာတွင် မြန်မာ့ရွှေသမင်ကို ရွှေစက်တော်ဘေးမဲ့တောနှင့် ချပ်သင်းဘေးမဲ့တောတွင် လည်းကောင်း၊ ဖက်ချေ(ဂျီ)ကို ဖုန်ကန်ရာဇီဘေးမဲ့တော နှင့် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်တွင် လည်းကောင်း၊ မြန်မာ့မျိုးရင်း လိပ်မျိုးစိတ် ခြောက်မျိုးကို ထမံသီဘေးမဲ့တော၊ လောကနန္ဒဘေးမဲ့တောဥယျာဉ်၊ မင်းစုံတောင် ဘေးမဲ့တော၊ ရွှေစက်တောဘေးမဲ့တောနှင့် ရခိုင်ရိုးမဆင်ဘေးမဲ့တောတို့တွင် လိပ် မျိုးပွားခြံများထားရှိ ထိန်းသိမ်းလျက်ရှိပါသည်။ မြန်မာ့မျိုးရင်းငှက် ငါးမျိုးရှိပြီး ယင်းတို့အနက် မျက်ခုံးဖြူငှက်ပြာ ခြောက်မျိုးစိတ်မှာ ချင်းပြည်နယ် နတ်မတောင် အမျိုးသားဥယျာဉ်အတွင်းသာ တွေ့ရှိရပြီး ထိန်းသိမ်းကာကွယ်ထားပါသည်။

အလားတူ တောဆင်ရိုင်းများ၊ ကျားမျိုးစိတ်များနှင့် အခြားအရေးကြီးရှားပါး သတ္တဝါများဖြစ်သည့် သားမင်း၊ ပန်ဒါနီ၊ ကျားသစ်၊ ကတိုးကောင်၊ ကြံ့သူတော်၊ ဝက်ဝံ၊ သင်းခွေချပ်များကိုလည်း ဥယျာဉ်/ဘေးမဲ့တောများတွင် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (၁၉၉၄)ခုနှစ်အရ ထိန်းသိမ်းကာကွယ်လျက်ရှိသည်။

**ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်**

မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲ ကွန်ဗင်းရှင်းအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ရာ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ သဘော တူညီမှုများနှင့် ဒေသတွင်းလုပ်ငန်းအဖွဲ့များတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက် လျက်ရှိပါသည်။ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းများကို စီမံကိန်းများ ရေးဆွဲ လျက် နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်လည်း အတူတကွ လက်တွဲဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဂေဟစနစ်နှင့် မျိုးစိတ်များ လေ့လာဖော်ထုတ်ခြင်း၊ သု တေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူများအတွက် သဘာဝ သယံဇာတများ ထုတ်ယူသုံးစွဲမှုနှင့် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ပညာပေး အစီအစဉ်များ ဆောင်ရွက်ခြင်း၊ ရေရှည်တည်တံ့စေမည့် ထိန်းသိမ်းရေးစနစ်နှင့် စီမံအုပ်ချုပ်မှုစနစ်များ ရေးဆွဲဆောင်ရွက်ခြင်းများကို စီမံကိန်းများ၊ ရည်မှန်းချက် များအဖြစ် နိုင်ငံတကာနှင့် နယ်ပယ်စုံတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ စီမံကိန်းများ၏ အကျိုးရလဒ်အဖြစ် ထိန်းသိမ်းရေးဆောင်ရွက်နေသည့် ဝန်ထမ်းများအပါအဝင် ဒေသခံပြည်သူများအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်စေခြင်းများကိုလည်း တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါသည်။

**တရားမဝင် အမဲလိုက်သတ်ဖြတ်မှုနှင့် ကူးသန်းရောင်းဝယ်မှုများတားဆီးနှိမ်နင်း**

တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ တရားမဝင်ကူးသန်းရောင်းဝယ်ခြင်း၊ အမဲလိုက်သတ်ဖြတ်ခံရခြင်းများမှ ကာကွယ်တားဆီးနိုင်ရေးအတွက် နိုင်ငံအတွင်း တည်ဆဲဥပဒေများအရ သစ်တောဦးစီးဌာနနှင့် ဆက်စပ်အစိုးရဌာနများ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများပူးပေါင်းကာ ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံ အဆင့် တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ တရားမဝင် ကူးသန်းရောင်းဝယ် မှုမှ ထိရောက်စွာ တားဆီးနှိမ်နင်းရေးအဖွဲ့ National Wildlife Law Enforcement Task Force ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂-၆-၂၀၁၆ ရက်စွဲပါ အမိန့် (၃၄/၂၀၁၆)ဖြင့် ဖွဲ့စည်းပြီး ASEAN-WEN CITES INTERPOL UNODE စသည့် အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း**

ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းခြင်းသည် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုလျက်ရှိပါသည်။ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်း ကာကွယ်ခြင်းဖြင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာမည့်အပြင် ဒေသခံ ပြည်သူများ၏ အလုပ်အကိုင်နှင့် ဝင်ငွေတိုးတက်ရရှိရေးကို အထောက်အကူပြုလျက် ရှိပါသည်။ အလားတူ ဒေသခံများမှ သဘာဝအခြေခံခရီးသွားလုပ်ငန်းတွင် ပါဝင် ဆောင်ရွက်လာခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဇီဝမျိုးစုံ မျိုးကွဲများ ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ထိန်းသိမ်းဆောင်ရွက် လာနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ လည်ပတ်ကြည့်ရှုနိုင်ရန်အတွက် သဘာဝအခြေခံ ခရီးသွားစခန်းများအဖြစ် သဘာဝ နယ်မြေများနှင့် ဆင်စခန်းများကို (၂၁)နေရာ သတ်မှတ်ကြေညာထားပြီး ဖြစ်ပါသည်။

**ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းများအပေါ် ခြိမ်းခြောက်နေသည့်အချက်များ**

မြန်မာနိုင်ငံတွင် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းများတွင် အဓိကကြုံတွေ့ နေရသည့် အခက်အခဲများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) သဘာဝနယ်မြေများအတွင်း တရားမဝင်ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းနှင့် အခြားမြေအသုံးချမှုပြောင်းလဲခြင်း၊

(ခ) တရားမဝင် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်မှု၊ သားငှက်တိရစ္ဆာန်များကို အမဲလိုက်သတ်ဖြတ်ခြင်းနှင့် ကူးသန်းရောင်းဝယ်ခြင်းများ၊

(ဂ) ရွှေနှင့် အခြားသတ္တုတူးဖော်ခြင်းများ၊

(ဃ) တရားမဝင်နည်းလမ်းများဖြင့် ငါးဖမ်းခြင်းများ၊

(င) ထိန်းသိမ်းရေး ကာကွယ်ရေးအသိအမြင်နည်းပါးခြင်းနှင့် သဘာဝသယံဇာတများကို အလွန်အကျွံထုတ်ယူခြင်းတို့ဖြစ်သည်။

သို့ဖြစ်ရာ ဇီဝမျိုးစုံမျိုးကွဲ ကာကွယ်ထိန်းသိမ်းခြင်းသည် နိုင်ငံတော်၏ သဘာဝ သယံဇာတများကို ထိခိုက်ပျက်စီးမှုမရှိစေရန် ဆောင်ရွက်နေသကဲ့သို့ ရာသီဥတုကို ကောင်းမွန်လာစေရန် ထိန်းညှိပေးခြင်း၊ သဘာဝဘေးအန္တရာယ် လျော့နည်းစေရန် ကာကွယ်ခြင်း၊ နိုင်ငံတော်၏ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာမည့်အပြင် နိုင်ငံတော်၏ ဝင်ငွေများလည်း တိုးတက်ရရှိလာမည်ဖြစ်သည့်အတွက် ပြည်သူ အားလုံးက ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းများတွင် အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါ သည်။

# စစ်သွေးကြွများကိုတားဆီးရန် အာဖဂန်နယ်စပ်ကိုခြံစည်းရိုးကာသွားမည်ဟု ပါကစ္စတန်ပြောကြား

**အစ္စလာမ္မာဘတ် ဇွန် ၂၁**

စစ်သွေးကြွတို့၏ နယ်စပ်ဖြတ်ကျော်လှုပ်ရှားမှုများအား ဖြတ်တောက်နိုင်ရန် အာဖဂန်နစ္စတန်နှင့် ထိစပ်နေသော နယ်စပ်တစ်ခုလုံးကို ခြံစည်းရိုးကာသွားမည်ဖြစ်ကြောင်း ပါကစ္စတန်တပ်ဖွဲ့က မကြာသေးမီက ပြောကြားခဲ့သည်။

ဘဂျော၊ မိုမန့်ဒ်နှင့် ခိုင်ဘာလူမျိုးစုဒေသများရှိ နယ်စပ်ဧရိယာများတွင် တရားမဝင် ဝင်ရောက်မှုမြင့်တက်လာသောကြောင့် အာဖဂန်နစ္စတန်နှင့် ထိစပ်နေသော နယ်စပ်တစ်ခုလုံးကို ခြံစည်းရိုးကာရန် စတင်ခဲ့ခြင်းဖြစ်ကြောင်း ယမန်နေ့က ပါကစ္စတန်စစ်တပ်က ပြောခဲ့သည်။



ပါကစ္စတန်နိုင်ငံနှင့်အာဖဂန် နစ္စတန်နိုင်ငံအကြား ထိစပ်နေသော နယ်စပ်အကျယ်အဝန်းမှာ ၂၆၀၀ ကီလိုမီတာနီးပါးရှိကြောင်း သိရသည်။

နယ်စပ်တစ်လျှောက်တွင် လုံခြုံရေးကင်းမဲ့မှုများကြောင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုများကို တားဆီးရန် ပျက်ကွက်မှုဖြစ်ပွားခဲ့ရာ တစ်ဖက်နှင့်တစ်ဖက်ပြစ်တင်လျက်ရှိကြောင်း သိရသည်။

ယခုအခါတွင် နယ်စပ်လုံခြုံရေးအတွက် တာဝန်ရှိသည့်ပါကစ္စတန်တပ်ဖွဲ့၊ နယ်ခြားစောင့်တပ်ဖွဲ့နှင့် အပျော်တမ်းတပ်ဖွဲ့များက ပက်ခ်ထွန်ခွာပြည်နယ်တွင် စောင့်ကြည့်မှုနှင့် ကာကွယ်ရေးစနစ်များမြှင့်တင်ရန် ခံတပ်အသစ်များနှင့် နယ်စပ်ဂိတ်များ တည်ဆောက်လျက်ရှိသည်။

(ဆင်ဟွာ)

# ဖုံးဖောက်ခွဲမည့်ဆဲဆဲ အသေခံဗုံးခွဲသမားများကို အီရတ်တပ်ဖွဲ့သုတ်သင်နိုင်ခဲ့

**ဘဂ္ဂဒက် ဇွန် ၂၁**

အီရတ်နိုင်ငံ ဆာလာဟူဒင်ပြည်နယ်တွင် ဇွန် ၂၀ ရက်က အသေခံဗုံးခွဲသမား ၁၂ဦး ဗုံးဖောက်ခွဲမည့်ဆဲဆဲတွင် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောခဲ့သည်။

အီရတ်တပ်ဖွဲ့ဝင်များသည် ထောက်လှမ်းရေးသတင်းများအရ မြို့တော် ဘဂ္ဂဒက်မြောက်ဘက် ၂၀၀ ကီလိုမီတာခန့်အကွာရှိ အယ်လ်ဆာလန်ရွာအနီးတွင် အသေခံဗုံးခွဲသမားဟုယူဆရသူ ၁၂ ဦးအား ချုံခိုတိုက်ခိုက်ခဲ့ကြောင်း ဆာလာဒင်ပြည်နယ် အုပ်ချုပ်ရေးမှူး အာမက်အဗ္ဗ ဒူလာအယ်ဂျူဘော်ရီက သတင်းစာရှင်းလင်းပွဲတစ်ခုတွင်ပြောခဲ့သည်။အီရတ်တပ်ဖွဲ့ဝင်များနှင့် အသေခံဗုံးခွဲသမားဟု ယူဆရသူများနှင့် တိုက်ပွဲအပြင်းအထန်ဖြစ်ပြီးနောက် ၎င်းတို့ကို သုတ်သင်နိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အိုင်အက်စ်စစ်သွေးကြွတို့၏ တိုက်ခိုက်မှုများမြင့်တက်လာခြင်းကို တွန်းလှန်ရန်အတွက် ဘဂ္ဂဒက်မြို့ ဗဟိုအစိုးရထံမှ စစ်ရေးအထောက်အပံ့များလိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ (ဆင်ဟွာ)

# တရုတ်နိုင်ငံ၏ ရထားပို့ဆောင်ရေးစနစ်ကို ထိုင်းနိုင်ငံရယူ ဆောင်ရွက်မည်

**ဗန်ကောက် ဇွန် ၂၁**

ထိုင်းနိုင်ငံရှိအာဏာပိုင်များသည် နိုင်ငံ၏ကုန်စည်ပို့ဆောင်မှုကွန်ရက်ကို တိုးတက်စေရန်ကြိုးပမ်းဆောင်ရွက်မှုတစ်ရပ်အနေဖြင့် ဗန်ကောက်နှင့်ပြည်နယ်ဧရိယာများအကြားတွင်ချိတ်ဆက်ပေးမည့် ရထားပို့ဆောင်ရေးစနစ်သစ်တစ်ခုကို တည်ဆောက်သွားမည်ဖြစ်ပြီး ထိုသို့တည်ဆောက်ရာတွင် တရုတ်နိုင်ငံ၏ ရထားစနစ်ရယူဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရထားပို့ဆောင်ရေးစနစ်ကို လာမည့်ဩဂုတ်လအတွင်း စောနိုင်သမျှစောအောင်စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကုန်ကျစရိတ်အားဖြင့် ၅ ဒသမ ၂ ဒေါ်လာဘီလီယံခန့်ကုန်ကျနိုင်ကြောင်း ထိုင်းသယ်ယူပို့ဆောင်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

ရထားများနှင့် အချက်ပြစနစ်များကိုတရုတ်ကုမ္ပဏီများကအကူအညီပေးအပ်ဖြည့်ဆည်းသွားမည်ဖြစ်သည်ဟု ဆိုသည်။ တရုတ်နိုင်ငံတွင်လည်း နိုင်ငံတောင်ပိုင်းကူမင်းနှင့် လာအိုကိုချိတ်ဆက်ပေးသည့် ရထားပို့ဆောင်ရေးလမ်းကြောင်းတစ်ခုကို တည်ဆောက်ထားပြီး ဖြစ်သည်။

ထိုင်းနိုင်ငံ၏ရထားပို့ဆောင်ရေးစနစ်သစ် တည်ဆောက်မှုသည် တရုတ်နိုင်ငံမှ စက်မှုထုတ်ကုန်များကိုပိုမိုတင်သွင်းခွင့်ပြုမည့်အခြေအနေရှိပြီး ဒေသတွင်း၌နိုင်ငံ၏ ပါဝင်မှုကို မြှင့်တင်သွားရန်ဖြစ်ဖွယ်ရှိကြောင်း သတင်းရင်းမြစ်များတွင်ဖော်ပြခဲ့သည်။

(အင်န်အိတ်ချ်ကေ)

# Uber နည်းပညာကုမ္ပဏီမှအမှုဆောင်အရာရှိချုပ်နုတ်ထွက်

**ဆန်ဖရန်စစ္စကို ဇွန် ၂၁**

အမေရိကန်ပြည်ထောင်စုရှိ အကျော်ကြားဆုံးနည်းပညာကုမ္ပဏီများအနက်တစ်ခုဖြစ်သည့် Uber မှအမှုဆောင်အရာရှိချုပ်ဖြစ်သူ ထရာဗစ်ကာလန်နစ်သည် အင်္ဂါနေ့တွင်နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း သိရသည်။

၎င်း၏ဦးစီးလုပ်ကိုင်ဆောင်ရွက်မှုအပေါ် ရင်းနှီးမြှုပ်နှံသူများထံမှဖိအားပေးမှုများစွာကို ခံခဲ့ရသည့်အတွက် ထိုသို့နုတ်ထွက်လိုက်ခြင်းဖြစ်သည်ဟု သတင်းရင်းမြစ်များတွင် ဖော်ပြထားသည်။

ကာလန်နစ်သည် ၂၀၀၉ ခုနှစ်က ၎င်းစတင်ကူညီဆောင်ရွက်ပေးခဲ့သည့် ကုမ္ပဏီတစ်ခု၌ လုပ်ငန်းခွင်ဆိုင်ရာလက်တွေ့ဆောင်ရွက်မှုတို့ကို စုံစမ်းစစ်ဆေး ခံရမှုဖြစ်ပွားခဲ့ပြီးနောက် ပြီးခဲ့သည့်ရက်သတ္တပတ်အနည်းငယ်အတွင်းမှာပင် ၎င်းအား စစ်ဆေးမေးမြန်းမှုများစွာ ပေါ်ပေါက်လာခဲ့သည်။ (ရိုက်တာ)

# အိုင်အက်စ်တို့အား တိုးမြှင့်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတပြောကြား

**မနီလာ ဇွန် ၂၁**

ယနေ့နံနက်အစောပိုင်းတွင် ဖိလစ်ပိုင်တောင်ပိုင်း ပစ်ချ်ကာဝါရန်မြို့ရှိ ကျေးရွာတစ်ရွာအား ဘန်ဆာမိုရိုအစ္စလာမ္မစ်လွတ်မြောက်ရေးတိုက်ခိုက်ရေးသမားများ ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။

အမည်မသိလက်နက်ကိုင်များက ကျေးရွာများအား ဝင်ရောက်တိုက်ခိုက်ခဲ့သည်ဟူသည့် သတင်းပေးပို့ချက်ကို ယနေ့နံနက် ဒေသစံတော်ချိန် နံနက် ၅ နာရီခန့်တွင် မြောက်ကိုတာဘာကိုပြည်နယ်ရှိ ပစ်ချ်ကာဝါရန်မြို့ရဲတပ်ဖွဲ့အကြီးအကဲ ရဲစုံစမ်းရေးမှူး ရီယယ်လန်မာမွန်က လက်ခံရရှိခဲ့ကြောင်း ပြောခဲ့သည်။



ဖိလစ်ပိုင်တပ်ဖွဲ့နှင့် လက်နက်ကိုင်များအကြားပစ်ခတ်မှုဖြစ်ပွားနေသည့် နေရာတွင် အရပ်သားများပိတ်မိနေကြောင်း မာမွန်က ပြောသည်။ ထို့အပြင် လက်နက်ကိုင်တပ်ဖွဲ့များသည် မြို့အတွင်းရှိစာသင်ကျောင်းတစ်ကျောင်းကိုလည်း ဝင်ရောက်စီးနင်းထားကြောင်းဒေသဆိုင်ရာရဲတပ်ဖွဲ့က အစောပိုင်းတွင် ပြောကြားခဲ့သည်။

ပစ်ချ်ကာဝါရန်မြို့သည် လွန်ခဲ့သော မေ ၂၃ရက်က အိုင်အက်စ်တို့အားသစ္စာခံပြီးအစိုးရတပ်ဖွဲ့ဝင်များနှင့် အပြင်းအထန်တိုက်ပွဲဖြစ်ပွားခဲ့သော မာရာဝီမြို့၏ အရှေ့တောင်ဘက်တွင်တည်ရှိကြောင်း သိရသည်။

သမ္မတဒူတာတေးက ဖိလစ်ပိုင်တောင်ပိုင်း မင်ဒါနာအိုကျွန်းတွင် တပ်စွဲထားသည့် အိုင်အက်စ်လက်နက်ကိုင်များအား တိုးမြှင့်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

(ဆင်ဟွာ)

# ဒရုန်းဖြင့် လျှို့ဝှက်ထောက်လှမ်းသည်ဟုဆိုကာ မြောက်ကိုရီးယားအားတောင်ကိုရီးယားဝေဖန်ရှုတ်ချ

**ဆိုးလ် ဇွန် ၂၁**

ဇွန်လအစောပိုင်းက မြောက်ကိုရီးယားနိုင်ငံနှင့် ထိစပ်နေသည့်တောင်ကိုရီးယားနယ်စပ်တွင် ပျက်ကျဒရုန်းလေယာဉ်တစ်စင်းကိုတွေ့ရှိခဲ့ရပြီး အဆိုပါ ဒရုန်းလေယာဉ်ကို မြောက်ကိုရီးယား နိုင်ငံက ပိုင်ဆိုင်ကြောင်း သိပ္ပံနည်းကျ အထောက်အထားများအရ ဖော်ထုတ်နိုင်ခဲ့ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက မြောက်ကိုရီးယားအနေဖြင့် ဒရုန်းယာဉ်ကိုအသုံးပြုကာ လျှို့ဝှက်ထောက်လှမ်းခဲ့ခြင်းဖြစ်ပြီး စစ်မက်ဖြစ်ပွားအောင်ရန်စလိုက်ခြင်း ဖြစ်ကြောင်း ဝေဖန်ပြောကြားခဲ့သည်။

ဒရုန်းလေယာဉ်ပေါ်ရှိ ထိန်းချုပ်ရေးစနစ်မှဖော်ပြသည့် မှတ်တမ်းများနှင့် ပုံရိပ်များက မြောက်ကိုရီးယားသည် ပြီးခဲ့သည့် မေလအတွင်းက တောင်ကိုရီးယားနိုင်ငံအား တိတ်တဆိတ်စုံစမ်းထောက်လှမ်းမှု လုပ်ဆောင်ရန်အတွက် ဒရုန်းယာဉ်ကို အသုံးပြုခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဒရုန်းလေယာဉ်သည် မြောက်ကိုရီးယား အရှေ့တောင်ဘက်ဆီမှ ထွက်ခွာပျံသန်းလာခဲ့ခြင်းဖြစ်ပြီး ဓာတ်ပုံများစွာရိုက်၍မှတ်တမ်းတင်ခဲ့ကြောင်း၊ ယင်းဓာတ်ပုံများတွင် တောင်ကိုရီးယားတောင်ပိုင်းတွင် ဖြန့်ကြက်ထားသည့် အမေရိကန်ဒုံးကျည်ကာကွယ်ရေးစနစ်တည်နေရာများ ပါဝင်နေသည်ကိုတွေ့ရကြောင်း သိရသည်။

ဒရုန်းယာဉ်သည်ပျံသန်းထွက်ခွာလာပြီးနောက် ငါးနာရီခွဲခန့်အကြာတွင် အိမ်အပြန်လမ်း၌ လောင်စာဆီပြတ်တောက်ကာ ပျက်ကျသွားခဲ့ခြင်း ဖြစ်ကြောင်း ဖော်ပြထားသည်။

ဒရုန်းယာဉ်ပေါ်တွင် ပါရှိသည့် လောင်စာကန်နှင့် ဘက်ထရီခံနိုင်စွမ်းမှာ လွန်ခဲ့သောသုံးနှစ်အကြာက တွေ့ရှိခဲ့ရသည့် မြောက်ကိုရီးယား ဒရုန်းယာဉ်ထက်ပိုမိုကြီးမားပြီး နှစ်ကြိမ်ပျံသန်းနိုင်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ထို့ပြင် ဒရုန်းလေယာဉ်၏ အင်ဂျင်မှာချက်သမ္မတနိုင်ငံလုပ် အင်ဂျင်ဖြစ်ကြောင်း ဖော်ပြထားသည်။ မူလက အဆိုပါအင်ဂျင်ကို အမေရိကန်ထုတ်အင်ဂျင်ဟု ယူဆခဲ့ကြသည်။

(အင်န်အိတ်ချ်ကေ)



❍ *ကျောဖုံးမှ*

ထိုသို့ဆောင်ရွက်ခဲ့သည့်အတွက် Multiple Visa ကို ခွင့်ပြုပေးထားပါကြောင်း၊ ယခုအစိုးရသစ်လက်ထက် ငြိမ်းချမ်းရေးကိစ္စများ ဆောင်ရွက်သည့်အခါတွင် EURO-Burma Office နှင့် သဘောတူညီချက်များ ပြုလုပ်ထားခြင်းမရှိပါကြောင်း။

**သံရုံးများ အသိပေးပြောကြား**

မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အစိုးရနှင့်ပူးပေါင်းဆောင်ရွက်ခြင်းလည်း မရှိပါကြောင်း၊ ၎င်းကို ဗီဇာမပိတ်ပါကြောင်း၊ သို့သော် ယခင်ကပေးထားသည့် Multiple Visa မရတော့ပါကြောင်း၊ ဦးဟန်ညောင်ဝေအနေဖြင့် မြန်မာနိုင်ငံကို အချိန်မရွေး ဝင်နိုင်၊ ထွက်နိုင်ပါကြောင်း၊ အဝင်အထွက်လုပ်သည့်အခါတွင် အခြားသူများ ဝင်ထွက်သည့်အတိုင်း Social Visa ဖြင့် ဝင်၍ ရနိုင်ပါကြောင်း၊ သံရုံးများကိုလည်း အသိပေးပြောကြားထားပြီးဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ(UNFC) နှင့် စပ်လျဉ်းပြီး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက UNFC မှ အစည်းအဝေးလုပ်နေပါကြောင်း၊ အစည်းအဝေးတွင် UNFC အား ပြင်ဆင်ဖွဲ့စည်းရန် ရှိသည်ဟုလည်း သတင်းများကြားသိရပါကြောင်း၊ ထို့ကြောင့် အစိုးရအဖွဲ့၏သဘောထားကို ငြိမ်းချမ်းရေးကော်မရှင်မှ ဒေါက်တာမင်းဇော်ဦးအား ယင်းအစည်းအဝေးသို့ တက်ရောက်၍ပြောကြားရန် စေလွှတ်ထားပါကြောင်း၊ UNFC ပြင်ဆင်ဖွဲ့စည်းပြီးမှ အစိုးရ၏သဘောထားကို လက်ခံနိုင်ခြင်း၊ လက်မခံနိုင်ခြင်း အခြေအနေများ ရှုပ်ထွေးသွားမည်စိုး၍ ညီလာခံမတိုင်ခင်ကတည်းက ကြိုတင်၍ ကိုယ်စားလှယ်စေလွှတ်ကာ ပြောရခြင်းဖြစ်ပါကြောင်း။

**လက်ခံရန်ခက်ခဲမည်**

ထိုသို့ပြောရာတွင် ယခင်အစိုးရ၊ တပ်မတော်နှင့် NCA ညှိနှိုင်းခဲ့စဉ်က ပါဝင်ခဲ့သည့် အဖွဲ့ ၂၁ ဖွဲ့ရှိပါကြောင်း၊ အဆိုပါ အဖွဲ့ ၂၁ ဖွဲ့အား အစိုးရအနေဖြင့် အသိအမှတ်ပြုလက်ခံပါကြောင်း၊ ကြားကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့- အဖွဲ့အသစ်များပေါ်လာပြီး UNFC တွင် နောက်ထပ် ထပ်တိုးအနေဖြင့် ပါလာမည်ဆိုပါက မိမိတို့အနေဖြင့် လက်ခံရန်ခက်ခဲမည်ဖြစ်ပါကြောင်း၊ နောက်တစ်ချက်မှာ UNFC, DPN တို့မှ တောင်းဆိုချက် ကိုးချက်အပေါ်တွင် ညှိနှိုင်းနေပါကြောင်း၊ ညှိနှိုင်းဆွေးနွေးပွဲငါးကြိမ်ကျင်းပခဲ့ပြီး ခြောက်ကြိမ်မြောက်ကို ရန်ကုန်မြို့၌ ဆက်လက်ကျင်းပသွားရန် ရှိပါကြောင်း၊ ခြောက်ကြိမ်မြောက် ညှိနှိုင်းဆွေးနွေးရာတွင် နှစ်ဖက်အခက်အခဲများမဖြစ်ရန် ငြိမ်းချမ်းရေးကော်မရှင်မှ ကိုယ်စားလှယ်စေလွှတ်ပြီး အစိုးရ၏သဘောထားအား ပေးပို့ခြင်းဖြစ်ပါကြောင်း၊ ယင်းသဘောထားမှာ NCA ဆွေးနွေးညှိနှိုင်းစဉ်က ပါဝင်ခဲ့သည့် အဖွဲ့ ၂၁ ဖွဲ့ကိုသာ လက်ခံပါကြောင်း၊ ကျန်သောအဖွဲ့အသစ်များပေါ်ပေါက်လာခြင်းနှင့် အဖွဲ့သစ်များတိုးလာခြင်းကို လက်ခံမည်မဟုတ်ကြောင်းအား ရှင်းရှင်းလင်းလင်းဖြစ်ရန် ကြိုတင်ပြောကြားထားခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

**စုံစမ်းဖော်ထုတ်ရရှိမှု**

ထို့နောက် ဘူးသီးတောင်- မောင်တောဒေသ မေယုတောင်ကြောအား အခြေပြု၍ အကြမ်းဖက်သင်တန်းများဖွင့်လှစ်နေမှုအား စုံစမ်းဖော်ထုတ်ရရှိမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာများ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားခဲ့သည်။

(သတင်းစဉ်)



တင်းမေကျေးရွာအနီး အကြမ်းဖက်သင်တန်းလေ့ကျင့်သူများ၏ အသုံးအဆောင်ပစ္စည်းများကို တွေ့ရစဉ်



လေ့ကျင့်အသုံးပြုသော သေနတ်ပုံစံသစ်သားချောင်းများကို တွေ့ရစဉ်



ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာမှ သိမ်းဆည်းရရှိသည့် သက်သေခံပစ္စည်းများ

# မိုးသည်းထန်ပြီး တောင်ကျချောင်းရေတိုးမှုကြောင့် တောင်ကုတ်မြို့ မြေနိမ့်ပိုင်းရပ်ကွက်များ ရေဝင်

**တောင်ကုတ် ဇွန် ၂၁**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့၌ မိုးများသည်းထန်စွာ ရွာသွန်းပြီး ချောင်းရေတိုးသဖြင့် မြို့ပေါ်မြေနိမ့်ပိုင်းရပ်ကွက်များတွင် ဇွန် ၂၀ ရက်မှ ၂၁ ရက်အထိ ရေများဝင်ရောက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

"မိုးက အဆက်မပြတ်ရွာသွန်းပြီး တောင်ကုတ်ချောင်းမကြီး တောင်ကျရေတွေက အဆမတန်တိုးလာတဲ့အတွက် တောင်ကုတ်မြို့ရဲ့ မြေနိမ့်ပိုင်းရပ်ကွက်တွေ ရေဝင်ရောက်ခဲ့တာပါ။ အဓိက ရေဝင်ရောက်တဲ့နေရာတွေကတော့ ညဈေး၊ ဆေးရုံရပ်ကွက်သစ်၊ ချောင်းကောက်ရပ်ကွက်တွေမှာ အနည်းဆုံး သုံးပေထိ ရေဝင်ရောက်ခဲ့တယ်။ ရေကပြန်ကျနေပေမယ့် အနိမ့်ပိုင်းရပ်ကွက်တွေ အခုထိ ရေဝင်နေတုန်းပဲ။ ရေတွေကကျန်နေသေးတယ်"ဟု တောင်ကုတ်မြို့ ဂူတာရပ်ကွက်နေသူ ကိုရာဇာထွန်းက ပြောကြားသည်။

အဆိုပါရေဝင်ရောက်မှုကို သဘာဝဘေးကြိုတင်ကာကွယ်ရေးစီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများအနေဖြင့် ဒေသများအရေးပေါ် ရွှေ့ပြောင်းရန်လိုအပ်လျှင် ကူညီပြောင်းရွှေ့နိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြောင်း သိရသည်။

ရေဝင်ရောက်မှုကြောင့် မြို့ပေါ်ရပ်ကွက်များ၌ သွားရေးလာရေး ခက်ခဲမှုများဖြစ်ပေါ်လျက်ရှိပြီး လတ်တလောတွင် လှေငယ်များဖြင့် သွားလာနေရကြောင်းသိရသည်။

"မနေ့က ရေကတော်တော်လေးများတယ်။ တစ်အိမ်နဲ့ တစ်အိမ်သွားလာရတာကအစ ခက်ခဲတဲ့အတွက် လှေနဲ့ပဲ သွားရတယ်။ ဇွန် ၂၀ ရက်က ရေအဆမတန်များပြားတဲ့အတွက် တောင်ကုတ်မြို့ တန်းလွဲဒေသ ပြောင်းပျိုင်းကျေးရွာမှာ ကလေးငယ်တစ်ယောက် ရေနောက်မျောပါ သွားတာ အခုထိ မတွေ့ရသေးဘူးလို့ သိရတယ်"ဟု ကိုရာဇာထွန်းက ဆက်လက်ပြောသည်။

**သတင်း-တင်မောင်လွင်၊ ဓာတ်ပုံ-ရာဇာထွန်း(တောင်ကုတ်)**



# ကလေး-ဖလမ်း-ဟားခါး ကားလမ်း မြေကာနံရံပြိုကျ၊ ကားလမ်းပိတ်ဆို့မှုမဖြစ်အောင် လမ်းအထူးအဖွဲ့များက ရှင်းလင်း

**ဟားခါး ဇွန် ၂၁**

ချင်းပြည်နယ်တွင် မုန်တိုင်းမိုးများအဆက်မပြတ်ရွာသွန်းနေမှုကြောင့် ကလေး-ဖလမ်း-ဟားခါး ကားလမ်း ၄၄ ဒသမ ၄၀ ကီလိုမီတာမှ ၄၄ဒသမ ၆၀ ကီလိုမီတာကြားရှိ မြေကာနံရံမှာ ပေ ၁၅၀ ခန့် ပြိုကျပျက်စီးသွားသဖြင့် တန်ဖိုးငွေကျပ်သန်း ၇၀ ကျော် ဆုံးရှုံးသွားခဲ့ပြီး တောင်ပေါ်ကားလမ်းလည်း ခေတ္တပိတ်သွားခဲ့သည်။

ထိုအခြေအနေကို သိလျှင်သိချင်း ချင်းပြည်နယ်လမ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် လမ်းအထူးအဖွဲ့ (၁၀)က မိုးရာသီ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးအတွက် ဟားခါးမြို့၌ စုစည်းထားရှိသော စက်ယာဉ်ယန္တရား ၃၂ စီးကို အသုံးပြုပြီး ပြိုကျသွားသော မြေကာနံရံနေရာတွင် ယန္တရားကြီးများဖြင့် တောင်ခြေလမ်းချဲ့ခြင်းနှင့် မြေကာနံရံများ ထပ်မံမပြိုကျအောင် ယာယီကာရံမှုများပြုလုပ်ပေးကာ တစ်နာရီခန့်အကြာတွင် ကားများကို ဆက်လက်မောင်းနှင်သွားလာခွင့်ပြုခဲ့သဖြင့် ယခုအခါတောင်ပေါ်ကားလမ်းများပွင့်သွားခဲ့သည်။

ထို့အတူ တောင်ပေါ်ကားလမ်း ၇၀ ဒသမ ၄ ကီလိုမီတာမှ ၇၂ ဒသမ ၀ ကီလို မီတာအကြား အလျား ၉၂ မီတာ၊ အနံ ၇ မီတာ၊ အမြင့် ၁၅ မီတာကြား၌ တစ်နေရာမြေပြိုခြင်းနှင့် ၁၂၄ ဒသမ ၅ ကီလိုမီတာမှ ၁၇၀ ဒသမ ၀ ကီလိုမီတာတွင်လည်း ယခုလဆန်းပိုင်းက တောင်ပြို၍ လမ်းပိတ်ဆို့မှုများခေတ္တဖြစ်ပွားခဲ့ရာ ဖလမ်းခရိုင်နှင့်ဖလမ်းမြို့နယ်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းအထူးအဖွဲ့များက လူနှင့်စက်ယန္တရားများပါ အထူးစောင့်ကြပ် ပြုပြင်ပေးလျက်ရှိသဖြင့် ကားလမ်းပိတ်ဆို့မှုများ ဖြစ်ပွားမှုမရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ခရမ်းစိုးမြင့်**



ယနေ့ရန်ကုန်
Yangon Today

# ယနေ့ ရန်ကုန်စာမျက်နှာတွင် ကြော်ငြာများ ထည့်သွင်းနိုင်

မြန်မာနိုင်ငံ၏ လူဦးရေ ၁၀ ရာခိုင်နှုန်းကျော် မှီတင်းနေထိုင်ကြသော စီးပွားရေးမြို့တော် ရန်ကုန် ...

ရန်ကုန်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ရေချိန်အနိမ့်အမြင့်၊ အတက်အကျတို့က နိုင်ငံ၏အခြေအနေအရပ်ရပ်ကို ထင်ဟပ်သည်ဟုလည်း ပညာရှင်တို့က ဆိုကြသည်။ ရန်ကုန်၏ မျက်မှောက်အခြေအနေကိုဖော်ပြသည့် "ယနေ့ ရန်ကုန် Today Yangon" အချပ်ပိုစာမျက်နှာများကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း မြန်မာ့အလင်း သတင်းစာ စာဖတ်ပရိသတ်များအတွက် တစ်နိုင်ငံလုံးသို့ ဖြန့်ချိလျက်ရှိရာ ၎င်းကဏ္ဍနှင့်ဆက်စပ်ပြီး ကြော်ငြာထည့်သွင်းလိုမှုများကိုလည်း အောက်ပါနေရာများအလိုက် လက်ခံဖော်ပြပေးနေပြီဖြစ်ပါကြောင်း ကြော်ငြာရှင်များထံ အသိပေးအပ်ပါသည် -

**ကြော်ငြာဌာနများ -**

(၁) မြန်မာ့အလင်းသတင်းစာတိုက် (ရန်ကုန်) အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၅၄၅၈၃၄၊ ၅၅၉၁၁၈၊ ၀၉-၄၂၀၁၁၄၀၀၅၊
(၂) ကြေးမုံသတင်းစာတိုက် (ရန်ကုန်)၊ အမှတ် (၇၇)၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁- ၂၉၉၄၂၇၊ ၃၉၇၃၃၀၊ ၀၉-၅၁၆၆၅၄၃၊
(၃) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ အမှတ် (၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁- ၂၄၈၁၀၁၊ ၂၄၈၁၀၂၊ ၀၉ -၇၃၁၀၀၂၇၄၊
(၄) မြန်မာ့အလင်းပုံနှိပ်တိုက် (ရန်ကုန်)၊ အမှတ် ၅၈ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၅၅၈၃၂၉၊ ၀၉ -၄၂၀၁၃၆၉၇၇၊
(၅) သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရုံးချုပ် (နေပြည်တော်)၊ ရုံးအမှတ် (၇) ပြန်ကြားရေးဝန်ကြီးဌာန၊ ဖုန်း ၀၆၇-၄၁၂၁၁၈၊ ၀၉ -၄၃၀၁၉၁၆၂၊
(၆) မြန်မာ့အလင်းသတင်းစာတိုက် (နေပြည်တော်) ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း ၀၆၇ - ၃၆၁၄၈၊ ၃၆၁၂၉၊ ၀၉ - ၄၂၀၇၀၆၈၇၃၊
(၇) ကိုယ်ပွားသတင်းစာတိုက်များ ( မန္တလေး၊ မုံရွာ၊ စစ်တွေ၊ လားရှိုး၊ တောင်ကြီး၊ ကျိုင်းတုံ၊ မြစ်ကြီးနား၊ မော်လမြိုင်၊ ကလေး၊ မြိတ်)

# မန္တလေးမြို့ပေါ်၌ ဆိုင်ကယ်များဖြင့် အုပ်စုဖွဲ့ရန်ဖြစ်ဟန်ဆောင်ကာ လုယက်မှုများကို ကျူးလွန်ခဲ့သူများအား ဖမ်းဆီးအမှုဖွင့်စစ်ဆေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၁**

မန္တလေးမြို့ပေါ်၌ ဆိုင်ကယ်များဖြင့် အုပ်စုဖွဲ့ရန်ဖြစ်ဟန်ဆောင်ကာ လုယက်မှုကျူးလွန်ခဲ့သူများအား ဖမ်းဆီးအမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဇွန် ၁၇ ရက် နံနက် ၂ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမှတ်(၈)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ၃၄ လမ်း၊ (၇၄×၇၅)လမ်းကြားအရောက် ချမ်းမြသာစည်မြို့နယ်နေ ဟိန်းထက်(၁၉နှစ်)အား မသင်္ကာဖွယ်တွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးချက်အရ ၎င်းသည် ချမ်းမြသာစည်မြို့နယ်နေသူများဖြစ်သည့် ထက်ဝေတိုး(ခ)ထက်ကြီး (၁၇နှစ်)၊ စွမ်းထက်ရန်နိုင်(ခ)စွမ်းထက် (၁၇နှစ်)၊ စန်းသူရ(ခ) မိဝါ(ခ) ဝါဝါ(၁၆)နှစ်၊ ဇော်လင်းထွန်း(ခ) ဇော်ကြီး(၁၆နှစ်)၊ သက်နိုင်မြင့်(ခ) သက်ကြီး(၁၇နှစ်)၊ ကျော်မင်းထွန်း(ခ)ကျော်ကြီး(၁၇နှစ်)၊ ကျော်ကျော်ဖြိုး(ခ) ကုလားလေး (၁၇နှစ်)၊ တင်ထွန်းအောင် (၁၇)နှစ်၊ ကျော်ကျော်နိုင်(၁၇နှစ်)နှင့် လှဝင်းထွဋ် (၁၆နှစ်) တို့နှင့်အတူ မြို့ပေါ်၌ ဆိုင်ကယ်များဖြင့် အုပ်စုဖွဲ့ရန်ဖြစ်ဟန်ဆောင်ကာ လုယက်မှုများကို ကျူးလွန်ခဲ့ကြောင်း သိရသဖြင့် ပါဝင်သူ ၁၀ ဦးအား ဖမ်းဆီးခဲ့ကြောင်း သိရသည်။

၎င်းတို့အား ဖော်ထုတ်စစ်ဆေးချက်များအရ (၂၆×၆၆) လမ်းထောင့် ဆီဒိုးနားဟိုတယ်အနီးတွင် ထိုင်နေသည့် လူငယ်သုံးဦးထံမှ Samsung J2 Prime အမျိုးအစား ရွှေရောင်လက်ကိုင်ဖုန်းတစ်လုံးကို လည်းကောင်း၊ မနော်ဟရီလမ်း (၆၀×၆၁) လမ်းကြား ABC စတိုးဆိုင်မှ ထွက်လာသူသုံးဦးထံမှ Vivo အမျိုးအစား အဖြူရောင်လက်ကိုင်ဖုန်းတစ်လုံးကို လည်းကောင်း၊ ချမ်းမြသာစည် မြို့နယ် Ocean Center အနီး၌ ဆိုင်ကယ်စီးလာသူနှစ်ဦးအား ဆိုင်ကယ်ချင်းချိတ်မိအောင်ပြုလုပ်ပြီး ဆိုင်ကယ်လဲကျသွားစဉ် လက်ကိုင်ဖုန်းတစ်လုံးကို လည်းကောင်း လုယူခဲ့ကြောင်း သိရသည်။

၎င်းတို့ထံမှ လုယက်မှုကျူးလွန်ရာတွင်အသုံးပြုသည့် ဆိုင်ကယ်မျိုးစုံ ငါးစီး၊ လုယက်မှုကျူးလွန်ရာမှ ရရှိထားသည့် ဖုန်းများအား သိမ်းဆည်းပြီး သက်ဆိုင်ရာ ရဲစခန်းများ၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရေတာရှည်မြို့တွင် လေပြင်းတိုက်ခတ် သစ်ပင်များပြို ဆိုင်ကယ်စီးနင်းလာသူတစ်ဦးသေဆုံး



**ရေတာရှည် ဇွန် ၂၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့၌ ဇွန် ၂၁ ရက် ညနေ ၄ နာရီခန့်က မိုးသက်လေပြင်းများတိုက်ခတ်နေစဉ် ရေတာရှည်မြို့မှ မြောက်နန်ချွန်ကျေးရွာဘက်သို့ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း ကိုဝင်းဇော် (၃၅ နှစ်)နှင့် ဇနီးဖြစ်သူ မစန်းထွေး (၃၂ နှစ်) မြောက်နန်ချွန်ကျေးရွာနေသူတို့စီးနင်းလာသောဆိုင်ကယ်သည် မိုင်တိုင် (၁၉၁/၇) နှင့် (၁၉၂/၀) ကြားအရောက် ကားလမ်းအနောက်ဘက်ရှိ လုံးပတ် ၁၅ ပေခန့်ရှိ သပြေကြီးပင်လဲကျရာတွင် ဆိုင်ကယ်ရောလူပါ ပိမိခဲ့ကာ ကိုဝင်းဇော်မှာ ရရှိသည့်ဒဏ်ရာများကြောင့် နေရာ၌သေဆုံးခဲ့ပြီး ဇနီးဖြစ်သူ မစန်းထွေးမှာ မစိုးရိမ်ရ ဒဏ်ရာများရရှိခဲ့သည်။

လေပြင်းများ တိုက်ခတ်သည့်အချိန်ကြောင့် ရေတာရှည်မြို့ အမှတ် (၄) ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းအရှေ့ဘက်ကပ်လျက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံနှစ်ခန်းတွဲ ဝန်ထမ်းလိုင်းအား သက်တမ်းရင့် ကုက္ကိုပင်ကြီးပိမိခဲ့၍ အဆောက်အအုံမှာ ပျက်စီးသွားခဲ့ပြီး လူများထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

**မုံရွာမြို့ကမ်းနားလမ်းအတိုင်း မောင်းနှင်လာသော ဆီတင်ယာဉ် SGG S/--- သည် ယူကလစ်လမ်းသို့ ချိုးကွေ့စဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရေမြောင်းအတွင်း ထိုးကျ တိမ်းမှောက်ခဲ့သည် ကို ဇွန်၂၁ ရက်က တွေ့ရစဉ်**

(ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ထိခိုက်ဒဏ်ရာမရရှိဘဲ ဆီတင်ယာဉ်မှ ဆီများ မီးလောင်မှုမဖြစ်ပွားစေရေးအတွက် TWT ကုမ္ပဏီမှ ဆီသယ်ယာဉ်ဖြင့် ထုတ်ယူကာ မီးသတ်ယာဉ်လေးစီးက အသင့်စောင့်ဆိုင်းပေးခဲ့ကြောင်း သိရသည်။)

**မျိုးဝင်းထွန်း(မုံရွာ)**



# လမ်းပြောင်းပြန်မောင်းသော တက္ကစီယာဉ်မှလူနှစ်ဦး ယာဉ်ထိန်းကို ဝိုင်းထိုးကြိတ်ပြီး ထွက်ပြေး၍အရေးယူ

**ရန်ကုန် ဇွန် ၂၁**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အောင်ဇေယျတံတားအဆင်း(၁)ထိပ်လမ်းဆုံတွင် ဇွန် ၂၀ ရက် ညနေ ၆ နာရီခွဲက တာဝန်ထမ်းဆောင်နေသော ယာဉ်ထိန်းရဲတပ်ကြပ်တစ်ဦးအား လမ်းပြောင်းပြန်မောင်းနှင်လာသည့် တက္ကစီမှ လူနှစ်ဦးက လိုက်လံထိုးကြိတ်ပြီး မောင်းနှင်ထွက်ပြေးသည့်အတွက် လိုက်လံဖမ်းဆီးအရေးယူခဲ့ရကြောင်း သိရသည်။

ယင်းနေ့ ညနေပိုင်းက အောင်ဇေယျကြိုးတံတားအဆင်း (၁)ထိပ်လမ်းဆုံ၌ ယာဉ်ထိန်း ရဲတပ်ကြပ်ထွန်းအောင်တာဝန်ထမ်းဆောင်နေစဉ် (၃)ထိပ်မှ (၁)ထိပ်ဘက်သို့ မောင်းနှင်လာသော ယာဉ်အမှတ် AA/----- ကယ်ဒီးနားယာဉ်မှာ (၁)ထိပ် ရွှေလင်ပန်းစက်မှုဇုန်ဘက်သို့ အချက်ပြထားပြီး ယာဉ်မကွေ့ဘဲ လမ်းလယ်ကြောမှ အောင်ဇေယျ ကြိုးတံတားပေါ်သို့ မောင်းနှင်သည့်အတွက် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ဖောက်ဖျက်သောကြောင့် စစ်ဆေးမေးမြန်းရာ ယာဉ်ပေါ်တွင်ပါလာသူနှစ်ဦးက ယာဉ်ထိန်းရဲအား လိုက်လံတိုက်ခိုက်ထိုးကြိတ်သောကြောင့် ယာဉ်ထိန်းမှာ လွတ်ရာသို့ထွက်ပြေးခဲ့ရပြီး အနီးရှိ ပြည်သူအချို့ထွက်လာသောအခါ အဆိုပါ တက္ကစီမှာအင်းစိန်ဘက်သို့ မောင်းနှင်ထွက်ပြေးသဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့က လိုက်လံဖမ်းဆီးရာ အောင်မျိုးဦး (၃၁နှစ်)နှင့် ကျော်ဇင်ဝင်း(၂၇နှစ်)တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**(၁၆၄)**

# သံသေတ္တာအတွင်းဝင်ပုန်းနေသူ အသက်ရှူကျပ်၍ သေဆုံး

**တောင်ငူ ဇွန် ၂၁**

ကျောင်းမတက်သည်ကို မိဘများသိမည်စိုး၍ သံသေတ္တာအတွင်း ဝင်ရောက်ပုန်းအောင်းနေသော ကျောင်းသူတစ်ဦးမှာ သေတ္တာအဖုံး ချိတ်ချိတ်မိကာ အသက်ရှူမွန်းကျပ်သေဆုံးသွားသည့် အမှုတစ်ခု တောင်ငူမြို့နယ် ကေတုမတီမြို့တွင် ဇွန် ၂၀ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ကေတုမတီမြို့ မင်းကြီးဆွေရပ်ကွက် မြစေတီ(၃)နေ မနယုန်မိုး (၁၂ နှစ်) ဆဋ္ဌမတန်း အမက ကေတု(၂)မူလွန်သည် ကျောင်းမတက်ချင်သည့်အတွက် အိမ်သို့ပြန်ပြီး နေအိမ်ရှိ အလျား ၂ ပေ ၅ ဒသမ ၅ လက်မ၊ အနံ ၁ ပေ ၄ ဒသမ၅ လက်မ၊ အမြင့် တစ်ပေရှိ သံသေတ္တာအတွင်း ဝင်ရောက်ပုန်းအောင်းစဉ် သေတ္တာအဖုံးမှာ ပတ္တာချိတ် ချိတ်မိပြီး ပြန်ထွက်မရဖြစ်ရာက အသက်ရှူမွန်းကျပ်ကာ သေဆုံးရခြင်း ဖြစ်ကြောင်း သိရှိရ၍ ကေတုမတီနယ်မြေရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၅/၂၀၁၇ ဖြင့်အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်းသိရသည်။

**ကိုလွင်(ဆွာ)**

# မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ယာဉ်သုံးစီးဖမ်းမိ

**နေပြည်တော် ဇွန် ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၀ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄၄ စီး၊ သွင်းကုန် ၅၈၂ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၁၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၀ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ်၁၀ ဒသမ ၂ သန်းခန့်အား ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၂၀ ရက်က မြဝတီမှ ရန်ကုန်သို့သွားရောက်မည့် Toyota Mark II နှစ်စီးနှင့် Toyota Wish တစ်စီးတို့အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါယာဉ် သုံးစီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




**တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Toyota Mark II နှင့် Toyota Wish ယာဉ်**

## ခရီးသည်တင်ယာဉ်ပေါ်မှ တရားမဝင်သယ်ဆောင်လာသည့် ကျောက်စိမ်းတုံးများ ဖမ်းဆီးရမိ



**နေပြည်တော် ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မြတောင်လမ်းဆုံ ရောဝတီတံတား မောင်းတံဂိတ်တွင် ဇွန် ၁၉ ရက် ည ၁၁ နာရီခွဲက ထီးချိုင့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ယာဉ်များအား စစ်ဆေးနေစဉ် ဖားကန့်ဘက်မှ စစ်ကိုင်းမြို့နယ် မင်းကွန်းကျေးရွာနေ ချိုလွင်ဦး (၄၀ နှစ်)မောင်းနှင်လာသည့် Hiace ခရီးသည်တင်မှန်လုံယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်မှ တရားမဝင်သယ်ဆောင်လာသည့် ကျောက်စိမ်းအရိုင်းတုံး ဆိုက်စုံ ၁၃၁ တုံး တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ချိုလွင်ဦးအား ထီးချိုင့်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

## မြဝတီမြို့ပေါ် တည်းခိုခန်းတည်းသူထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀၀၀ ကျော် သိမ်းဆည်းရမိ

**မြဝတီ ဇွန် ၂၁**

မြဝတီမြို့ပေါ်ရှိ တည်းခိုခန်းတစ်လုံးအား သတင်းအရ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀၀၀ ကျော် ဖမ်းဆီးရမိခဲ့ကြောင်း မြဝတီမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၉ ရက် ည ၁၀ နာရီ ၁၀ မိနစ်တွင် မြဝတီမြို့ အမှတ်(၄) ရပ်ကွက် ကျောက်လုံးကြီးဘုရားလမ်းရှိ စုစံတည်းခိုခန်း အခန်းအမှတ်(C-4)၌ တည်းခိုနေထိုင်နေသူတစ်ဦးမှာ မူးယစ်ဆေးဝါး သုံးစွဲရောင်းချနေကြောင်း သတင်းအရ နယ်မြေခံတပ်မှ ယာယီတပ်ရင်းမှူး ဗိုလ်မှူး အောင်ကိုဝင်း ဦးစီးအဖွဲ့၊ မြဝတီခရိုင်ရဲတပ်ဖွဲ့မှ မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်မျိုးကျော် ဦးစီးအဖွဲ့၊ မြဝတီမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သက်နိုင်စိုး ဦးစီးသော ပူးပေါင်းအဖွဲ့သည် ဖမ်းဆီးခွင့်ဝရမ်းဖြင့် အခန်းအမှတ်(C-4)သို့ ဝင်ရောက်ရှာဖွေရာ ဇော်မင်းလတ်(၃၅ နှစ်) မင်းလက်ပံကျေးရွာ မြဝတီမြို့နယ်နေထိုင်သူထံမှ စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့် ၀ ဒသမ ၆ ဂရမ်ခန့်၊ ဂက်စ်မီးခြစ်တစ်လုံး၊ မူးယစ်ဆေးဝါး သုံးစွဲရာတွင်အသုံးပြုသော ခဲပတ်စတစ်ခု၊ စက္ကူရှုပြောင်းငယ် တစ်ခုတို့နှင့်အတူ မူးယစ်ဆေးဝါးသုံးစွဲနေသည်ကို တွေ့ရှိရပြီး မှန်တင်ခုံပေါ်တွင် အကြည်ရောင် ပလတ်စတစ်အိတ်အသေးတစ်အိတ်၊ ၂၀၅ စာတန်းပါ တည်းခိုခန်းသော့ တစ်ချောင်း၊ U.S.Army စာတန်းပါ ပြောက်ကျားခေါက်ပိုက်ဆံအိတ် တစ်လုံး၊ မြန်မာငွေစက္ကူရောရာကျပ် ၄၁၀၀ ကို ဒုရဲအုပ် သက်နိုင်စိုးက ရှာဖွေပုံစံရေးသွင်း သိမ်းဆည်းခဲ့သည်။

သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးနှင့် အခန်းအမှတ် ၂၀၅ စာတန်းပါ တည်းခိုခန်းသော့တို့နှင့်ပတ်သက်၍ ဇော်မင်းလတ်အား စစ်ဆေးမေးမြန်းပြီး ဇွန်၂၀ ရက် နံနက် ၁၂ နာရီခွဲတွင် ပူးပေါင်းအဖွဲ့မှ စန္ဒာအောင်တည်းခိုခန်းကို ဝင်ရောက်ရှာဖွေရာ အခန်းအတွင်း၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈ ပြား၊ အစိမ်းရောင် နှစ်ပြား၊ ပေါင်း အပြား ၂၀၀ ပါ ကပ်ခွာအိတ် ၁၇၇ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀၄၇ ပြား၊ အစိမ်းရောင် ၂၅၃ ပြား စုစုပေါင်း ၂၅၃၀၀၊ အလေးချိန် ၂၂၇၇ ဂရမ်ခန့်၊ ကာလတန်ဖိုးငွေကျပ် တစ်ပြားလျှင် ၃၀၀၀ နှုန်းဖြင့် ငွေကျပ် ၇၅၉၀၀၀၀၀ ခန့်နှင့် ရေစိုပျက်စီးနေသော စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့် ၁၀၀၀ ဂရမ်ခန့်ကို တွေ့ရှိရသဖြင့် သက်သေများရှေ့တွင် ဒုရဲအုပ်သက်နိုင်စိုးက ရှာဖွေပုံစံရေးသွင်း သိမ်းဆည်းခဲ့ကြောင်း သိရသည်။

သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများနှင့်ပတ်သက်၍ ဇော်မင်းလတ်အား မေးမြန်းရာ အဆိုပါ ဆေးပြားများမှာ ထွန်းနိုင်(၃၅ နှစ်) ကျောက်ခက်ကျေးရွာ မြဝတီမြို့နယ်နေသူက မိမိအား ယင်းဆေးပြားများကို မင်းလက်ပံကျေးရွာတွင်ပေးခဲ့ပြီး မြဝတီမြို့သို့ သယ်ဆောင်ရန် စေခိုင်းခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံထွက်ဆိုသည်။

သို့ဖြစ်၍ မူးယစ်ဆေးဝါးများ သုံးစွဲဖြန့်ဖြူးရောင်းချရန် လက်ဝယ်ထားရှိသူ ဇော်မင်းလတ်နှင့် ထွန်းနိုင်(ပြေး) တို့အား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**တင်ဝင်းလှိုင် (ကော့ကရိတ်)**

## တရားမဝင် ပိတောက်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၁** -လားရှိုးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၉ ရက် ညနေ ၃ နာရီခွဲက သတင်းအရ မန္တလေး-မူဆယ်ကားလမ်း မိုင်တိုင်အမှတ် (၁၈၀/၀)အနီး၌ သွားရောက်စောင့်ဆိုင်းနေစဉ် မန္တလေးမြို့မှ မူဆယ်မြို့ဘက်သို့ နွားထိုးကြီးမြို့နယ် ကန္နားပြင်စီကျေးရွာနေ ရဲကိုဟိန်း (၂၇ နှစ်) မောင်းနှင်ပြီး မိတ္ထီလာမြို့နယ် ဇောင်ချန်းကုန်းကျေးရွာနေ နေဇော်(၃၂ နှစ်) လိုက်ပါလာသော 5D/--- ၂၂ ဘီး နောက်တွဲယာဉ်အား စစ်ဆေးရာ တရားမဝင် ပိတောက်သစ်လုံးလေးလုံး (၁ ဒသမ ၁၂၁၂ တန်)၊ ပိတောက်ခားရွေတုံး ၈၂ တုံး (၆ ဒသမ ၂၁၄၀ တန်)တို့ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား လားရှိုးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

## မြစ်ရေတိုးစဉ် ဖြတ်သန်းသွားလာသူတစ်ဦး ရေနစ်သေဆုံး

**ဗန်းမော် ဇွန် ၂၁**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ဧရာဝတီမြစ်ရေတိုးနေသည့် နေရာအား ဖြတ်သန်းသွားလာရာမှ အမျိုးသားတစ်ဦး ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

ဗန်းမော်မြို့ ဆင်ကုန်းရပ်ကွက်နေ အောင်ဘိုမင်း(၃၀ နှစ်)သည် ဇွန်၂၀ ရက် နံနက် ၇ နာရီခန့်က တပ်ကလေးသဘော်ဆိပ်သို့ သွားရောက်ခဲ့ရာတွင် ဆင်ကုန်းရပ်ကွက်နှင့် တပ်ကလေးသဘော်ဆိပ်အကြား ဧရာဝတီမြစ်ရေတိုးဝင်နေသည့် စိုက်ခင်းမြေသွားလမ်း၌ သုံးပေကျော်ခန့်အနက်ရှိသည့် မြစ်ရေကို ဖြတ်သန်းသွားလာစဉ် လဲကျပြီး ရေနစ်သေဆုံးမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဗန်းမော်မြို့မရဲစခန်းမှ သိရသည်။

**ဆီမီးခုံ -နန်းရီ**

## တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ စားသောက်ဆိုင်တစ်ဆိုင် ဂက်စ်အိုးမှတစ်ဆင့် မီးခိုးများထွက်လာမှုဖြစ်ပွား

**မန္တလေး ဇွန် ၂၁**

မန္တလေး-တံတားဦး အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဇွန် ၂၁ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀က လေဆိပ်အပေါ်ထပ် စားသောက်ဆိုင်တစ်ဆိုင်တွင် ဂက်စ်အိုးမှတစ်ဆင့် မီးခိုးများထွက်လာမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

“ စားသောက်ဆိုင်ရဲ့ စားဖိုခန်းမှာ ဂက်စ်မီးဖိုနဲ့ ဂက်စ်အိုးကို သွယ်တန်းထားတဲ့ ပိုက်လိုင်းက တစ်လက်မခန့်ဟနေပြီး စိမ့်ပေါက်နေတဲ့အတွက် မီးခိုးထွက်လာတာပါ။ လေဆိပ်ရဲ့ အလိုအလျောက်ငြိမ်းသတ်တဲ့စနစ်ကြောင့် ငြိမ်းသတ်နိုင်ခဲ့ပါတယ်”ဟု လေဆိပ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းသို့ ဖြစ်ပွားမှုကြောင့် လေယာဉ်ခရီးသည်များ၊ လေဆိပ်အတွင်းရှိ ဈေးဆိုင်ခန်းများရှိသူများနှင့် ပြည်သူများ အထိတ်တလန့်ဖြစ်ပွားခဲ့ပြီး လူများ အသေအပျောက်နှင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

## စစ်ဆေးမှုမခံဘဲ ပြန်လည်ခုခံသူနှစ်ဦးအား ဖမ်းဆီးရာမှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**သထုံ ဇွန် ၂၁**

သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်း၏ ညွှန်ကြားမှုဖြင့် မှုခင်းနှိမ်နင်းရေးဌာနမှ အဖွဲ့ခေါင်းဆောင် ရဲအုပ်အောင်သူ ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ဇွန် ၂၀ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်က သထုံမြို့ အလယ်တန်းလမ်း လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ စားသုံးနေသူ လူငယ်နှစ်ဦးထံမှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည်။

သထုံမြို့ ရှမ်းစုအလယ်တန်းလမ်းရှိ ဘာဘူလေး လက်ဖက်ရည်ဆိုင်အတွင်း စားသုံးနေသော လူငယ်နှစ်ဦးအား ခရိုင်မှုခင်းနှိမ်နင်းရေးဌာနမှ တပ်ဖွဲ့ဝင်များက စစ်ဆေးစဉ် မင်းစိုးဦး (ခ)တောင်ကြီးသည် အဖမ်းမခံဘဲ အနီးရှိ Super Fantasy ပုလင်းအားရိုက်ခွဲပြီး ခုခံသဖြင့် တပ်ဖွဲ့ဝင်များက လုံးထွေး ဖမ်းဆီးခဲ့ပြီးနောက် စစ်ဆေးရာ မင်းစိုးဦး (ခ)တောင်ကြီး (၂၃ နှစ်)ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀ နှင့် ကောင်းဇော်နိုင်(၂၂ နှစ်)ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၁ ပြားအား ရှာဖွေဖမ်းဆီးရမိပြီး သထုံမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**နန္ဒကျော်စွာ**


7Stars(ရာထူးဝင်သင်တန်းကြီး)
လ/ထ ဆရာဝန် (လူတွေ့)
နည်းပြ/သရုပ်ပြဝင်ခွင့်
ပုံမှန်တန်းခွဲ /အနီးကပ်တန်းခွဲများ စပြီ။
သင်တန်းတက်ရောက်ရန် အချိန်မရသူများအတွက် အပြည့်စုံဆုံးနှင့် အကောင်းမွန်ဆုံးပြုစုထားသော ဝင်ခွင့် အထောက်အကူပြုစာအုပ်များကို ရောင်းချပေးနေပါပြီ ။
တိုက် (18/3B) ၊ ဦးထွန်းလင်းခြံလမ်း ၊ လှည်းတန်း ၊ ကမာရွတ်မြို့နယ် ၊ ရန်ကုန်မြို့။
09- 7 800 800 52 , 09- 789 10 7733 , 09- 4210 52736
Facebook Page : 7 Stars English Language Centre

**ဖခင်အမည်မှန်**
ရွှေတောင်မြို့ ညောင်စာရေး (အထက) တက္ကသိုလ်ဝင်တန်းမှ မောင်မြတ်ဟိန်းကျော်၏ ဖခင်အမည်မှန်မှာ ဦးအောင်မင်း ၇/ရတန(နိုင်) ၁၀၃၃၁၃ ဖြစ်ပါကြောင်း။
**ဦးအောင်မင်း**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့ ကရင်ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်(၂၂)နေ ဒေါ်အေးအေးခိုင်နှင့် နော်အေးအေးခိုင် ၇/လပတ(နိုင်)၀၀၂၉၄၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဒေါ်အေးအေးခိုင်(ခ)နော်အေးအေးခိုင်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၅၄ယ/၁၅၉၁၇ Honda Scoopy-110 M/C ယာဉ်လက်ဝယ်ရှိသူ DT Naing Oo Co.,Ltd.က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ (မန္တလေးမြို့)**

**ကိုရင်ပျောက်**

ဖော်ပြပါ ဓာတ်ပုံရှင်သည် ၁၄-၆-၂၀၁၇ ရက် နံနက် ၁၀း၀၀ နာရီတွင် တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ ပင်ရွှေညောင်လမ်းရှိ အရိယာမဂ္ဂင် ပရိယတ္တိစာသင်တိုက် ရှင်သာမဏေ (၂)ပါးဖြစ်သော အရှင်ပညာစရ (ခ)ခွန်ရက်ခမ်း(၁၀)နှစ်နှင့် အရှင်ဥက္ကံသ(ခ)ခွန်အောင်ကိုး (၁၀)နှစ်တို့သည် ပအိုဝ်းတိုင်းရင်းသား ဗုဒ္ဓဘာသာဝင်ဖြစ်ပါသည်။ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။
**ဆက်သွယ်ရန် ဖုန်း-၀၉-၄၅၆၆၉၆၇၆၂**

(၁၀) တန်းရာနှုန်းပြည့်အောင်မြင်လိုသူများအတွက်
W7 PNY EC ပညာရှာ အဆင့်မြင့်ဘော်ဒါ
Repeater တန်းခွဲ ဖွင့်ပြီ။
အမှတ်(၇၇)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
: 09-505 5412,09-965055412, 01-510367

Holiday အခြေခံယာဉ်မောင်းစက်ပြင်သင်တန်းကျောင်း
၂၀၁၇-ဇူလိုင် (၃) ရက်နေ့ ဖွင့်မည်
❖ အခြေခံယာဉ်မောင်းစက်ပြင်တစ်လပုံမှန်သင်တန်း
❖ စက်ပြင်အထူးသီးသန့် (၂)လသင်တန်း
(နယ်ဝေးကျောင်းသား / သူများအတွက် နေရေးထိုင်ရေးစီစဉ်ပေးမည်။)
အမှတ် ၄၉ (ခ)၊ သာစည်လမ်း၊ ၁၀ ရပ်ကွက်၊
ထန်းခြောက်ပင်မှတ်တိုင်အနီး၊ ရွှေပြည်သာမြို့နယ်။
၀၉-၄၂၂၂၀၆၁၅၇၊ ၀၉-၄၂၂၂၀၆၁၅၈၊ ၀၉-၃၂၁၈၄၇၈၁

**ကန့်ကွက်နိုင်ပါကြောင်းကြေငြာခြင်း**
မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း၊ လမုတန်းရပ်၊ အကွက်အမှတ် (၁၀ ဘီ)၊ ရွှေမြိုင်သီရိ အုပ်စု၊ အမှတ် (၁၃)၊ ဦးပိုင်အမှတ် (၁)၊ မြေရိုင်း ဧရိယာ (၀.၆၀၈) ဧကရှိမြေနှင့် ယင်းမြေကွက်ပေါ်ရှိ ဂိုဒေါင်အပါအဝင်အကျိုးခံစားခွင့်အားလုံးကို ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ကိုကျော်ကျော်ထွန်း (၁၀/မလမ(နိုင်)၁၃၅၀၉၉)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစိတ်တဒေသကို ပေးချေပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်သိန်းသိန်း
B.A (Law), LL.B
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၁၃၉၉)
အမှတ် (၄၀)၊ ၅ (က)၊ သာဓုလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၅၁၆၅၁၂၇

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ပဲခူးတိုင်းဒေသကြီး အနောက်လက်ပံတန်းမြို့ မြို့မရပ်ကွက် ပုညဝါဒီလမ်းနေ ဒေါ်သန်းသန်းမြင့်(ခ)ဒေါ်အန်းကူ ၇/လပတ(နိုင်)၁၁၄၀၉၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်သန်းသန်းမြင့်(ခ)ဒေါ်အန်းကူ**

**ကန့်ကွက်နိုင်ပါသည်**
ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ် ၈၄(ဂ)၊ ဒုတိယလွှာ၊ (၃)ထပ်(ယာ)၊ (၁၈' ၆" ×၄၀') အကျယ်အဝန်းရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်မင်း ၁၂/မရက(နိုင်)၁၁၀၂၉၇ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်သက်ဦး(ဥပဒေဘွဲ့) အထက်တန်းရှေ့နေ(စဉ်-၄၅၆၁၅)
အမှတ်(၁၂၈၀)၊ ဘူတာရုံလမ်း၊ (၁၁)ရပ်ကွက်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၁၁၈၈၁၂

**ဖခင်အမည်မှန်**
ရမည်းသင်းမြို့နယ်၊ အင် တိုင်း အခြေခံပညာအလယ်တန်းကျောင်း ပဥ္စမတန်းမှ မမေမြတ်ဇော်၏ဖခင် ဦးဇော်ကြီး၏ အမည်မှန်မှာ ဦးမင်းရန် အောင် ၁၂/ဒဂတ(နိုင်)၀၁၅၆၀၁ ဖြစ်ပါကြောင်း။
**ဦးမင်းရန်အောင်**

# သစ်တောဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

*ယမန်နေ့မှ အဆက်*

## အခန်း(၅)
## သစ်တောစိုက်ခင်း တည်ထောင်ခြင်း

၁၃။ ညွှန်ကြားရေးမှူးချုပ်သည်ဝန်ကြီး၏ သဘောတူညီချက်ဖြင့်သစ်တောနယ်မြေ သို့မဟုတ် အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင် အောက်ပါသစ်တောစိုက်ခင်းများကို တည်ထောင်နိုင်သည်-
(က) စီးပွားရေးစိုက်ခင်း၊
(ခ) စက်မှုကုန်ကြမ်းစိုက်ခင်း၊
(ဂ) ရေဝေရေလဲစိုက်ခင်း၊
(ဃ) ဒီရေတောစိုက်ခင်း၊
(င) ကျေးရွာထင်းစိုက်ခင်း၊
(စ) အခြားစိုက်ခင်း။

၁၄။ ညွှန်ကြားရေးမှူးချုပ်သည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ကို သစ်တောနယ်မြေတွင် ပုဂ္ဂလိက သစ်တောစိုက်ခင်းစိုက်ပျိုးပြုစုထိန်းသိမ်းခြင်း လုပ်ငန်းကို အောက်ပါအတိုင်းဆောင်ရွက်ခွင့်ပြုနိုင်သည်-
(က) ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အိတ်ဖွင့်တင်ဒါစနစ်အရ ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ခြင်း၊
(ခ) ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်ပုဂ္ဂလိက ကျွန်းစိုက်ခင်း တည်ထောင်ခြင်း၊
(ဂ) ဝန်ကြီး၏သဘောတူညီချက်ဖြင့် နှစ်ရှည် သို့မဟုတ် စက်မှုကုန်ကြမ်း စိုက်ခင်းတည်ထောင်ခြင်း၊
(ဃ) ပုဂ္ဂလိကသစ်မာစိုက်ခင်းတည်ထောင်ခြင်း။

၁၅။ ပြည်ထောင်စုနယ်မြေများနှင့် တိုင်းနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွင်း ကျေးရွာအနီးပတ်ဝန်းကျင်တွင်ရှိသော ကြိုးဝိုင်းတောတွင်ဖြစ်စေ၊ ကြိုးပြင်ကာကွယ်တောတွင်ဖြစ်စေ၊ အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါကျေးရွာပိုင် ကျေးရွာထင်းစိုက်ခင်းများကို စည်းကမ်းသတ်မှတ်ချက်ဖြင့် တည်ထောင်ခွင့်ပြုနိုင်သည်-
(က) သစ်တောဦးစီးဌာနကနှစ်အကန့်အသတ်အလိုက်စိုက်ပျိုးပေးပြီးနောက် ကျေးရွာပိုင်အဖြစ် ဆက်လက်ထိန်းသိမ်းသုံးစွဲရန်လွှဲပြောင်းပေးသည့် ကျေးရွာထင်းစိုက်ခင်း၊
(ခ) ကျေးရွာလူထုက စုပေါင်းလုပ်အားဖြင့် စိုက်ပျိုးပြီးထိန်းသိမ်းသုံးစွဲသော ကျေးရွာထင်းစိုက်ခင်း။

၁၆။ သစ်တောထွက်ပစ္စည်း ထုတ်ယူခြင်း သို့မဟုတ် သဘာဝသယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်ခြင်းကို စီးပွားဖြစ်လုပ်ကိုင်ခွင့်ရရှိသူသည် ခွင့်ပြုမိန့်အရ နိုင်ငံတော်အတွက် သစ်တောစိုက်ခင်းတည်ထောင်ခြင်း သို့မဟုတ် သဘာဝနည်းလမ်းဖြင့် သစ်တောပြုစုပျိုးထောင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးရန် တာဝန်ရှိလျှင် ယင်းလုပ်ငန်းကို မိမိ၏ ကုန်ကျစရိတ်ဖြင့် သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးရမည်။

## အခန်း(၆)
## သစ်တောထွက်ပစ္စည်းထုတ်ယူခွင့်

၁၇။ သစ်တောထွက်ပစ္စည်းကို ခွင့်ပြုမိန့်ရရှိပြီးမှသာ ထုတ်ယူခွင့်ရှိသည်။ သို့ရာတွင် စီးပွားဖြစ် မဟုတ်သည့် မိမိသုံး၊ လယ်ယာလုပ်ငန်းသုံး သို့မဟုတ် ငါးဖမ်းလုပ်ငန်းသုံးအတွက်ဖြစ်လျှင် သတ်မှတ်အရေအတွက်ထက် မကျော်လွန်ပါက ခွင့်ပြုမိန့် ရယူရန် မလိုဘဲ ထုတ်ယူနိုင်သည်။

၁၈။ သစ်တောဦးစီးဌာနသည် သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုရာတွင် စီးပွားဖြစ်ထုတ်ယူခြင်းဖြစ်ပါက ဈေးပြိုင်စနစ်ကို ကျင့်သုံးရမည်။ သို့ရာတွင် အောက်ပါတို့အတွက် ဈေးပြိုင်စနစ်ကျင့်သုံးခြင်းမပြုဘဲ ထုတ်ယူခွင့်ပြုနိုင်သည်-
(က) သစ်တောထွက်ပစ္စည်းထုတ်ယူခြင်းနှင့် ပြည်တွင်းပြည်ပရောင်းချခြင်း လုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်ထားသော နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်သည့်ကိစ္စ၊
(ခ) သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က ဝန်ကြီးအား လုပ်ပိုင်ခွင့်ပေးအပ်ထားသည့်ကိစ္စ၊
(ဂ) ပုဂ္ဂလိကသစ်တောစိုက်ခင်းများနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းမှ ထွက်ရှိသည့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုသည့်ကိစ္စ၊
(ဃ) ပုဒ်မ ၈ (ခ) အရ ပိုင်ဆိုင်ခွင့်ပြုထားသော ကျွန်းနှင့် တားမြစ်ရာပါသစ်ပင်များမှထွက်ရှိသည့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုသည့်ကိစ္စ၊
(င) သစ်တောဦးစီးဌာနမှ သီးခြားကန့်သတ်ထားသောကိစ္စမှအပ သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများ စီးပွားဖြစ်ထုတ်ယူခွင့်ပြုသည့်ကိစ္စ၊
(စ) စီးပွားဖြစ်မဟုတ်သည့်အောက်ပါလုပ်ငန်းများတွင်သုံးစွဲရန်ဖြစ်သော သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုသည့်ကိစ္စ-
(၁) သုတေသနနှင့် ပညာပေးလုပ်ငန်း၊
(၂) ပြည်သူ့အကျိုးပြု သို့မဟုတ် ဘာသာရေးလုပ်ငန်း။

၁၉။ (က) စီးပွားဖြစ် သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍-
(၁) ဝန်ကြီးသည် သက်တမ်းငါးနှစ်အထိ ကာလအတွက် ခွင့်ပြုနိုင်သည်၊
(၂) ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သက်တမ်းတစ်နှစ်အထက်မှ သုံးနှစ်အထိ ကာလအတွက် ခွင့်ပြုနိုင်သည်၊
(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သစ်တောအရာရှိသည် ညွှန်ကြားရေးမှူးချုပ်၏ သဘောတူညီချက်ဖြင့် သက်တမ်းတစ်နှစ်အထိ ကာလအတွက် ခွင့်ပြုနိုင်သည်။
(ခ) ပုဒ်မခွဲ(က)အရ သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုသူသည် လုံလောက်သောအကြောင်းရှိလျှင် ခွင့်ပြုမိန့်သက်တမ်းကိုတစ်ကြိမ်လျှင် ခြောက်လထက်မကျော်စေဘဲ နှစ်ကြိမ်အထိ သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

၂၀။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို သတ်မှတ်နိုင်သည်-
(က) သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းအမျိုးအမည်၊
(ခ) ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းအရထုတ်လုပ်ရန် သတ်မှတ်ကာလပြည့်မီသည့်ဧရိယာအတွင်း နှစ်စဉ်ထုတ်လုပ်ခွင့်ပြုမည့် သစ်မျိုးနှင့် ပမာဏ၊
(ဂ) အခွန်နှုန်းနှင့် အခြားအခကြေးငွေများ၊
(ဃ) သစ်တောထွက်ပစ္စည်းအမျိုးအစားအလိုက် ခွင့်ပြုပေးသင့်သည့် သက်တမ်း၊
(င) စီးပွားဖြစ် မဟုတ်သည့် မိမိသုံး၊ လယ်ယာလုပ်ငန်းသုံး သို့မဟုတ် ငါးဖမ်းလုပ်ငန်းသုံးအတွက် ခွင့်ပြုမိန့်မလိုဘဲ သစ်တောအရာရှိများက ထုတ်ယူခွင့်ပေးနိုင်သည့် သစ်တောထွက်ပစ္စည်း တစ်ခုချင်း၏အရေအတွက်၊
(စ) ခွင့်ပြုမိန့်ပါစည်းကမ်းဖောက်ဖျက်မှုအတွက် တပ်ရိုက်မည့် ဒဏ်ကြေး၊
(ဆ) စည်းကမ်းချက်များ။

၂၁။ သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ရရှိသူသည်-
(က) ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်၊
(ခ) သစ်တောဦးစီးဌာနက ဤဥပဒေနှင့်အညီ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်၊ တားမြစ်ချက်နှင့် ကန့်သတ်ချက်များကို လိုက်နာရမည်၊
(ဂ) ပေးဆောင်ရန်ရှိသော အခွန်အခများ၊ အာမခံငွေများ၊ ကြိုတင်ငွေများကို ပေးဆောင်ရမည်၊
(ဃ) သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ တိုင်းတာပြီး တံဆိပ်ရိုက်မှတ်ခြင်း၊ မှတ်ပုံတင်ထားသော ကိုယ်ပိုင်တံဆိပ်ရိုက်မှတ်ခြင်း ပြုရမည်၊
(င) သစ်တောထွက်ပစ္စည်းထုတ်လုပ်ခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်း သို့မဟုတ် ညစ်ညမ်းစေခြင်းအတွက် ဝန်ကြီးဌာနမှ သတ်မှတ်သည့် တန်ဖိုးကိုပေးလျော်ရမည်။

၂၂။ သစ်တောအရာရှိသည် သစ်တောနယ်မြေနှင့် အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေမှ ထုတ်လုပ်သည့် အခွန်ဆောင်ပြီးသောထင်းကို မီးသွေးဖုတ်နိုင်ရန် သတ်မှတ်သည့် စည်းကမ်းချက်များဖြင့် မီးသွေးဖိုတည်ထောင်ခွင့်နှင့် မီးသွေးဖုတ်ခွင့်ပြုနိုင်သည်။

## အခန်း(၇)
## သစ်တောထွက်ပစ္စည်းသယ်ယူရွှေ့ပြောင်းခြင်း

၂၃။ (က) မည်သူမဆို သစ်တောထွက်ပစ္စည်း တစ်စုံတစ်ရာကို ပြည်တွင်း၌ မြို့နယ်ကျော်၍ သယ်ယူရွှေ့ပြောင်းလိုလျှင် ဤကိစ္စအလို့ငှာ ညွှန်ကြားရေးမှူးချုပ်က လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် သစ်တောအရာရှိထံမှ မျှောစာလျှောက်ထားရယူရမည်၊
(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်သည် အောက်ပါကိစ္စရပ်များနှင့် အကျုံးမဝင်စေရ-
(၁) သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုထားသည့် နေရာဒေသအတွင်း သယ်ယူရွှေ့ပြောင်းခြင်း၊
(၂) သတ်မှတ်သည့် အရေအတွက်ထက်မပိုသော စီးပွားဖြစ်မဟုတ်သည့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ သယ်ယူရွှေ့ပြောင်းခြင်း၊
(၃) စည်ပင်သာယာ နယ်နိမိတ်တစ်ခုအတွင်းရှိ မြို့နယ်တစ်ခုမှ တစ်ခုသို့ သယ်ယူရွှေ့ပြောင်းခြင်း။

၂၄။ သစ်တောဦးစီးဌာနသည် သစ်တောထွက်ပစ္စည်းများ သယ်ယူရွှေ့ပြောင်းခြင်းကို စစ်ဆေးရန်နှင့် ကျသင့်သောအခွန်အခများကို ကောက်ခံနိုင်ရန် လိုအပ်သော သစ်တောကင်းရုံးများကို တည်ထောင်ထားရှိနိုင်သည်။

၂၅။ သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းသူသည်-
(က) မျှောစာကို မိမိနှင့်အတူ တစ်ပါတည်းယူဆောင်လာရမည်၊
(ခ) သက်ဆိုင်ရာ သစ်တောကင်းရုံးများ၏ စစ်ဆေးခြင်းနှင့် အခွန်အခ စည်းကြပ်ခြင်းကို ခံယူရမည်။

၂၆။ (က) ညွှန်ကြားရေးမှူးချုပ်သည် သစ်များကို ဖောင်ဖွဲ့၍ မျှောချရမည့် ဖောင်ဖွဲ့ဆိပ်များကို သတ်မှတ်ပေးရမည်၊
(ခ) သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းသူသည် ဖောင်ဖွဲ့ဆိပ်မှစ၍ သစ်ဖောင်များကို ထိန်းသိမ်းကွပ်ကဲမှုဖြင့်သာ မျှောချရမည်။

## အခန်း(၈)
## ရေမျောကမ်းတင်သစ်နှင့် ပိုင်ရှင်မဲ့သစ်များစီမံခန့်ခွဲခြင်း

၂၇။ ဖောင်ဖွဲ့ဆိပ်မှစ၍ ထိန်းသိမ်းကွပ်ကဲမှုမရှိဘဲ မျောလာသည့် သစ်ဖောင် သို့မဟုတ် သစ်ကို ရေမျောကမ်းတင်သစ်ဟု သတ်မှတ်သည်။

၂၈။ (က) အောက်ပါသစ်များသည် တစ်ဦးတစ်ယောက် ပိုင်ဆိုင်ကြောင်းကို သတ်မှတ်သည့် ကာလအတွင်း ခိုင်လုံစွာတင်ပြခြင်းမပြုနိုင်လျှင် ပိုင်ရှင်မဲ့ သစ်ဖြစ်သည်ဟု မှတ်ယူရမည်-
(၁) ရေမျောကမ်းတင်သစ် သို့မဟုတ် နစ်မြုပ်လျက်တွေ့ရှိသည့် သစ်များ၊
(၂) မှတ်ပုံတင်ထားသော ကိုယ်ပိုင်တံဆိပ်ရိုက်မှတ်ထားခြင်း မရှိသည့် သစ်များ၊
(၃) ရိုက်မှတ်ထားသော မှတ်ပုံတင်ထားသည့် ကိုယ်ပိုင်တံဆိပ်ကို ပုံသဏ္ဍာန် ပြောင်းလဲဖျက်ဆီးထားသည့် သစ်များ။
(ခ) သစ်တောဝန်ထမ်းသည် ပုဒ်မခွဲ(က)ပါ သစ်များကို သစ်တောကင်းရုံး သို့မဟုတ် သစ်ဆိပ်များသို့ စုသိမ်းယူဆောင်လာခွင့်ရှိသည်။

၂၉။ သစ်တောအရာရှိသည် ရေမျောကမ်းတင်သစ်နှင့် ပိုင်ရှင်မဲ့သစ်များကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စီမံခန့်ခွဲရမည်။

## အခန်း(၉)
## သစ်အခြေခံ အသုံးပြုသည့် စက်ရုံတည်ထောင်ခြင်း

၃၀။ သစ်အခြေခံအသုံးပြုသည့် အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် ပရိဘောဂလုပ်ငန်းများမှအပ လွှစင်၊ လက်ကိုင်စက်လွှ၊ လွှစက်၊ လျှာထိုးစက်၊ အထပ်သားစက်၊ သစ်ပါးလွှာစက် သို့မဟုတ် သစ်အခြေခံအသုံးပြုသည့် စက်ကိုဖြစ်စေ၊ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သော သစ်ပရိဘောဂလုပ်ငန်း သို့မဟုတ် သစ်အခြေခံ အခြားလုပ်ငန်းကိုဖြစ်စေ တည်ထောင်လုပ်ကိုင်လိုသူ ပုဂ္ဂလိကလုပ်ငန်းရှင်သည် ဤကိစ္စအလို့ငှာ လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် သစ်တောအရာရှိ၏ ခွင့်ပြုမိန့်ကိုရရှိပြီးမှသာ တည်ထောင်လုပ်ကိုင်ခွင့်ရှိသည်။

၃၁။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ပုဒ်မ ၃၀ ပါ ကိစ္စအလို့ငှာ အခွန်အခနှုန်းများ၊ ခွင့်ပြုမိန့်သက်တမ်းနှင့် ခွင့်ပြုမိန့်ဆိုင်ရာ စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

## အခန်း(၁၀)
## ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၂။ ဝန်ကြီးဌာနသည် ဤဥပဒေအရ သစ်တောဝန်ထမ်းများ ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည့် ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်များကို နည်းဥပဒေများဖြင့် သတ်မှတ်ပေးရမည်။

၃၃။ (က) ညွှန်ကြားရေးမှူးချုပ်က လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် သစ်တောအရာရှိသည် ဖမ်းဆီးရမိသည့် သစ်တောထွက်ပစ္စည်းများနှင့် စပ်လျဉ်း၍ အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-
(၁) တစ်တန်ထက်မပိုသောကျွန်းသစ်ကိုဖြစ်စေ၊ ကျွန်းသစ်မဟုတ်သော တားမြစ်သစ်ပင်မှထွက်ရှိသည့် သုံးတန်ထက်မပိုသောသစ်ကို ဖြစ်စေ ဖမ်းဆီးရမိခြင်းဖြစ်လျှင် အနည်းဆုံးကျပ် ၁၀၀,၀၀၀ မှ အများဆုံးကျပ် ၅၀၀,၀၀၀ အထိ ဒဏ်ကြေးငွေကို ပေးဆောင်စေပြီးသစ်များကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်း၊
(၂) ကျွန်း သို့မဟုတ် တားမြစ်သစ်ပင်မှ ထွက်ရှိသော သစ်မှအပ သုံးတန်ထက်မပိုသော အခြားသစ်များဖမ်းဆီးရမိခြင်းဖြစ်လျှင် သစ်များ၏ ဒေသတန်ဖိုးနှစ်ဆနှင့် အနည်းဆုံးကျပ် ၁၀၀,၀၀၀ မှ အများဆုံးကျပ် ၅၀၀,၀၀၀ အထိ ဒဏ်ကြေးငွေကို ပေးဆောင်စေပြီးသစ်များကို ပြန်လည်ပေးအပ်ခြင်း၊
(၃) သစ်မှအပ ဒေသတန်ဖိုးကျပ် ၁၀၀,၀၀၀ ထက်မပိုသော အခြား သစ်တောထွက် ပစ္စည်းဖမ်းဆီးရမိခြင်းဖြစ်လျှင် ယင်းပစ္စည်းများ၏ ဒေသတန်ဖိုးနှင့်ကျပ် ၃၀၀,၀၀၀ ထက်မပိုသော ဒဏ်ကြေးငွေပေးဆောင်စေပြီး ပစ္စည်းကို ပြန်လည်ပေးအပ်ခြင်း၊
(၄) မရွှေ့မပြောင်းနိုင်သောသစ်တောထွက်ပစ္စည်းဖမ်းဆီးရမိခြင်းဖြစ်လျှင်ယင်းပစ္စည်းများ၏ ဒေသတန်ဖိုးနှစ်ဆနှင့် ကျပ် ၃၀၀,၀၀၀ ထက်မပိုသော ဒဏ်ကြေးငွေပေးဆောင်စေပြီးပစ္စည်းကို ပြန်လည်ပေးအပ်ခြင်း။
(ခ) ပုဒ်မခွဲ (က) အရ ချမှတ်သည့်အမိန့်ကို လိုက်နာသူအား ဤဥပဒေအရ တရားစွဲဆိုခြင်းမပြုရ၊ လိုက်နာရန် ပျက်ကွက်သူများကိုသာ ဤဥပဒေအရ တရားစွဲဆိုရမည်။

၃၄။ သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ရရှိသူကဖြစ်စေ၊ ၎င်း၏ ကိုယ်စားလှယ် သို့မဟုတ် အလုပ်သမားတစ်ဦးဦးကဖြစ်စေ ခွင့်ပြုမိန့်ပါ စည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ခဲ့လျှင် သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုသူသည် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-
(က) ခွင့်ပြုမိန့်အရ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ဆိုင်းငံ့ထားစေခြင်း၊
(ခ) သတ်မှတ်သည့်ဒဏ်ကြေးငွေကိုပေးဆောင်စေပြီးလုပ်ငန်း ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊
(ဂ) ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း၊
(ဃ) ခွင့်ပြုမိန့်ကို ပယ်ဖျက်၍ အာမခံငွေနှင့် ကြိုတင်ငွေများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ လိုအပ်သည်ဟုယူဆလျှင် သတ်မှတ်သည့် ဒဏ်ကြေးငွေကိုပါ ပေးဆောင်စေခြင်း။

၃၅။ သစ်တောအရာရှိသည် ဤဥပဒေအရ တရားဝင်ပိုင်ဆိုင်ခွင့်ရှိသည့် သစ်တောထွက်ပစ္စည်းသယ်ယူရွှေ့ပြောင်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်ပြီး ချမှတ်သည့်အမိန့်ကိုလိုက်နာရန်ပျက်ကွက်ပါက သယ်ယူလာသော သစ်တောထွက်ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရမည်-
(က) မျှောစာမပါဘဲ သယ်ယူရွှေ့ပြောင်းခြင်းအတွက် ထိုသို့ သယ်ယူရွှေ့ပြောင်းသူအား ကျပ် ၁၀၀,၀၀၀ ထက်မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး ဆက်လက်သယ်ယူရွှေ့ပြောင်းခွင့်ပြုနိုင်သည်၊
(ခ) မျှောစာတွင်ဖော်ပြထားသော ခရီးလမ်းဆုံးမှတစ်ပါး အခြားဒေသသို့ သယ်ယူရွှေ့ပြောင်းခြင်းအတွက် ထိုသို့ သယ်ယူရွှေ့ပြောင်းသူအား ကျပ် ၁၀၀,၀၀၀ ထက်မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး ဆက်လက် သယ်ယူရွှေ့ပြောင်းခွင့်ပြုနိုင်သည်၊
(ဂ) သတ်မှတ်ထားသောဒေသပြင်ပနှင့် သယ်ယူရန်ကန့်သတ်ထားသောဒေသများသို့ သယ်ယူရွှေ့ပြောင်းခြင်းများအတွက် ထိုသို့ သယ်ယူရွှေ့ပြောင်းသူအား ကျပ် ၃၀၀,၀၀၀ ထက်မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး သတ်မှတ်ထားသောဒေသသို့ ပြန်လည်သယ်ယူစေရမည်။

၃၆။ (က) သစ်တောဝန်ထမ်းသည် သစ်တောထွက်ပစ္စည်း တစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ သစ်တောဦးစီးဌာနက ရရန်ရှိသော အခွန်အခ၊ ဒဏ်ကြေးများကို မရရှိသေးသမျှ ယင်းသစ်တောထွက်ပစ္စည်းကို ထိန်းသိမ်းထားနိုင်သည်၊
(ခ) သတ်မှတ်ကာလအတွင်း အခွန်အခ၊ ဒဏ်ကြေးများပေးဆောင်ရန် ပျက်ကွက်ပါက ပုဒ်မခွဲ (က)အရ ထိန်းသိမ်းထားသော သစ်တောထွက်ပစ္စည်းကို သစ်တောအရာရှိသည် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ စီမံခန့်ခွဲရမည်။

*ဆက်လက်ဖော်ပြပါမည်*

# ခေတ်သစ်မော်တော်ကားတစ်စီးကို မွေးဖွားခြင်း (အပိုင်း-၄)

သိပ္ပံစာရေးဆရာကိုကိုအောင်

**ဘက်ထရီစနစ်**

မော်တော်ကား၏ဘက်ထရီသည် စက်နှိုးမော်တာကို ကောင်းစွာလှည့်ပေးနိုင်သည့် စွမ်းအား ရှိရုံမျှမက မော်တော်ကား၌တပ်ဆင်ထားသည့် လျှပ်စစ်ဆိုင်ရာ စက်ပစ္စည်း အစိတ်အပိုင်းများအားလုံးတို့ကို ကောင်းစွာအလုပ်လုပ်စေနိုင်မည့် လျှပ်စီးအင်အား ပမာဏကိုပါ ထုတ်လုပ်ပေးနိုင်စွမ်းရှိရမည်ဖြစ်သည်။

မော်တော်ကားတစ်စီးကို စက်မနှိုးဘဲရပ်တန့်ထားချိန်၌ ကားတွင်တပ်ဆင်ထားသော လျှပ်စစ်ဆိုင်ရာစက်ပစ္စည်းကိရိယာများအားလုံး အလုပ်လုပ်နိုင်စေရန်အတွက် ဘက်ထရီက လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးရပြီး ကားကိုစက်နှိုးလိုက်ပြီးချိန်၌မူ ရပ်တန့်ထားသည်ဖြစ်စေ၊ မောင်းနှင်နေသည်ဖြစ်စေ အင်ဂျင်၏လှည့်ပေးမှုဖြင့် ကောင်းစွာ လည်ပတ်နေသော လျှပ်ထုတ်ဒိုင်နမိုက ဘက်ထရီဆီသို့ လျှပ်စစ်ဓာတ်အားကို ပြန်လည်ဖြည့်သွင်းပေးသည်။

ဘက်ထရီက မော်တော်ကားတစ်စီးလုံးရှိ လျှပ်စစ်ပစ္စည်းကိရိယာများဆီသို့ လျှပ်စစ်ဓာတ်အားကို ခွဲဝေပို့ဆောင်ရာ၌ လျှပ်စီးပတ်လမ်းတစ်လျှောက်တွင် လျှပ်စစ်ဆက်သွယ်မှုပစ္စည်းများကို အသုံးပြုရသည်။ ဝိုင်ယာကြိုးများ၊ ဆော့ကက်(Socket)များ၊ ရီလေး(Relay)များ၊ ဖျူ့စ်(Fuse)နှင့် ဖျူ့စ်ခုံ(Fuse Panel)များ၊ ခလုတ်များ၊ ထိဆက်ပစ္စည်း(Contactor)များ စသည်တို့သည် မော်တော်ကားတစ်စီး၏ လျှပ်စစ်ဆက်သွယ်မှုစနစ်အတွက် မပါလျှင်မပြီးသော အထောက်အကူပြုပစ္စည်းများဖြစ်ကြသည်။



မော်တော်ကားလျှပ်စစ်ဆက်သွယ်မှုစနစ်၏ လျှပ်စီးပတ်လမ်းတစ်လျှောက်တွင် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသော အမှားအယွင်းတစ်စုံတစ်ရာကြောင့် လျှပ်စစ်ပစ္စည်းကိရိယာများပျက်စီးရခြင်းမှ ကာကွယ်ရန် ဖျူ့စ်များကို လျှပ်စီးပတ်လမ်းကြောင်း၏ လမ်းခွဲများအလိုက် တပ်ဆင်ပေးထားရသည်။ လျှပ်စီးပတ်လမ်းတစ်ခုအတွင်း တစ်စုံတစ်ရာသောအမှားအယွင်း ဖြစ်ပေါ်သည့်အခါ လျှပ်စီးပတ်လမ်းတိုသွားခြင်း (Short Circuit)ကြောင့် လျှပ်စစ်ပစ္စည်းနှင့် ဆက်သွယ်မှုပစ္စည်းများ ချွတ်ယွင်းပျက်စီးကြရသည်။

ထိုကဲ့သို့ လျှပ်စီးပတ်လမ်းတိုသွားသည့်ဖြစ်ရပ်ကို အရပ်အခေါ်အားဖြင့် ရှော့ခ်ဖြစ်သည်ဟု သုံးနှုန်းလေ့ရှိကြသည်။ ရှော့ခ်ဖြစ်သည်ဟု ပြောဆိုသုံးနှုန်းနေကြရာ၌လည်း Short Circuit ဟူသော အင်္ဂလိပ်ဝေါဟာရ၏နေရာတွင် Shock ဟု မှားယွင်းစွာ ယူဆလေ့ရှိနေကြသည်။ လျှပ်စီးပတ်လမ်းတိုသွားသည့်ဖြစ်ရပ်နှင့် Shock ဟူသောဝေါဟာရတို့ မည်သို့မျှ သက်ဆိုင်ခြင်းမရှိသည်ကို သတိပြုသင့်ကြသည်။

မော်တော်ယာဉ်အင်ဂျင်နီယာများသည် မော်တော်ကား မော်ဒယ်သစ်တစ်မျိုး ထုတ်လုပ်နိုင်ရေးအတွက် အန္တရာယ်ကင်းပြီး လုံခြုံစိတ်ချရသော လျှပ်စစ်ဆက်သွယ်မှုစနစ်ကို ရွေးချယ်သတ်မှတ်ကြရာတွင် ကား၌တပ်ဆင်သုံးစွဲမည့် လျှပ်စစ်ဆိုင်ရာ စက်ပစ္စည်းကိရိယာတစ်ခုချင်းစီ၏ နည်းပညာဆိုင်ရာ အသေးစိတ် အချက်အလက် (Technical Specifications)များအပေါ် အခြေခံကာ စေ့စေ့ငုငုသေချာစွာ တွက်ချက်ကြရသည်။ ထွက်ရှိလာသောရလဒ်များအရ လျှပ်စစ်ဆက်သွယ်မှုစနစ်ကို ကား၌ လက်တွေ့တပ်ဆင်အသုံးမပြုမီ စမ်းသပ်ခန်းများ၌ ဝန်အားစမ်းသပ်ချက်(Load Test) များကို အကြိမ်ကြိမ် လုပ်ဆောင်ကြရသည်။ ဤသို့အားဖြင့် အန္တရာယ် ကင်းပြီး လုံခြုံစိတ်ချရသော လျှပ်စစ်ဆက်သွယ်မှုစနစ်တစ်ခုကို ထုတ်လုပ်မည့် မော်တော်ကားမော်ဒယ်သစ်၌ လက်တွေ့ကျကျ အောင်အောင်မြင်မြင် တပ်ဆင်ပေးနိုင်ကြမည်ဖြစ်သည်။

**လျှပ်စစ်ပစ္စည်းများ**

ခေတ်သစ်မော်တော်ကားတစ်စီးတွင် လျှပ်စစ်သုံးပစ္စည်းများ အမျိုးအပြား ပါဝင်ဖွဲ့စည်းထားလျက်ရှိသည်။ မော်တော်ကား ခေတ်ဦးကာလများက ကားတစ်စီးတွင် ရှေ့မီးကြီးနှင့် မီးသေး၊ နောက်မီးနှင့် ဟွန်းစသည့် အစိတ်အပိုင်းအနည်းငယ်လောက်ကသာလျှင် လျှပ်စစ်ဓာတ်အားကိုရယူပြီး အလုပ်လုပ်ဆောင်ခဲ့ကြသည်။ စက်နှိုးမော်တာကို မတီထွင်နိုင်သေးသည့် ထိုစဉ်ကာလများက လက်လှည့်ဂေါက်တံဖြင့်သာ မော်တော်ကားအင်ဂျင်ကို နှိုးခဲ့ကြရသလို ရှေ့လေကာမှန်ပေါ်ရှိ ရေသုတ်တံများကလည်း လေစုပ်အားဖြင့်သာ လည်ပတ်ခဲ့ကြရသည်။ ထို့ပြင် ထိုစဉ်ကာလများက မော်တော်ကား၌အသုံးပြုခဲ့သော လျှပ်စစ်ကလည်း 6 Volt D.C လျှပ်စစ်စနစ်သာ ဖြစ်ခဲ့သည်။

၁၉၆၀ ပြည့်လွန် နှစ်ကာလများသို့ ရောက်ရှိလာသည့်အခါမှသာ မော်တော်ကားသုံးလျှပ်စစ်မှာ 12 Volt D.C သို့ စတင်ပြောင်းလဲခဲ့သည်။ သို့ရာတွင် အချို့သော မော်တော်ကားကုမ္ပဏီများက 6 Volt D.C လျှပ်စစ်သုံး မော်တော်ကားများကို ၁၉၇၀ ပြည့်လွန်နှစ်ကာလများထိတိုင် ဆက်လက်ထုတ်လုပ်ခဲ့ကြသည်။

မော်တော်ကားကို စတင်တီထွင်ခါစအချိန်က Mechanical နည်းပညာသက်သက်ဖြင့်သာ ထုတ်လုပ်ခဲ့ကြခြင်းဖြစ်သည်။ များမကြာမီကာလအတွင်းမှာပင် မော်တော်ကားထုတ်လုပ်မှုလုပ်ငန်း၌ Electrical နည်းပညာများ ပါဝင်လာခဲ့သည်။ ထိုမှတစ်ဆင့် အီလက်ထရောနစ်နည်းပညာများကပါ ဝင်ရောက်နေရာယူခဲ့ကြပြီး မျက်မှောက်ကာလ၌မူ မော်တော်ကား၏ အဓိကကျသော Mechanical ဆိုင်ရာ လှုပ်ရှားလည်ပတ်မှုများကို ကွန်ပျူတာနည်းပညာနှင့် အီလက်ထရွန်နစ်နည်းပညာများက ထိန်းချုပ်စေစားနေသည့် အဆင့်သို့ပင် ရောက်ရှိနေပြီဖြစ်သည်။

သို့ဖြစ်၍ ခေတ်သစ်မော်တော်ကားများကို ထုတ်လုပ်ရာတွင် လျှပ်စစ်သုံးပစ္စည်းများကို ရွေးချယ်သတ်မှတ် အတည်ပြုသည့် လုပ်ငန်းစဉ်က ရှေ့တန်းသို့ရောက်ရှိလာခဲ့သည်။ မော်တော်ကားသုံး လျှပ်စစ်ပစ္စည်းများအနက် အလင်းရောင်ထုတ်လွှတ်ပေးသည့် Head Lamp နှင့် Tail Lamp များသည်လည်း ခေတ်ကာလနှင့်အညီ ပြောင်းလဲလာခဲ့သည်။

မော်တော်ကား ရှေ့မီးကြီး၏ဒီဇိုင်း၊ အတွင်း၌ ထည့်သွင်းတပ်ဆင်မည့် မီးလုံး၏ စွမ်းအား၊ နောက်မီး၏ ပုံစံနှင့် အရွယ်အစား၊ အတွင်းမီးလုံး၏စွမ်းအား၊ အချက်ပြမီး၏ ပုံစံနှင့် အရွယ်အစား စသည်တို့ကို အသစ်ထပ်မံထုတ်လုပ်မည့် မော်တော်ကားပုံစံနှင့် လိုက်လျောညီထွေဖြစ်အောင် ပုံစံရေးဆွဲကြရသည်။

အထူးသဖြင့် မော်တော်ကားတစ်စီး၏ရုပ်သွင်သည် ရှေ့မီးကြီး(Head Lamp)၏ ပုံစံဒီဇိုင်းအပေါ်၌ ရာခိုင်နှုန်းအများစု တည်မှီနေသည်ဖြစ်၍ ရှေ့မီးကြီးကို ပုံစံရေးဆွဲရာ၌ အထူးပင်အလေးအနက်ထားကာ စဉ်းစားသုံးသပ် လုပ်ဆောင်ကြရသည်။ ထို့အတူပင် မော်တော်ကားတစ်စီး၏ ကျော့ရှင်းလှပမှုကလည်း Tail Lamp ခေါ် နောက်မီး၏ ပုံစံဒီဇိုင်းအပေါ် မူတည်နေသည်ဖြစ်ရာ မော်ဒယ်သစ်ကားတစ်စီး ထုတ်လုပ်ရေးအတွက် နောက်မီး၏ ပုံစံသွက်လက်မှုအတွက်ကိုလည်း စနစ်တကျ ရွေးချယ်သတ်မှတ်ကြရသည်။

မော်တော်ကားတစ်စီး ဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် ဟွန်း(Horn)ကလည်း အရေးကြီးသော လျှပ်စစ်ပစ္စည်း အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ယခင်က မော်တော်ကားတစ်စီးအတွက် ဟွန်းတစ်လုံးတည်းကိုသာ သုံးစွဲခဲ့ကြသော်လည်း နောက်ပိုင်းတွင်မူ အန္တရာယ်ဖြစ်ပွားနိုင်မှုကို ကြိုတင်တားဆီးကာကွယ်ရာ၌ ထိရောက်သော အချက်ပေးစနစ်တစ်ခုဖြစ်စေရေးအတွက် နှစ်လုံးတွဲဟွန်းများကို တပ်ဆင်သုံးစွဲခဲ့ကြသည်။

အရပ်အခေါ်အားဖြင့် အဖိုဟွန်းနှင့် အမဟွန်းဟု ခေါ်ဆိုသုံးနှုန်းနေကြသော Low Frequency Noise နှင့် High Frequency Noise တို့ကို ထုတ်ပေးသည့် စုံတွဲဟွန်းများသည် ယနေ့ခေတ် မြန်နှုန်းမြင့်မော်တော်ကားများအတွက် ကောင်းစွာ ထိရောက်မှုရှိခဲ့သည်။ အနောက်ဥရောပရှိ အချို့သော မော်တော်ကားကုမ္ပဏီများကမူ ကားကို မြို့တွင်းမောင်းနှင်စဉ်နှင့် မြို့ပြင် အဝေးပြေးလမ်းမကြီးများပေါ် မောင်းနှင်နေစဉ်တို့၌ မတူကွဲပြားသည့်အသံများကို ထုတ်ပေးနိုင်စွမ်းရှိသည့် စုံတွဲဟွန်းများကိုပင် တီထွင်တပ်ဆင်ပေးလျက် ရှိနေကြသည်။

**မော်တော်ကားတစ်စီး ဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် ဟွန်း(Horn)ကလည်း အရေးကြီးသော လျှပ်စစ်ပစ္စည်း အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ယခင်က မော်တော်ကားတစ်စီးအတွက် ဟွန်းတစ်လုံးတည်းကိုသာ သုံးစွဲခဲ့ကြသော်လည်း နောက်ပိုင်းတွင်မူ အန္တရာယ်ဖြစ်ပွားနိုင်မှုကို ကြိုတင်တားဆီးကာကွယ်ရာ၌ ထိရောက်သော အချက်ပေးစနစ်တစ်ခု ဖြစ်စေရေးအတွက် နှစ်လုံးတွဲဟွန်းများကို တပ်ဆင်သုံးစွဲခဲ့ကြသည်။ အရပ်အခေါ်အားဖြင့် အဖိုဟွန်းနှင့် အမဟွန်းဟု ခေါ်ဆိုသုံးနှုန်းနေကြသော စုံတွဲ ဟွန်းများသည် ယနေ့ခေတ် မြန်နှုန်းမြင့်မော်တော်ကားများအတွက် ကောင်းစွာ ထိရောက်မှု ရှိခဲ့သည်**

မော်တော်ကားသုံး လျှပ်စစ်ပစ္စည်းများအနက် ရှေ့လေကာမှန်နှင့် နောက်လေကာမှန်ကြီးများအတွက် တပ်ဆင်ထားသည့် ရေသုတ်တံ(Wiper)များကို ရွေ့လျားအောင်လုပ်ဆောင်ပေးသော မော်တာများသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ မိုးရွာသွန်းသည့်အခါ သို့တည်းမဟုတ် ဆီးနှင်းများ ကျဆင်းသည့်အခါ လေကာမှန်များ မှုန်ဝါးနေခြင်းမရှိစေရန်အတွက် လုပ်ဆောင်ပေးသည့် ရေသုတ်တံများ၏ ဘယ်ညာယိမ်းသည့်လှုပ်ရှားမှုကို အာရုံခံစနစ်များဖြင့် တွဲဖက်လိုက်သည့်အခါ မိုးရွာခြင်း၊ မရွာခြင်းနှင့် ဆီးနှင်းကျခြင်း၊ မကျခြင်းများကိုပါ အာရုံခံသိရှိပြီး အလိုအလျောက် လှုပ်ရှားလုပ်ဆောင်ပေးနိုင်သည့် ရေသုတ်တံများအဖြစ် နောက်ဆုံးပေါ် မော်တော်ကားများ၏ လေကာမှန်များပေါ်၌ ပိုင်ပိုင်နိုင်နိုင် နေရာယူထားကြပြီဖြစ်သည်။

ထို့ပြင် မိုးစက်မိုးပေါက် သို့မဟုတ် ဆီးနှင်း အစက်အပြောက်မျှသာ ကျဆင်းနေချိန်မျိုးအတွက် Intermittent Movement ခေါ် ရပ်နားရွေ့လျားမှုကို လုပ်ဆောင်ပေးနေစဉ်အတွင်းမှာပင် ကားကို ရုတ်တရက်အရှိန်မြှင့်လိုက်ခြင်းကြောင့် တစ်နာရီလျှင် ကီလိုမီတာရှစ်ဆယ်နှုန်းနှင့်အထက်သို့ ရောက်ရှိသွားပါက ရပ်နားရွေ့လျားပုံစံမှ မရပ်မနား တစ်ဆက်တည်းလုပ်ဆောင်ပေးသောပုံစံသို့ အလိုအလျောက် ပြောင်းလဲသွားသည့် ရေသုတ်တံများကိုလည်း ခေတ်သစ်မော်တော်ကားများ၌ တပ်ဆင်ထုတ်လုပ်ပေးနေပြီဖြစ်သည်။

ယနေ့ခေတ်ပေါ် မော်ဒယ်မြင့်ကားများ၌ ထိုင်ခုံကိုရှေ့တိုးနောက်ငင်ပြုလုပ်ခြင်း၊ ထိုင်ခုံကျောမှီကို အနေအထားပြောင်းလဲခြင်း၊ ထိုင်ခုံအနိမ့်အမြင့်ပြုလုပ်ခြင်း၊ ခေါင်းမှီ(Head Rest) ကို အနိမ့်အမြင့်ပြုလုပ်ခြင်း စသော ရွှေ့ပြောင်းလှုပ်ရှားမှုများကို ဒီစီလျှပ်စစ်သုံးမော်တာများက လုပ်ဆောင်ပေးနေပြီဖြစ်သည်။ ထိုကဲ့သို့ ထိုင်ခုံ၏အနေအထားပြောင်းလဲလိုမှုများကို ခလုတ်နှိပ်ရုံဖြင့် လွယ်လင့်တကူလုပ်ဆောင်နိုင်ရေးအတွက် မော်တော်ယာဉ်အင်ဂျင်နီယာများက တီထွင်ကြံဆပေးခဲ့ကြခြင်းဖြစ်သည်။

မော်တော်ကား မော်ဒယ်သစ်တစ်စီး ထုတ်လုပ်ရေးအတွက် ထိုင်ခုံမော်တာများကို စီမံပြုလုပ်ရာ၌ ထိုင်ခုံ၏ အရွယ်အစား၊ အလေးချိန်နှင့် ခရီးသည်၏ စံအလေးချိန် (Passenger's Standard Weight) တို့အပေါ် မူတည်ပြီး မော်တာ၏စွမ်းအား (Horsepower)နှင့် ပုံစံ(Design)တို့ကို တွက်ချက်ထုတ်လုပ်ပေးရသည်။ ထိုင်ခုံမော်တာများသည် အရွယ်အစား သေးသွယ်ကျစ်လျစ်ရန် လိုအပ်သည့် အားလျော်စွာ ထိုင်ခုံ၏ပုံစံနှင့် လိုက်လျောညီထွေဖြစ်အောင် စဉ်းစားထုတ်လုပ်ပေးကြရသည်။



ကမ္ဘာ့အအေးပိုင်းဒေသများ၌ မောင်းနှင်သုံးစွဲရန်ထုတ်လုပ်သည့် မော်တော်ကားအချို့၌ ကားတွင် မူလကတည်းက တပ်ဆင်ပါရှိသော အပူပေးစနစ်အပြင် ထိုင်ခုံကိုပူနွေးစေသည့်စနစ်ကိုပါ တီထွင်ထည့်သွင်းလာကြသည်။ မော်တော်ကားထိုင်ခုံအတွင်း၌မြှုပ်၍ ထည့်သွင်းထားသည့် အပူပေးကိရိယာဆီသို့ လျှပ်စစ်ဓာတ်စီးဝင်လာသည့်အခါ ထိုင်ခုံနှင့်တကွ ထိုင်ခုံပေါ်၌ထိုင်နေသူကိုပါ ပူနွေးစေခြင်းဖြင့် လွန်ကဲသောအအေးဒဏ်ကိုခံစားရခြင်းမှ ကာကွယ်ပေးသည့်စနစ်ဖြစ်သည်။

နောက်ဆုံးပေါ် မော်တော်ကားအချို့၌မူ ခလုတ်ဖွင့်ပြီး ထိုင်ခုံကိုပူနွေးအောင်လုပ်ပေးသော စနစ်ကိုသာမက မော်တော်ကားပြင်ပ၌ အပူချိန် အလွန်အမင်း ကျဆင်းနေသည့်အခါ ထိုင်ခုံများကို အလိုအလျောက် ပူနွေးလာအောင်လုပ်ဆောင်ပေးနိုင်သော စနစ်မျိုးကိုပါ ထည့်သွင်းတပ်ဆင် ထုတ်လုပ်ပေးနေကြပြီဖြစ်သည်။

၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ ဇိမ်ခံလူစီးကားအားလုံးနီးပါး၏ တံခါးရွက်များတွင် Power Window စနစ်နှင့် Central Lock စနစ်များကို ပြည့်ပြည့်စုံစုံ ထည့်သွင်းတပ်ဆင် ထုတ်လုပ်လာခဲ့ကြသည်။ ဒီစီလျှပ်စစ်ဓာတ်အားကိုသုံးစွဲသော အဆိုပါစနစ်များကို မော်တော်ကားအမှတ်တံဆိပ်အချို့၌ တပ်ဆင်ပေးခဲ့ကြသည်မှာ ဆယ်စုနှစ်နှင့်ချီ၍ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းကာလ ရောက်ရှိမှသာလျှင် ဇိမ်ခံလူစီးကား ရာနှုန်းပြည့်နီးပါး၌ ထိုစနစ်များက အပြည့်အစုံ ပါရှိလာခဲ့သည်။

အဆိုပါ စနစ်များအတွက်လည်း ဒီစီလျှပ်စစ်သုံးပစ္စည်းများဖြစ်ကြသည့် မော်တာအသေးစားလေးများကို မော်တော်ကား တံခါးရွက်များ၏ဒီဇိုင်းနှင့် လိုက်လျောညီထွေဖြစ်အောင် ပုံစံရေးဆွဲထုတ်လုပ်ကာ တပ်ဆင်ပေးကြရသည်။ ခေတ်သစ်မော်တော်ကားများ၏ Central Lock နှင့် Power Window စနစ်များအတွက် မော်တာအသေးစားကလေးများကို အလုံးရေသန်းနှင့်ချီ၍ပင် ထုတ်လုပ်ပေးနေရပြီဖြစ်သည်။

အချို့သော ဆလွန်းနှင့် ဝက်ဂွန်ကားများ၌ ခေါင်မိုးဧရိယာ အချို့အဝက်ကိုဖွင့်၍ မောင်းနှင်အသုံးပြုနိုင်သော Sun Roof များကို တပ်ဆင်ပေးထားလေ့ရှိကြသည်။ အဆိုပါ Sun Roof များသည်လည်း မော်တာများ၏အစွမ်းဖြင့်သာ အဖွင့်အပိတ်ပြုလုပ်ကြရသည်အတွက် လျှပ်စစ်သုံးပစ္စည်းတစ်မျိုးဖြစ်သော Sun Roof Motor များကို သီးသန့် ပုံစံရေးဆွဲ ထုတ်လုပ်ပေးကြရသည်။ နောက်ဆုံးပေါ်ကားအချို့၌ဆိုလျှင် နောက်ဖုံးတံခါးချပ်နှင့် ဘေးဆွဲတံခါးများကို မော်တာခလုတ်နှိပ်၍ အဖွင့်အပိတ်ပြုလုပ်နိုင်အောင်ပင် တီထွင်ဆန်းသစ်လာကြသည့်အတွက် အဆိုပါတံခါးများကို အဖွင့်အပိတ်ပြုလုပ်ပေးမည့် မော်တာများကိုလည်း ကားတံခါးရွက်များ၏ ဒီဇိုင်းနှင့် လိုက်လျောညီထွေဖြစ်အောင် ပုံစံရေးဆွဲထုတ်လုပ်ပေးကြရသည်။

မော်တော်ကားကို မောင်းနှင်အသုံးပြုနေရင်း တေးဂီတသံများ၊ သီချင်းနှင့် သတင်းထုတ်လွှင့်ချက်များကို နားသောတဆင်နိုင်သည့် ရေဒီယိုကလေးများကို ရှေးနှစ်ပေါင်းများစွာကတည်းကပင် မော်တော်ကားများ၌ တပ်ဆင်ထုတ်လုပ်ပေးခဲ့ကြသည်။ ယင်းနောက် နှစ်သက်ရာသီချင်းများကို သီးသန့်ဖွင့်၍ နားဆင်နိုင်သော ရေဒီယိုကက်ဆက်များကို ထည့်သွင်းတပ်ဆင်ထုတ်လုပ်ပေးခဲ့သည်။ ထိုမှတစ်ဖန် Compact Disc(CD)ခေါ် လေဆာဓာတ်ပြားဖြင့်ဖွင့်၍ နားသောတဆင်နိုင်သော စီဒီဖွင့်စက်များ၊ ရုပ်မြင်သံကြားစက် အသေးစားကလေးများ၊ ဒီဗွီဒီဖွင့်စက်များ၊ Memory Stick ဖြင့် ဖွင့်၍ရသော စက်များကိုပါ မော်တော်ကား၌ တပ်ဆင်ထုတ်လုပ်ပေးလာနိုင်ခဲ့သည်။

မျက်မှောက်ကာလ၌မူ ကားမောင်းနေရင်း Wifi ချိတ်ဆက်အသုံးပြုနိုင်သောစနစ်၊ ဂျီပီအက်စ် စနစ်များကိုပါ ထည့်သွင်းတပ်ဆင် ထုတ်လုပ်ပေးလျက်ရှိနေကြပြီဖြစ်သည်။ ထို့ပြင် ခရီးစဉ်မှတ်တမ်းကို ပြန်လည်ကြည့်ရှုနိုင်သောစနစ်နှင့် ကားဘေးပတ်ပတ်လည်ရှိ မြင်ကွင်းများကို ဓာတ်ပုံရိုက်ကူး မှတ်တမ်းတင်ထားနိုင်သော စနစ်များကိုပါ တီထွင်ကြံဆပြီး မော်တော်ကားများ၌ ထည့်သွင်းတပ်ဆင် ထုတ်လုပ်ပေးနိုင်ကြပြီဖြစ်သည်။ ။

(ဆက်လက်ဖော်ပြပါမည်)

# လူနာများအား ပိုမိုကူညီနိုင်ရန် ပထမဆုံး ပရဟိတအဖွဲ့ပိုင် အောက်ဆီဂျင်စက်ရုံ သထုံ၌ စတင်တည်ဆောက်



**သထုံ ဇွန် ၂၁**
အရေးပေါ်လူနာများအား အသက်ကယ်နိုင်ရန် အောက်ဆီဂျင်လိုအပ်ချက်မှာ တစ်လထက်တစ်လ မြင့်မားလာသောကြောင့် အောက်စီဂျင်ပိုမိုထုတ်ပေးနိုင်ရန်အတွက် ပထမဆုံး ပရဟိတအဖွဲ့ပိုင် အောက်ဆီဂျင်စက်ရုံကို သထုံမြို့၌ စတင်တည်ဆောက်ရန် ဇွန် ၁၈ ရက်က ပန္နက်တင်ခဲ့ကြောင်း သိရသည်။

အောက်ဆီဂျင်ထုတ်လုပ်သည့် စက်ရုံကို အများပြည်သူထည့်ဝင်ငွေများဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး ဒေသတွင်း၌ ပထမဆုံးသော ပရဟိတအဖွဲ့ပိုင် စက်ရုံဖြစ်ကြောင်း သထုံမြို့ အထကကျောင်းအနီး၌ ကျင်းပသည့် အောက်ဆီဂျင်စက်ရုံ ပန္နက်တင်ပွဲနှင့် အလှူငွေပေးအပ်ပွဲတွင် အနှိုင်းမဲ့မေတ္တာ သွေးနှင့်အောက်ဆီဂျင် အခမဲ့ကူညီရေးအသင်း ဥက္ကဋ္ဌ ဦးဉာဏ်ထွန်းက ပြောကြားသည်။

"သထုံခရိုင်ထဲမှာရှိတဲ့ မြို့နယ်၊ တိုက်နယ်ပြည်သူ့ဆေးရုံတွေနဲ့ ကျေးလက်ဆေးပေးခန်းတွေမှာ တစ်လထက်တစ်လ အောက်ဆီဂျင်လိုအပ်ချက်က များနေတယ်။ လက်ရှိအချိန်မှာ အပြင်ကဝယ်ပြီး လူနာတွေကို အခမဲ့ပေးတယ်။ ဒီတော့ ကုန်ကျစရိတ် များတယ်။ လစဉ်အလှူငွေတွေနဲ့ ရေရှည်ရပ်တည်ဖို့ အခက်အခဲဖြစ်လာတာကြောင့် စက်ရုံဆောက်တာပါ။ ဒါက ဘယ်မှာမှမရှိသေးတဲ့ ပရဟိတအဖွဲ့ပိုင် ပထမဆုံး အောက်ဆီဂျင်စက်ရုံလည်းဖြစ်ပါတယ်"ဟု အသင်းဥက္ကဋ္ဌက ပြောသည်။

စက်ရုံ ပန္နက်တင်ပွဲအခမ်းအနားသို့ မွန်ပြည်နယ် လူမှုရေးဝန်ကြီးဒေါက်တာထိန်လင်း၊ ပအိုဝ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး နန်းစံဝင့်ခိုင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးရွှေမြင့်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုကူညီရေး ပရဟိတအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြပြီး စက်ရုံဆောက်လုပ်မည့်နေရာတွင် တာဝန်ရှိသူများက ပန္နက်တိုင်များ စိုက်ထူကာ အလှူရှင်များက အလှူငွေ ကျပ်သိန်းပေါင်း ၆၉၀ ကျော်ကို အခမ်းအနားတွင် ပေးအပ်လှူဒါန်းခဲ့သည်။

အနှိုင်းမဲ့မေတ္တာ သွေးနှင့်အောက်ဆီဂျင် အခမဲ့ကူညီရေးအသင်းအနေဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလမှစတင်ကာ သထုံမြို့နယ်အပြင် နီးစပ်ရာမြို့နှင့် ကျေးရွာများမှ အရေးပေါ်လူနာများကို သွေးနှင့်အောက်ဆီဂျင် အခမဲ့ကူညီပေးခဲ့ရာ စတင်ချိန်မှ ယနေ့အထိ သွေးပုလင်းပေါင်း ၅၄၁၇ ပုလင်း၊ ၄၀ လီတာဆံ့ အောက်ဆီဂျင် ၃၉၆ အိုးနှင့် ၁၀ လီတာဆံ့ ၇၈၁ အိုးတို့ကို ဒေသတွင်း တိုက်နယ်ဆေးရုံများနှင့် အခြားလိုအပ်သူများ၏ နေအိမ်အရောက် အခမဲ့ ပေးဝေလှူဒါန်းနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ယခုဆောက်လုပ်မည့် ပရဟိတအဖွဲ့ပိုင် အောက်ဆီဂျင်စက်ရုံပြီးစီးပါက ထုတ်လုပ်ရရှိသည့် အောက်ဆီဂျင်များကို ဒေသတွင်းလှူဒါန်းမှုများအပြင် မွန်ပြည်နယ်အတွင်း အခြားမြို့နယ်များနှင့် ကရင်ပြည်နယ်သို့လည်း လိုအပ်သလို အခမဲ့ လှူဒါန်းပေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ အောက်ဆီဂျင်စက်ရုံမှာ ခန့်မှန်း ကျပ်သိန်း ၁၃၀၀ ကျော် ကုန်ကျမည်ဖြစ်ရာ စက်ရုံအတွက် အလှူရှင်များ လိုအပ်နေသေးကြောင်း သိရသည်။ **သက်ဦး(သထုံ)**

## သတင်းတိုများ

### သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ပညာပေးဟောပြော

ရခိုင်ပြည်နယ် အမ်းမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ဇွန် ၁၉ ရက်က ကျင်းပခဲ့ပြီး ဟောပြောပွဲတွင် ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်စိုးလင်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမိုးဝင်းထွန်းတို့က သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ သတိပြုရမည့်အချက်များ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများနှင့် သဘာဝဘေးကျရောက်ပါက ကယ်ဆယ်ရေးလုပ်ငန်းများအကြောင်းကို ဟောပြောကာ တစ်ဖက်တစ်လမ်းက လိုက်ပါဆောင်ရွက်နိုင်ရေးကိုလည်း သင်တန်းသူများကိုယ်တိုင် ပါဝင်ဆွေးနွေးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

### နယ်လှည့်ဆေးဝါးကုသပေးမှုကို လူမှုရေးဝန်ကြီး ကြည့်ရှုအားပေး

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းခတ်မြို့နယ် ပြည်သူ့ဆေးရုံ၌ ကျိုင်းတုံပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လင်းနှင့် အထူးကုဆရာဝန်ကြီးများအဖွဲ့က ဒေသခံပြည်သူများအား နယ်လှည့်ဆေးဝါးကုသမှုများ ဇွန် ၁၈ ရက်က ဆောင်ရွက်ပေးလျက်ရှိရာ အခမဲ့ ဆေးဝါးကုသပေးနေမှုကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့်အဖွဲ့က လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ နယ်လှည့်ဆေးကုအဖွဲ့အနေဖြင့် ဒေသခံမျက်စိဝေဒနာရှင်များ၊ သွားနှင့်ခံတွင်းရောဂါ ဝေဒနာရှင်များ၊ ဦးနှောက်နှင့်အာရုံကြော၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါများနှင့် အထွေထွေရောဂါဝေဒနာရှင်များအား ကုသပေးခဲ့ပြီး ဝန်ကြီးနှင့်အဖွဲ့က ဆေးဝါးကုသမှု လာရောက်ခံယူသော ပြည်သူများအား နှစ်သိမ့်အားပေးစကားများ ပြောကြားခဲ့သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မိုင်းခတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အေးချမ်းသာခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံမြို့မိမြို့ဖများနှင့် တွေ့ဆုံကာ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

### စီမံကိန်းဒုတိယနှစ် အကောင်အထည်ဖော်

ကျောက်ဖြူမြို့နယ် ကင်းမြောက်ကျေးရွာအုပ်စု ပင်လယ်နားမြစိမ်းရောင်ကျေးရွာ စီမံကိန်း ဒုတိယနှစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို မြို့နယ်၊ ကျေးလက်ဦးစီးမှူးနှင့် ဝန်ထမ်းများ ဇွန် ၁၆ ရက်က စီမံကိန်းချေးငွေဖြင့် ရာသီအလိုက်စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဈေးဆိုင်လုပ်ငန်းများ၊ တခြားကုန်ရောင်းကုန်ဝယ်လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကော်မတီဝင်များအား စီမံကိန်းနှင့်ပတ်သက်သည့် စာရင်းဇယားများကို စစ်ဆေးပြီး မြစိမ်းရောင်အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကာ အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးပွားလာကြောင်း သိရသည်။ **မောင်ကျော်ကြီး**

### ရထားပေါ်၌ကျကျန်ခဲ့သည့် ရွှေဆံညှပ်အား ပိုင်ရှင်ထံပြန်လည်ပေးအပ်

အမှတ်(၄)တပ်ခွဲ မန္တလေးရထားရဲစခန်းမှ နယ်ထိန်းရဲဒုတပ်ကြပ် သန်းလှိုင်နှင့်အဖွဲ့သည် မြန်မာ့မီးရထားမှ လက်မှတ်သိမ်း ဦးချစ်ဝင်းစိုးပါ နှစ်ဦးတို့နှင့်အတူ ဇွန် ၁၉ ရက် ည ၉ နာရီ ၁၅ မိနစ်က မန္တလေးဘူတာကြီး အမှတ်(၁)စင်္ကြံသို့ ဆိုက်ရောက်လာသော အမှတ်(၁၁)အဆန် ရန်ကုန်-မန္တလေးရထားအား တွဲလျှောက်စစ်ဆေးစဉ် ရိုးရိုးတန်းတွဲ(၇) ခုံအမှတ်(၁၅၊ ၁၆)အနီးတွင် ရွှေဆံညှပ်ဟု ယူဆရသော ဆံညှပ်တစ်ခုအား တွေ့ရှိသဖြင့် မန္တလေးရထားရဲစခန်းသို့ ယူဆောင်လာပြီး စခန်းမှူးရဲအုပ် စိုးဦး ထံ အပ်နှံထားရှိခဲ့သည်။

အဆိုပါ နယ်ထိန်းရဲဒုတပ်ကြပ် သန်းလှိုင်နှင့်အဖွဲ့သည် ပစ္စည်းပိုင်ရှင်အား မန္တလေးဘူတာကြီးအတွင်း လိုက်လံစုံစမ်းရှာဖွေနေစဉ် ဇွန် ၂၀ ရက် နံနက် ၂ နာရီတွင် မန္တလေးရထားရဲစခန်းသို့ ပစ္စည်းပိုင်ရှင်ဖြစ်သူ မသင်းယုလှိုင် မြို့သစ်(၇) ပြင်ဦးလွင်မြို့နေသူက ခင်ပွန်းဖြစ်သူ ဦးအောင်နိုင်နှင့်အတူ ရောက်ရှိလာပြီး ၎င်း၏ရွှေဆံညှပ်တစ်ခု အလေးချိန်တစ်ပဲခန့်မှာ ပျောက်ဆုံးသွားကြောင်း လာရောက်အကြောင်းကြားခဲ့သဖြင့် စခန်းမှူးရဲအုပ် စိုးဦးက ဖြစ်စဉ်အားမေးမြန်းခဲ့ပြီး မသင်းယုလှိုင်က ခိုင်လုံသောသက်သေအထောက်အထားပြသခဲ့သဖြင့် ရွှေဆံညှပ်အား ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလွယ်ကူအောင် ဆောင်ရွက်ပေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး



**မုံရွာ ဇွန် ၂၁**
အထက်မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို လွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက်ပေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မုံရွာမြို့ ဝင်းယူနတီဟိုတယ်၌ ဇွန် ၁၉ ရက်မှ ၂၁ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဝင်း၊ ချင်းပြည်နယ် ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ဝန်ကြီးများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့သည်။

"အလုပ်ရုံဆွေးနွေးပွဲက အထက်မြန်မာပြည် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ နိုင်ငံခြားနဲ့ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုတွေ မြှင့်တင်ရေးနဲ့ လွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက်ပေးရေး မူဝါဒတွေရေးဆွဲဖို့နဲ့ မဟာဗျူဟာတွေ ဖော်ထုတ်ဖို့အတွက် အသိပညာဗဟုသုတတွေနဲ့ စွမ်းဆောင်ရည်တွေ မြှင့်တင်ပေးနိုင်ဖို့ ပြုလုပ်တာဖြစ်ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲမှာ တိုင်းဒေသကြီးနဲ့ပြည်နယ်အဆင့် ရင်းနှီးမြှုပ်နှံမှုတွေကို ဆွဲဆောင်နိုင်တဲ့ ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးဖို့နဲ့ အဲဒီလိုဖန်တီးရာမှာ လက်ရှိအတားအဆီးတွေနဲ့ ပြဿနာတွေကို ဖော်ထုတ်သတ်မှတ်ပြီး ပြီးပြည့်စုံတဲ့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လွယ်ကူချောမွေ့စေဖို့ဖြစ်ပါတယ်။ ဒါ့အပြင် ရင်းနှီးမြှုပ်နှံမှုအလွန် ဝန်ဆောင်မှုတွေ၊ အခက်အခဲ အတားအဆီးနဲ့ စိန်ခေါ်မှုတွေကို ဖြေရှင်းနိုင်တဲ့ လက်တွေ့နည်းလမ်းတွေကိုဆွေးနွေးပြီး အတွေ့အကြုံ အသိပညာတွေကို ရှင်းလင်းပြောဆိုကြမှာဖြစ်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည့် ရည်ရွယ်ချက်ကို ရှင်းပြသည်။

အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဝင်း၊ ဗြိတိန်နိုင်ငံသံအမတ်ကြီး Mr.Andrew Patrick နှင့် UNESCAP အဖွဲ့ Mr.Marc Proksch တို့က အမှာစကားပြောကြားသည်။

သုံးရက်တာကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ရင်းနှီးမြှုပ်နှံမှု ကော်မတီများမှ ကိုယ်စားလှယ်များ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ်များနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြပြီး သုံးရက်အတွင်း အပိုင်းကဏ္ဍကိုးခုခွဲ၍ ဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့တွင် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား အဆုံးအဖြတ်ပေးသည့် အခြေခံသဘောတရားများနှင့် ရင်းနှီးမြှုပ်နှံသူတို့၏ ဆုံးဖြတ်ချက်ချပုံများကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုအကျိုးကျေးဇူးများ ရရှိခံစားလာစေရန်အတွက် မူဝါဒဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်များကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။

ဒုတိယနေ့တွင် ဆွေးနွေးမည့်ကဏ္ဍ ကိုးခုမှ သုံးခုဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းနှင့် ထိရောက်သော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းအတွက် မဟာဗျူဟာကို မိတ်ဆက်ချမှတ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်သည့် အကြိုအဆင့်တွင် လွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက်ပေးခြင်းနှင့် ကွင်းဆင်းလေ့လာခြင်း၊ ရင်းနှီးမြှုပ်နှံမှု ရောက်ရှိလာသည့်အခါ ရင်းနှီးမြှုပ်နှံခါစတွင် လွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက်ပေးခြင်းနှင့် တစ်နေရာတည်းတွင် အပြီးဝန်ဆောင်မှုပေးခြင်း စသည်တို့ကို ဆွေးနွေးခဲ့သည်။

ရင်းနှီးမြှုပ်နှံပြီးနောက် ရင်းနှီးမြှုပ်နှံမှုအလွန်ကာလတွင် ရင်းနှီးမြှုပ်နှံသူများအား အဆင်ပြေချောမွေ့စေရန် ကူညီဆောင်ရွက်ပေးခြင်းဆိုင်ရာ ကဏ္ဍသုံးခုကို ဇွန် ၂၁ ရက်တွင် ဆက်လက်ဆွေးနွေးခဲ့ကြောင်း သိရသည်။
**မျိုးဝင်းထွန်း(မုံရွာ)**

# ပြည်နယ်အုပ်ချုပ်ရေးမှူး သီပေါ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ



**သီပေါ ဇွန် ၂၁**
ရှမ်းပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးစိုးဇော်သည် ကျောက်မဲခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၀ ရက် နံနက် ၉ နာရီက သီပေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး ရုံးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်သူ့ဝန်ဆောင်မှုရုံး (OSS)တွင် ဝန်ဆောင်မှုပေးနေသောလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဆက်လက်တိုးတက်လာမည့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်

**သတင်းဆောင်းပါး - သန့်ဇင်(မူဆယ်)**



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရွှေလီမြို့နယ်နှင့် ရွှေလီမြစ်၏ သည်ဘက်ကမ်း မြန်မာနိုင်ငံ မူဆယ်မြို့မှ နှစ်နိုင်ငံပြည်သူများသည် တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ဝင်ထွက်ဂိတ်များမှတစ်ဆင့် နှစ်နိုင်ငံအကြား ကူးသန်းရောင်းဝယ်မှုများ ဆောင်ရွက်လျက်ရှိကြသည်။ နှစ်နိုင်ငံ ကူးသန်းရောင်းဝယ်မှုများ ဆောင်ရွက်ရာတွင် စီးပွားရေးအကျိုးအမြတ်ရရှိသည့် အခွင့်အလမ်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ရှာဖွေရာနေရာအဖြစ် အဓိကကျသောနေရာမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ဖြစ်သည်။ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သည်များ၏ သွင်းကုန်/ထုတ်ကုန် လုပ်ငန်းများကြောင့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သည် နိုင်ငံတော်အတွက် ဝင်ငွေအများဆုံးရရှိနေသည့် အရှေ့မြောက်တံခါးပေါက်တစ်ခုလည်း ဖြစ်သည်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သည် တစ်ရက်လျှင် အမေရိကန်ဒေါ်လာ ရှစ်သန်းမှ ၁၀ သန်းကြား၊ တစ်လလျှင် ဒေါ်လာ သန်း ၃၀၀ မှ ၅၀၀ ကြား၊ တစ်နှစ်လျှင် ဒေါ်လာ သန်း ၅၀၀၀ ဝန်းကျင်နီးပါးခန့် ကုန်သွယ်မှုပြုနေပြီး ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ လွယ်ဂျယ်စသော ကုန်သွယ်ရေးဇုန်များထက် ပမာဏပိုများသည်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ တစ်ရက်လျှင် ကားအစီးရေ ၁၆၀၀ ကျော် အဝင်အထွက်ရှိပြီး နှစ်နိုင်ငံ အသီးအနှံ အရောင်းအဝယ်များကို နေ့စဉ်နံနက် ၇နာရီမှ ၁၀ နာရီဝန်းကျင်အထိ ပြုလုပ်ကာ ရောင်းသူဝယ်သူများဖြင့် စည်ကား လျက်ရှိသည်။ အရောင်းအဝယ်ပြုလုပ်သည့်နေရာများမှာ အရှေ့မြောက်တံခါး သစ်သီးကုမ္ပဏီ၊ ခွာညိုသစ်သီးကုမ္ပဏီ၊ မြန်မာတံခွန် သစ်သီးကုမ္ပဏီတို့ ဖြစ်ကြပြီး အရှေ့မြောက်တံခါး သစ်သီးကုမ္ပဏီသည် အရောင်းအဝယ်ပြုလုပ်ရာ အဓိကနေရာ တစ်ခု ဖြစ်သည်။

ကုန်သွယ်ရေးဇုန်အတွင်း၌ ပွဲရုံများ၊ သိုလှောင်ရုံများ၊ ရေထွက်ပစ္စည်း အအေးခန်းစက်ရုံ၊ သစ်သီးဝလံ ကုန်စည်ဒိုင်နှင့် ပွဲရုံများ၊ ငါးရှဉ့်၊ ကဏန်းစသည့် ကုန်စည်ဒိုင်များကိုလည်း တည်ဆောက်ထားလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ကူးသန်းရောင်းဝယ်သူများအတွက် မြန်မာ-တရုတ် နယ်စပ်ဒေသတွင် ဆွဲဆောင်မှုအရှိဆုံး နေရာတစ်ခုဖြစ်သည်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သည် မြန်မာ-တရုတ်ကုန်စည်ပြပွဲများကိုလည်း တစ်နှစ်တစ်ကြိမ် အလှည့်ကျ ကျင်းပပြုလုပ်သည်။ အဆိုပါ နှစ်နိုင်ငံ ကုန်စည်ပြပွဲများကြောင့် တရုတ်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးကို ပိုမိုတိုးတက်ဖြစ်ထွန်းစေခဲ့သည်။

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် ကုန်ပစ္စည်းစစ်ဆေးရေးကွင်း ပြင်ဆင်ဆောက်လုပ်ရေးလုပ်ငန်းအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်ပြည်နယ်ခွဲ အစိုးရတို့အကြား ထောက်ပံ့ကူညီ သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲကို မေ ၂၆ ရက်က အဆိုပါ ကုန်သွယ်ရေးဇုန်ကွင်း၌ ကျင်းပခဲ့ပြီးဖြစ်သည်။

သဘောတူစာချုပ်ကို မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တာဝန်ခံ ညွှန်ကြားရေးမှူး ဦးမြင့်သူရနှင့် တရုတ်နိုင်ငံ ရွှေလီမြို့ပါတီကော်မတီ ဒုတိယအတွင်းရေးမှူးချုပ်၊ ရွှေလီမြို့တော်ဝန် မစ္စတာ ရှဲ့တဖုန်းတို့က လက်မှတ်ရေးထိုး လဲလှယ်ခဲ့ကြခြင်းဖြစ်သည်။ အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်ပြည်နယ်ခွဲ အုပ်ချုပ်ရေးမှူး မစ္စတာ ကုန်းကျင်ကျန့်က (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် ကုန်ပစ္စည်းစစ်ဆေးရေးကွင်း တည်ဆောက်ရေး၊ ထောက်ပံ့ကူညီမှုနှင့် စီမံကိန်းနှင့် စပ်လျဉ်းသည့်အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

**ကုန်သွယ်ရေးဇုန်အတွင်း၌ ပွဲရုံများ၊ သိုလှောင်ရုံများ၊ ရေထွက်ပစ္စည်း အအေးခန်းစက်ရုံ၊ သစ်သီးဝလံ ကုန်စည်ဒိုင်နှင့် ပွဲရုံများ၊ ငါးရှဉ့်၊ ကဏန်းစသည့် ကုန်စည်ဒိုင်များကိုလည်း တည်ဆောက်ထားလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ကူးသန်းရောင်းဝယ်သူများအတွက် မြန်မာ-တရုတ် နယ်စပ်ဒေသတွင် ဆွဲဆောင်မှုအရှိဆုံး နေရာတစ်ခုဖြစ်သည်။ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်သည် မြန်မာ-တရုတ်ကုန်စည်ပြပွဲများကိုလည်း တစ်နှစ်တစ်ကြိမ် အလှည့်ကျ ကျင်းပပြုလုပ်သည်။ အဆိုပါ နှစ်နိုင်ငံ ကုန်စည်ပြပွဲများကြောင့် တရုတ်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးကို ပိုမိုတိုးတက် ဖြစ်ထွန်းစေခဲ့သည်**

ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်ကို ၂၀၁၆ ခုနှစ် ဧပြီလတွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကုန်သွယ်ရေးဇုန်အဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယင်းဇုန်မဖွင့်မီက နှစ်နိုင်ငံကုန်သွယ်မှုပမာဏ ဒေါ်လာသန်း ၄၀၀ ကျော်ရှိခဲ့ရာမှ ကုန်သွယ်ရေးဇုန် ဖွင့်လှစ်ပြီး ၁၀ နှစ်အကြာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၅၃၆၂ သန်းအထိ တိုးတက်လာခဲ့ကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု၊ နှစ်နိုင်ငံ တန်းတူညီတူရှိမှုအပေါ် မူတည်ပြီး နှစ်နိုင်ငံပြည်သူများအား အကျိုးဖြစ်ထွန်းစေခဲ့ကြောင်း ပြောကြားသည်။

မြန်မာ-တရုတ်နယ်စပ်တွင် နှစ်နိုင်ငံ အထူးစီးပွားရေးဇုန်တစ်ခု တည်ဆောက်ရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တရုတ်နိုင်ငံခရီးစဉ်တွင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၇ ခုနှစ် မေ ၁၆ ရက်က ဘေဂျင်းမြို့၌ စီးပွားရေးကဏ္ဍအပါအဝင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာငါးခုကို နှစ်နိုင်ငံ ခေါင်းဆောင်များက လက်မှတ်ရေးထိုးရာ၌ နယ်စပ်စီးပွားရေးဇုန် တည်ဆောက်ရေး နားလည်မှုစာချွန်လွှာလည်း အပါအဝင် ဖြစ်သည်။

မူဆယ်ဒေသသို့ မြန်မာနိုင်ငံဒေသအသီးသီးမှ ရေကြည်ရာ မြက်နုရာ ပြောင်းရွှေ့ရောက်လာကြသူများနှင့် ရှမ်း၊ ကချင်၊ ကရင်၊ ပလောင်(တအာင်း)၊ ဗမာ စသည့် ဒေသခံတိုင်းရင်းသားတို့၏ စားဝတ်နေရေးအတွက် ဖြည့်ဆည်းပေးရာ၊ အလုပ်အကိုင် ဖန်တီးပေးရာ နေရာတစ်ခုဖြစ်ကာ မြန်မာ-တရုတ် နှစ်နိုင်ငံ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက် သဘာဝအလှတရားများဖြင့် ပြည့်စုံသော နေရာတစ်ခုလည်းဖြစ်သည့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကို ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲပြီး ဖွံ့ဖြိုးတိုးတက်လာစေရန် မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဆက်လက်မြှင့်တင်ပေးသွားနိုင်မည် ဖြစ်သည်။ ။

## မြစ်သာတံတား (ဟံသာဝတီ) ကြိုးတံတားသစ်ကြီးဆောက်လုပ်မှု ရာနှုန်းပြည့် ပြီးစီး

**ကလေး ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်း တောင်မှမြောက်သို့ ထူးခြားစွာ စီးဆင်းလျက်ရှိသည့် မြစ်သာမြစ်ပေါ်တွင် မြစ်သာမြစ်ကူးတံတား(ကလေးဝ)ကို ပထမဆုံးတံတားအဖြစ် ဆောက်လုပ်ထားပြီးနောက် မြစ်သာတံတား(ဟံသာဝတီ)ကိုလည်း ဒုတိယတံတားအဖြစ် ဆောက်လုပ်ခဲ့ရာ ယခုအခါ ဆောက်လုပ်မှုများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မြစ်သာတံတား (ဟံသာဝတီ)ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ရန်ပုံငွေ ကျပ် ၉၇၃ သန်း အကုန်အကျခံ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၂)က တာဝန်ယူကာ ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း စတင် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ တံတားကြီးသည် အရှည် ပေ ၈၀၀၊ အကျယ် ၈ ပေ၊ ခံနိုင်ဝန် ယာဉ်တစ်စီးချင်း သုံးတန်ဖြစ်ပြီး သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်တာဝါနှင့် ကြိုးထိန်းခုံ ကိုယ်ထည်၊ အပေါ်ထည်သစ်သားကြမ်းခင်း ကြိုးတံတားဖြစ်ကာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်၍ မကြာမီအချိန်တွင် ဖွင့်လှစ် အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်အတွင်း ကလေးမြို့နယ် တောင်ပိုင်း မြစ်သာမြစ်၏ တစ်ဖက်ကမ်းတွင်နေထိုင်ကြသော ကျေးရွာများသည် ယခင်က မိုးတွင်းကာလ၌ မြစ်သာမြစ်ရေကြီးရေလျှံမှုကြောင့် နှစ်စဉ်နှစ်တိုင်း လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုများနှင့်ကြုံတွေ့ကြရကာ အခက်အခဲများ ရှိခဲ့သော်လည်း ယခုအခါ မြစ်သာမြစ်ကူး မြစ်သာတံတား(ဟံသာဝတီ) ကြိုးတံတားသစ်ကြီးက ထိုအခက်အခဲများကို ကင်းဝေးသွားစေတော့မည်ဖြစ်သည်။

မြစ်သာတံတား (ဟံသာဝတီ)ကို ဆောက်လုပ်ပေးခြင်းကြောင့် ကလေးခရိုင် ကလေးမြို့နယ်အတွင်း ကျေးရွာကိုးရွာမှ လူဦးရေ ၇၀၀၀ နီးပါးနှင့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်ဘက်ရှိ ကျေးရွာလေးရွာမှ လူဦးရေ ၃၃၀၀ ကျော်တို့၏ လမ်းပန်းဆက်သွယ်ရေးကို လွယ်ကူချောမွေ့စေကာ ဒေသတွင်း ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများအတွက်လည်း များစွာ အထောက်အကူပြုလာတော့မည်ဖြစ်၍ ဒေသခံကျေးလက်နေပြည်သူများအနေဖြင့် ဝမ်းမြောက်လျက်ရှိနေကြသည်။

**ဂျူနိုင်း**



## အိုလံပစ်နေ့အထိမ်းအမှတ် အလေးမပြိုင်ပွဲ ကျင်းပ

**မြောင်းမြ ဇွန် ၂၁**

မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်မှ ကြီးမှူး၍ ၂၀၁၇ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် အသက်(၁၅)နှစ်အောက် အမျိုးသား အမျိုးသမီး အလေးမပြိုင်ပွဲကို ဇွန် ၁၈ ရက်က မြောင်းမြမြို့ အလေးမနှင့် ကာယဗလ၊ ကာယအလှ အားကစားခန်းမ၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲသို့ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ အတွင်းရေးမှူး ဦးသီဟန်နှင့် အဖွဲ့ချုပ် ဒိုင်လူကြီး ၁၄ ဦးတို့ လာရောက်ကြီးကြပ်ဆောင်ရွက်ပြီး အလေးမအားကစားကို မျိုးဆက်သစ်များ ပိုမိုစိတ်ပါဝင်စားကာ အလေးမအားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မြောင်းမြမြို့မှာ နိုင်ငံ့ဂုဏ်ဆောင် အလေးမအားကစားသမားများ ပေါ်ထွက်ခဲ့သလို မျိုးဆက်သစ် အားကစားသမားများကိုလည်း နိုင်ငံ့ဂုဏ်ဆောင်ဖြစ်အောင် လေ့ကျင့်သင်တန်းပေးလျက်ရှိသဖြင့် အိုလံပစ်နေ့ အထိမ်းအမှတ် အလေးမပြိုင်ပွဲကို မြောင်းမြမြို့၌ လာရောက်ကျင်းပခြင်းဖြစ်ကြောင်း မြောင်းမြမြို့ အလေးမနှင့် ကာယဗလ၊ ကာယအလှ လေ့ကျင့်ရေးအသင်း ဥက္ကဋ္ဌ ဦးထွန်းရွှေက ပြိုင်ပွဲနှင့်ပတ်သက်၍ ပြောကြားသည်။

အဆိုပါ ပြိုင်ပွဲသို့ ရန်ကုန်၊ ပုသိမ်၊ မကွေး၊ မြောင်းမြမြို့များမှ ပြိုင်ပွဲဝင် အမျိုးသား ၃၂ ဦး၊ အမျိုးသမီး ခြောက်ဦး တို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ၂၆ ကီလိုတန်း အမျိုးသားပြိုင်ပွဲ၊ ၃၀ ကီလိုတန်း အမျိုးသားပြိုင်ပွဲ၊ ၄၈ ကီလိုတန်း အမျိုးသားပြိုင်ပွဲ၊ ၄၈ ကီလိုတန်း အမျိုးသမီးပြိုင်ပွဲ၊ ၅၃ကီလိုတန်း အမျိုးသမီးပြိုင်ပွဲ၊ ၇၅ ကီလိုတန်း အမျိုးသမီးပြိုင်ပွဲ၊ ၅၀ ကီလိုတန်း အမျိုးသားပြိုင်ပွဲ၊ ၆၅ ကီလိုတန်း အမျိုးသားပြိုင်ပွဲ၊ ၆၂ ကီလိုတန်း အမျိုးသားပြိုင်ပွဲ၊ ၆၉ ကီလိုတန်း အမျိုးသားပြိုင်ပွဲများကို ကျင်းပခဲ့ပြီး ဆုရရှိသူများအား မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**အောင်မင်း(မြောင်းမြ)**

# ကလေးမြို့၌ တစ်လအတွင်း ယာဉ်မတော်တဆမှု ၁၁၇ မှုရှိကာ ယခင်ကထက် လျော့ကျလာခြင်းဖြစ်

**ကလေး ဇွန် ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ပေါ်၌ မေလ တစ်လတာကာလအတွင်း ယာဉ်မတော်တဆမှုနှင့် ယာဉ်တိုက်မှုပေါင်း ၁၁၇ ကြိမ်ဖြစ်ပွားခဲ့ကာ အဆိုပါနှုန်းထားမှာ စည်းကမ်းပျက်ယာဉ်များကို အရေးယူမှုပြုလုပ်နေ၍ လျော့ကျလာသော နှုန်းထားဖြစ်ကြောင်း သိရသည်။



ဦးထုပ်မဆောင်းဘဲ မောင်းနှင်နေသော ဆိုင်ကယ်များ

ကလေးမြို့ပြည်သူ့ဆေးရုံကြီး၊ ကုသရေးဦးစီးဌာန၏ ယာဉ်မတော်တဆမှု၊ ယာဉ်တိုက်မှုနှင့် သေဆုံးမှု စာရင်းမှတ်တမ်းအရ မေလအတွင်း ကလေးမြို့ပေါ်၌ ယာဉ်မတော်တဆမှု ၁၁၇ ကြိမ်၊ ကလေးခရိုင်အတွင်း အခြားမြို့များတွင် ဖြစ်ပွားပြီး ပြည်သူ့ဆေးရုံသို့ရောက်ရှိလာသည့် ယာဉ်တိုက်မှု ၂၃ ကြိမ် စုစုပေါင်း အကြိမ် ၁၄၀ ရှိခဲ့ပြီး သာမန်ထိခိုက်မှု ၁၀၃ ဦး၊ ပြင်းထန်ဒဏ်ရာရ ၃၃ ဦးရှိကာ ပြည်သူ့ဆေးရုံရောက်ပြီးသေဆုံးသူ တစ်ဦး၊ ပြင်ပတွင်သေဆုံးသူ သုံးဦးရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်မတော်တဆမှု အကြိမ် ၁၄၀ အနက် ယာဉ်တိုက်မှုနှင့် သေဆုံးဒဏ်ရာရ အမျိုးအစားများမှာ ဆိုင်ကယ်ချင်းတိုက်မှု ၆၃ ကြိမ်၊ ကားမှောက်မှု နှစ်ကြိမ်၊ ဆိုင်ကယ်နှင့် ကားတိုက်မှုလေးကြိမ်၊ ဆိုင်ကယ်နှင့် လူတိုက်မှု ၁၉ ကြိမ်၊ ဆိုင်ကယ်နှင့် ဓာတ်တိုင်တိုက်မှု တစ်ကြိမ်၊ သုံးဘီးမှောက်မှု တစ်ကြိမ်၊ စက်ဘီးလဲမှု တစ်ကြိမ်၊ ဆိုင်ကယ်နှင့် နွားလှည်းတိုက်မှု တစ်ကြိမ်၊ ကားပေါ်မှ လူပြုတ်ကျမှု တစ်ကြိမ်၊ ကားနှင့် လူတိုက်မှု သုံးကြိမ်၊ ဆိုင်ကယ်ပေါ်မှကျမှု ခုနစ်ကြိမ်၊ သုံးဘီးနှင့် လူတိုက်မှုတစ်ကြိမ်၊ သုံးဘီးနှင့် ဆိုင်ကယ် တိုက်မှု တစ်ကြိမ်၊ ဆိုင်ကယ်လဲမှု ၃၅ ကြိမ်တို့ ဖြစ်သည်။

ကလေးမြို့တွင် စည်းကမ်းပျက်ဆိုင်ကယ်များကို ရှောင်တခင် ယာဉ်စည်းကမ်းစစ်ဆေးမှုများ ပြုလုပ်ကာ နေ့စဉ် စည်းကမ်းပျက်ယာဉ်များ ဖမ်းဆီးအရေးယူမှုကို အရှိန်မြှင့်နေသဖြင့် အဆိုပါ ယာဉ်မတော်တဆမှု အရေအတွက်မှာ ယခင်လထက် ပိုမိုလျော့နည်းလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ကလေးမြို့မှာ ယာဉ်တိုက်မှုတွေ၊ ဆိုင်ကယ်တိုက်မှုတွေ မကြာခဏဖြစ်တယ်။ ပြီးခဲ့တဲ့ ဧပြီလနဲ့စာရင် တော်တော်လေး ယာဉ်တိုက်မှု သိသိသာသာ ကျဆင်းလာပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအနေနဲ့ စည်းကမ်းပျက်ဆိုင်ကယ်တွေကို အရေးယူဆောင်ရွက်တဲ့နေရာမှာ ရှောင်တခင် ယာဉ်စည်းကမ်းစစ်ဆေးမှုတွေ ပြုလုပ်နေပေမယ့် စည်းကမ်းပျက်ယာဉ်နဲ့ ဆိုင်ကယ်ဦးထုပ် လုံးဝမဆောင်းဘဲ မောင်းနှင်တဲ့သူတွေကို နေ့စဉ် အရေးယူဖမ်းဆီးရရှိမှု မြင့်တက်နေပါတယ်။ တစ်နည်းပြောရရင် ယာဉ်အစီးရေတိုးလာတာလည်း ပါသလို ပြည်သူတွေအနေနဲ့ စည်းကမ်းလိုက်နာမှု အားနည်းနေသေးတာလည်း တွေ့ရပါတယ်။ စည်းကမ်းပျက်ယာဉ်ထဲမှာ ဆိုင်ကယ်က အများစုဖြစ်နေပါတယ်။ မော်တော်ယာဉ်စည်းကမ်းနဲ့ ပတ်သက်လို့ ကားကြီးကွင်းမှာ ခရီးသည်တွေ ထိုင်ခုံခါးပတ်ပတ် စီးနင်းကြဖို့ မကြာခဏဆိုသလို ဌာနပေါင်းစုံ ပူးပေါင်းပြီး ပညာပေးကြပ်မတ်မှုတွေ ပြုလုပ်နေပါတယ်"ဟု ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကလေးမြို့ပေါ်တွင် လမ်းသွားလမ်းလာများ အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ ကလေး-ကလေးဝလမ်း ပင်လုံလမ်းမတော်ထိပ်၊ လမ်းဆုံနေရာ၊ ဘူတာရုံလမ်းခွဲနှင့် တောင်ဇီလာလမ်းခွဲတို့တွင် မီးပွိုင့်များ တပ်ဆင်ထားသော်လည်း အချို့ဆိုင်ကယ်နှင့် ကားများမှာ အချက်ပြစည်းကမ်းကို လိုက်နာခြင်းမရှိဘဲ မီးနီချိန်များတွင်လည်း ဖြတ်သန်းမောင်းနှင်နေသည့်အတွက် မကြာခဏ ယာဉ်တိုက်ခိုက်မှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။

ကလေးမြို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကော်မတီအနေဖြင့် ဒေသနေပြည်သူများ ယာဉ်တိုက်မှုအန္တရာယ် ကင်းဝေးစေရေးအတွက် ပြဋ္ဌာန်းသတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ကြရန်၊ ဆိုင်ကယ်မောင်းနှင်ရာတွင်လည်း အထူးသတိထားပြီး မောင်းနှင်ကြရန်နှင့် ယာဉ်မောင်းရာတွင် သတိပြုကြရန်တို့ကို လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် ဟောပြောပွဲများ ပြုလုပ်ခြင်းတို့ဖြင့် ပညာပေးလျက်ရှိသလို ကလေးခရိုင်နှင့် မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့ကလည်း ယာဉ်စည်းကမ်း စစ်ဆေးအရေးယူမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ချင်းတွင်းသား**

## လူမှုရေးအသင်းအဖွဲ့များသို့ အလှူငွေများ ပေးအပ်

**မန္တလေး ဇွန် ၂၁**
